**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

စတုတ္ထနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်

အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၆-၂-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကျွန်မ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး မှ ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဥပဒေကြမ်းကော်မတီ ပူးပေါင်းအစည်းအဝေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ငှင်းအတိုင်း။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံအစည်းအဝေး။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ UPTJC အစည်းအဝေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ငြိမ်းချမ်းရေးကော်မရှင်တွေ့ဆုံပွဲအစည်းအဝေး။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ငှင်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ငှင်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ငှင်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငှင်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ လယ်ယာမြေစီမံခန့်ခွဲရေး အစည်းအဝေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်း ခန့်ထားရေး၊ အလုပ်နေရာ ပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိကင်းစင်ရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က နိုင်ငံ့ဝန်ထမ်း ခန့်ထားရေး၊ အလုပ်နေရာ ပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိကင်းစင်ရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းလိုတာကတော့ နိုင်ငံ့ဝန်ထမ်းခန့်ထားရေး၊ အလုပ်နေရာ အရွှေ့အပြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိတရား ကင်းစင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်လို့ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများဟာ အုပ်ချုပ်ရေးယန္တရားမှာ အဓိကအရေးပါလှပါတယ်။ အရည်အသွေးမြင့်မားပြီး သန့်ရှင်းတဲ့အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့ဆိုရင် နိုင်ငံ့ဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ အဲဒါကြောင့် နိုင်ငံ့ဝန်ထမ်းများကို စတင်ခန့်ထားတာကစလို့ နေရာအရွှေ့အပြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စများအထိ အဂတိတရားကင်းစင်ရန် အလွန်ပဲအရေးကြီးလှပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ခန့်ထားပိုင်ခွင့်ရှိသူများ၊ လုပ်ပိုင်ခွင့်ရှိသူများကို ပေးနိုင်ကမ်းနိုင်မှ အဆက်အသွယ်ရှိမှ ဆွေမျိုးတော်စပ်မှ နိုင်ငံ့ဝန်ထမ်း လုပ်နိုင်တယ်၊ အရွှေ့အပြောင်း၊ ရာထူးတိုးအဆင်ပြေနိုင်တယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းလုပ်တဲ့ နိုင်ငံသား၊ နိုင်ငံ့ဝန်ထမ်းများ စိတ်ချမ်းသာနိုင်မှာမဟုတ်ပါဘူး။ ထက်မြက်တဲ့ စွမ်းဆောင်ရည်ရှိတဲ့သူများ အခွင့်အရေးရနိုင်မှာလည်းမဟုတ်ပါဘူး။ လူမှန်နေရာမှန်လည်း မဖြစ်နိုင်ပါဘူး။ အဲလိုဆိုရင် ပြည်သူလူထုကိုလည်း ကောင်းမွန်စွာ အလုပ်အကျွေး မပြုနိုင်သလို နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်း အဟန့်အတားဖြစ်နေမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းလုပ်လိုရင် မိမိကိုယ်တိုင်သာ အရည်အချင်းရှိရန် လိုအပ်ကြောင်း၊ အလုပ်နေရာ အပြောင်းအရွှေ့ဖြစ်ဖြစ်၊ ရာထူးတိုးမြှင့်လိုရင်ဖြစ်ဖြစ် ဘယ်သူ့ကိုမှ လာဘ်ပေးရန်မလို၊ အထက်လူကြီးကိုလည်း မျက်နှာချိုသွေးရန်မလို၊ မိမိစွမ်းဆောင်ရည်ကသာ အဓိကကျတယ်။ မိမိတို့ရဲ့ အရည်အသွေးကို အမြဲတမ်း တောက်ပြောင်ထက်မြက်နေအောင် ယုံယုံကြည်ကြည် ကြိုးစားနေရန်သာ လိုအပ်တယ် လို့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့စိတ်ထဲမှာ စွဲမှတ်နေဖို့ လိုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံသူ၊ နိုင်ငံသားတစ်ယောက် အလုပ်စတင်ဝင်ရောက်ချိန်မှာ အဂတိမကင်းမှုနဲ့ ကြုံတွေ့ရမယ်ဆိုရင် ကိုယ့်ကိုကိုယ်ယုံကြည်မှု၊ မိမိဌာန အကြီးအကဲက လေးစားမှု၊ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအပေါ် သစ္စာရှိမှု၊ ချစ်ခင်မှုများ ပြည်သူကို ရိုသေ ကျိုးနွံမှုများ ပျောက်ဆုံးကာ စိတ်ဓာတ်ရေးရာ ပျက်ပြားမှုများ၊ ကျဆင်းမှုများနဲ့ ရင်ဆိုင်ဖြတ်သန်းကြရ မှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများအပေါ်မှာ ဖိစီးနေတဲ့ အဂတိလိုက်စားမှုတွေကို ဖယ်ရှားပေးနိုင်မှ သာ ပြည်သူအပေါ်ဖိစီးနိုင်တဲ့ အဂတိလိုက်စားမှုတွေကိုလည်း ဖယ်ရှားပေးနိုင်မယ်လို့ ယုံကြည် ယူဆ ပါတယ်။ နိုင်ငံသားတစ်ဦး စိတ်ဓာတ်ပျက်ပြားလို့ အနာဂတ်ပျောက်လျှင် ထက်မြက်တဲ့စွမ်းဆောင်ရည် လည်း ရှိနိုင်တော့မှာမဟုတ်ပါဘူး။ အဲဒီလို နိုင်ငံဝန်ထမ်းများနဲ့ဖွဲ့စည်းထားတဲ့ အစိုးရယန္တရားကြီးဟာ လည်း နိုင်ငံအတွက် ကောင်းနိုင်မှာမဟုတ်ပါဘူး။ ကောင်းမွန်ထက်မြက်တဲ့ အစိုးရယန္တရားဖြစ်ဖို့ နိုင်ငံ့ ဝန်ထမ်းများ အလုပ်စတင်ဝင်ရောက်ချိန်ကနေစပြီးတော့ အလုပ်နေရာ အပြောင်းအရွှေ့၊ ရာထူးတိုး ကိစ္စများဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်ဆောင်ရွက်ရန် အရေးကြီး ပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ နိုင်ငံ့ဝန်ထမ်း နေရာခန့်ထားရေး၊ အလုပ်နေရာရွှေ့ပြောင်းရေး၊ ရာထူးတိုးကိစ္စများမှာ အဂတိတရားကင်းစင်ရေး အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို ပြည်သူလူထုကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါ တယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာဝင်းသိန်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ မှ နိုင်ငံ့ဝန်ထမ်း ခန့်ထား ရေး၊ အလုပ်နေရာ အရွှေ့အပြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိကင်းစင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း လာသည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့် ထားခြင်း၊ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန်

အလို့ငှာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် ၈-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ(က) အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၄) ဖြင့် ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)ဖြင့် ၉-၁၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာ လစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုကြောင်း အဆိုပြုလာမှုအပေါ် ကြော်ငြာခေါ်ယူပေးခြင်း၊ ရေးဖြေ စာမေးပွဲကျင်းပစစ်ဆေးခြင်း၊ စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ အဆင့်ဆင့် ဆောင်ရွက်ပြီးနောက် အဆိုပြုသည့် အရေအတွက်အတိုင်း ရွေးချယ်ပေးခြင်းလုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိတွင် နိုင်ငံတော်အစိုးရသစ်လက်ထက်၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အရာထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ရာ၌ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံတော်အတွက် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများရရှိစေရန် ရည်ရွယ်၍ ရေးဖြေစာမေးပွဲစစ်ဆေးရာ၌ ပြည်သူ့ဝန်အား တာဝန်ထမ်းဆောင်လိုခြင်း အရင်းခံအကြောင်း (Motivation) ကို ဖော်ထုတ်ပြသနိုင်မည့် မေးခွန်းပုံစံဖြင့် ပြောင်းလဲခဲ့သည့်အပြင် ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ ဟူသည့် စိတ်ဓာတ်မျိုးထားရှိနိုင်ရေးအတွက် ထိရောက်စွာ လေ့ကျင့်ပေးနိုင်ရန်ရည်ရွယ်၍ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ၂-၁-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းအရာရှိလောင်းများအား ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁)မှစ၍ လေ့ကျင့်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ အမှုထမ်းအဆင့် စတင်ခန့် ရာထူးများ ခန့်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များကို ရွေးချယ်ခန့်အပ် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်စေရန် ခန့်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် တိတိကျကျသတ်မှတ်ပြဋ္ဌာန်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးများသို့ လုပ်ပိုင်ခွင့်များ အပ်နှင်းထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်နေရာ အရွှေ့အပြောင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုသည့် ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၈ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃ မှ နည်းဥပဒေ ၂၅ ထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ထောက်ခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပေးလျက်ရှိပါတယ်။ အမှုထမ်းများ ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စု

အစိုးရအဖွဲ့ရုံးမှ ၁၇-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၉/၁၅၃-ဌာနကူးပြောင်း/ အဖရ (၂၀၁၃)ဖြင့် ညွှန်ကြားထားသည်နှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ နှစ်ဖက်ဌာန အဖွဲ့အစည်းတို့၏ အပြန်အလှန်သဘောတူညီမှု၊ နေရာလစ်လပ်မှု ရှိ/မရှိ၊ ကာယကံရှင်၏ဆန္ဒပြုလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်၊ ပြစ်မှုကင်းရှင်းမှု ရှိ/မရှိ စသည့် အချက်အလက်တို့ကိုပြည့်စုံစွာဖော်ပြလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနတွင်း ပြောင်းရွှေ့ခြင်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝများမှာ တူညီမှုမရှိကြပါသဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းကြီးမှူး၊ ဝန်ထမ်းအဖွဲ့အစည်းကြီးမှူးတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရာထူးတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပုဒ်မ ၂၃ မှ ပုဒ်မ ၃၀ အထိလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိလည်းကောင်း တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များအရ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက်သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့်ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည့်အပြင် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာအရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အထက်ဖော်ပြပါ နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်း၊ အလုပ်နေရာရွှေ့ပြောင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိစ္စများလုပ်ဆောင်ရာတွင် အဂတိကင်းစင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများအား ဆက်လက်တင်ပြလိုပါတယ်။ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားခြင်းနဲ့စပ်လျဉ်း၍ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှလည်းကောင်း၊ အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ခန့်အပ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ထိုသို့ ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်မဟုတ်ဘဲ အဖွဲ့နှင့်ဆောင်ရွက်ရန် ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ သင့်လျော်သည့်ပုဂ္ဂိုလ်များပါဝင်သော ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး အဆိုပါအဖွဲ့မှ ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် လိုအပ်ပါက ကျွမ်းကျင်မှု စစ်ဆေးခြင်းတို့ကိုပါ ပြုလုပ်၍ စစ်ဆေးအကဲဖြတ်ပြီးမှ တန်းစီဇယား ရေးဆွဲရမည်ဖြစ်ကြောင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၁၈ မှ နည်းဥပဒေ ၂၂ အထိ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ရာထူးတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍လည်း တစ်ဦးတစ်ယောက်တည်း၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်မဟုတ်ဘဲ အရည်အချင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၇ တို့တွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်သကဲ့သို့ အလုပ်နေရာ အရွှေ့အပြောင်းနှင့် စပ်လျဉ်း၍လည်း ဌာနတွင်းပြောင်းရွှေ့ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီ၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ရခြင်းဖြစ်ပါ၍ အမှားအယွင်းမဖြစ်စေရန် ထိန်းကျောင်းထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့်တာဝန်များကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ တွင်လည်း ကောင်း၊ လုပ်ငန်းခွင်အတွင်းပြုမူဆက်ဆံမှု စည်းကမ်းဆိုင်ရာ ပြစ်မှုများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃ တွင်လည်းကောင်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဆိုပါ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဍ)အရ ဝန်ထမ်းသည် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ် ရမည့်တာဝန်ကို လိုက်နာရန်ပျက်ကွက်ခြင်း၊ နည်းဥပဒေ ၁၆၃၊ နည်းဥပဒေခွဲ(ဌ)အရ လာဘ်ပေး လာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်းနှင့် နည်းဥပဒေခွဲ(ဍ) အရ တာဝန်အရဆောင်ရွက်ရန်ရှိသည့် အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း တို့ကို ပြုလုပ်ပါက ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်၍ အဆိုပါဝန်ထမ်းအား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ရှေးဦးစုံစမ်းခြင်း၊ ဌာနဆိုင်ရာစစ်ဆေးခြင်းတို့ကို ပြုလုပ်ပြီး ပြစ်မှုအတိမ်အနက်ပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ ပါ ပြစ်ဒဏ်များအနက် ပြစ်ဒဏ်တစ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ် တစ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၈ တွင် ဝန်ထမ်း၏ ပြုလုပ်မှု၊ ဝန်ထမ်းကျင့်ဝတ်ပျက်ကွက်မှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှု တစ်ခုခုနှင့် စပ်လျဉ်း၍ အရေးယူရန်ရှိပါက ဥပဒေကြောင်းအရ အရေးယူရမည့် အမှုကိစ္စဖြစ်သည် သို့မဟုတ် ဝန်ထမ်း စည်းကမ်းထိန်းသိမ်းရေးအရ ဌာနဆိုင်ရာ အရေးယူသင့်သည့် အမှုကိစ္စဖြစ်သည် သို့မဟုတ် ဥပဒေ ကြောင်းအရ အရေးယူရမည့်အပြင် ဌာနဆိုင်ရာလည်း အရေးယူရန်တစ်ပြိုင်တည်း ပူးတွဲအရေးယူ ရန်လိုအပ်သည့် အမှုကိစ္စဖြစ်သည်ကို ရှေးဦးစွာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဥပဒေကြောင်းအရ အရေးယူ ရမည့် အမှုကိစ္စဖြစ်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်း ထားရှိချက်အရ ဝန်ထမ်း၏ ပြုလုပ်မှု၊ ကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက် မှုသည် ဥပဒေကြောင်းအရ အရေးယူရမည့် အမှုကိစ္စဖြစ်ပါက သက်ဆိုင်ရာ ဥပဒေအရ အရေးယူ နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ် အတွင်းရှိ အင်းမ -ဆင်မြီးဆွဲလမ်း(အရှည် ၁၆ မိုင် ၆ ဖာလုံ)နှင့် အင်းမ-အင်ငူလမ်း (အရှည် ၇ မိုင်)တို့အား ဖောက်လုပ်နေမှုကို တာဝန်ယူနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအောက်သို့ လွှဲပြောင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအေးချို က ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ် အတွင်းရှိ အင်းမ -ဆင်မြီးဆွဲလမ်း အရှည် (၁၆)မိုင် (၆) ဖာလုံနှင့် အင်းမ-အင်ငူလမ်း အရှည်(၇)မိုင်တို့အား ဖောက်လုပ်နေမှုကို တာဝန်ယူနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအောက်သို့ လွှဲပြောင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ အင်းမ - ဆင်မြီးဆွဲလမ်း အရှည် (၁၆)မိုင် (၆) ဖာလုံရှိပြီး သဲကုန်းမြို့နယ်မှ ရွှေတောင်၊ သဲကုန်းမြို့နယ်မှ ပြည် (၃)မြို့နယ် ဆက်သွယ်သွားလာ၍ရတဲ့ လမ်းမကြီးတစ်ခုဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ ကျေးရွာအုပ်စုပေါင်း(၈) အုပ်စု ကျေးရွာပေါင်း(၅၀)ကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းမကြီးဖြစ်ပြီး ကျေးရွာနေပြည်သူလူထု (၁၅၇၇၉)ဦးမှ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝအတွက် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေတဲ့ မှီခိုအားထားရာ အဓိကလမ်းမကြီးဖြစ်ပါတယ်။ ထို့အတူ အင်းမ-အင်ငူလမ်း အရှည်(၇) မိုင်လမ်းဟာလည်း သဲကုန်းမြို့နယ်နဲ့ နတ္တလင်းမြို့နယ်အထိ ပေါက်ရောက်တဲ့လမ်းဖြစ်ပြီးတော့ ကျေးရွာအုပ်စုပေါင်း (၃)အုပ်စု၊ ကျေးရွာပေါင်း(၁၆)ရွာကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ လမ်းဖြစ်ပြီး ကျေးရွာအုပ်စုနေ ပြည်သူလူထု (၆၇၇၉)ဦးမှ နေ့စဉ် ဖြတ်သန်းသွားလာသုံးစွဲနေရတဲ့ အဓိကလမ်းမကြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဲကုန်းမြို့နယ်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ရှိမြို့နယ်အတွင်း ကျေးလက်လမ်းပေါင်း (၅၄)လမ်း တာဝန်ယူလျက်ရှိရာ ထိုလမ်း(၂)လမ်းဟာ ရှည်လျားတဲ့ အဓိက လမ်းကြီးနှစ်ခုဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် နှစ်စဉ် လျာထားရန်ပုံငွေဘတ်ဂျက် အရ နောက်(၄)နှစ်တာကာလအတွင်း ထိုလမ်းအားလုံးကို အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ဖွယ်မရှိဘူးလို့ မြို့နယ်အဆင့် စီမံအစည်းအဝေးမှာ ဆွေးနွေးတဲ့အခါမှာ မြို့နယ်အဆင့် စီမံအစည်းအဝေး တက်ရောက်လာတဲ့ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ သဲကုန်းမြို့နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးမှ ထိုလမ်းနှစ်လမ်းကို တာဝန်ယူ ဆောင်ရွက်ပေးနိုင်ကြောင်း သူတို့တာဝန်ယူဆောင်ရွက်ခဲ့ရင် လမ်းနှစ်လမ်းအတွက် အမြန်ဆုံးပြီးစီးနိုင် ကြောင်း တင်ပြလာပါတယ်။

အဲဒီတင်ပြချက်ကြောင့် မြို့နယ်အဆင့် စီမံအစည်းအဝေးမှ ကျေးလက်ဦးစီးဌာနလက်အောက် မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနလက်အောက်သို့ လွှဲပြောင်းသင့်ကြောင်း ဆုံးဖြတ်ခဲ့ ကြပါတယ်။ အဲဒီဆုံးဖြတ်ချက်နှင့်အတူ ခရိုင်အဆင့်သို့ ဆက်လက်တင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့အဖွဲ့မှ ထိုလမ်းနှစ်လမ်းဖြတ်သန်းသွားရာ ကျေးရွာများသို့ ကွင်းဆင်းပြီးတော့ ပြည်သူ လူထုရဲ့ ဆန္ဒသဘောထားတွေကို တောင်းခံကြည့်တဲ့အခါမှာ ကျေးရွာနေ ပြည်သူလူထုအားလုံးက သူတို့လမ်း အမြန်ဆုံးပြီးမြောက်နိုင်ဖို့အတွက် ကျေးလက်ဦးစီးဌာနလက်အောက်မှ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနလက်အောက်သို့ ပြောင်းလဲပေးစေလိုကြောင်း ဆန္ဒသဘောထားများ ပေးခဲ့ ကြပါတယ်။ ထိုပြည်သူတို့ရဲ့ ဆန္ဒသဘောထားနဲ့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံကိုလည်း ဆက်လက် တင်ပြထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အင်းမ-ဆင်မြီးဆွဲလမ်း အရှည် (၁၆)မိုင် (၆)ဖာလုံနှင့် အင်းမ-အင်ငူလမ်း အရှည်(၇)မိုင်တို့ကို လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့အတွက် လက်ရှိ တာဝန်ယူထားသော ကျေးလက်ဦးစီးဌာနလက်အောက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီး လက်အောက်သို့ လွှဲပြောင်းတာဝန်ယူဖောက်လုပ်စေခြင်း ခွင့်ပြုပေးနိုင်၊ မပေးနိုင်ကို ပြည်သူများ၏ ဆန္ဒသဘောထားအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်-သရက်အုပ်-ငါးယောက်ကိုင်း-ဆန်းသစ်ပြင်-သလူ ချောင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချော လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော် - သရက်အုပ် - ငါးယောက်ကိုင်း - ဆန်းသစ်ပြင် - သလူ ချောင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချော လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော့်အနေနဲ့ ပထမဦးစွာ သာလီစွပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြီးခဲ့တဲ့အပတ်က တင်ပြဆွေးနွေးခဲ့သလို ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူများနဲ့ တွေ့ဆုံတိုင်း ကျွန်တော်တို့ကို တင်ပြတဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးထဲက ဒီနေ့ကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ သရက်အုပ်ကျေးရွာ၊ သရက်အုပ်-စံသာပြင်-သလူချောင်းကျေးရွာဟာဆိုရင် ကျေးရွာချင်းဆက်လမ်းဆိုပေမယ့် ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ အနောက်ဘက်ထွက်ပေါက်တစ်ခုဖြစ်တဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ အဲဒီလမ်းဟာ ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်ကို ဆက်သွယ်ပေးမယ့် စီမံကိန်းလမ်းတစ်လမ်းရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ အဲဒီစီမံကိန်းလမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း လမ်းအူကြောင်းရှာဖွေခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလမ်းကို ကျွန်တော်တို့ နောက်တစ်ချိန်မှာ စီမံကိန်းလမ်းအဖြစ်လည်း ဖော်ဆောင်လာနိုင်မယ့် လမ်းတစ်လမ်းဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ အဓိကဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ကျေးလက်လမ်းတွေ (၇)လမ်း၊ (၈)လမ်းလောက်ပဲရှိပါမယ်။ ဒီလမ်းတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နေတဲ့ လမ်းရှိသလို၊ အကောင်အထည်မဖော်ရသေးတဲ့ လမ်းလည်းရှိပါတယ်။ အဲဒီ(၇)လမ်း၊ (၈)လမ်းထဲမှ အခုတင်ပြမယ့်လမ်းလည်း အပါအဝင်ဖြစ်ပါတယ်။ ဒီလမ်းဟာ ကျွန်တော်တို့ ကျောက်တော်မြို့ဆိုလို့ရှိရင် သလူချောင်းကျေးရွာအထိ (၉)မိုင်လောက်ပဲ ဝေးပါတယ်။ (၉)မိုင်ထဲမှာ ကျွန်တော်တို့ အခုလက်ရှိကတော့ မြေသားလမ်း ဆောင်ရွက်ပြီး(၅)မိုင် ရှိပါတယ်။ (၄)မိုင်က ကျန်ပါသေးတယ် ဒီအထဲမှာ။ အဲဒီလမ်းပေါ်မှာ ကျေးရွာပေါင်း(၁၀)ကျော် ရှိပါတယ်။ အဲဒီ(၁၀)ကျော်မှာ ကျွန်တော်တို့ သလူချောင်းကျေးရွာနဲ့နီးတဲ့ ကျေးရွာတွေဆိုလို့ရှိရင် လမ်းကို မမြင်ဘူးတဲ့ ကျေးရွာတွေမှာ အဲဒီလမ်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့ မြို့ပေါ်နဲ့နီးတဲ့ ကျေးရွာတွေဆိုလို့ရှိရင်လည်း အဲဒီလမ်းပေါ်မှာရှိတဲ့ ကျေးရွာတွေဆိုလို့ရှိရင် မိုးရွာလာပြီဆိုတာနဲ့ အဲဒီကျေးရွာတွေက ရေမြုပ်ပြီး ပြေးပေါက်မရှိတဲ့ ကျေးရွာတွေဖြစ်နေပါတယ်။ အဆိုပါလမ်းကို ကျွန်တော်တို့ ရာသီမရွေး လမ်းအဖြစ် ဖောက်လုပ်ပေးလိုက်လို့ရှိရင် ကျန်းမာရေး၊ ပညာရေးအစ အဆင်ပြေလာနိုင်ပြီး မြို့ပေါ်ကိုလည်း လွယ်လွယ်ကူကူ သွားလာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ကျေးလက်လမ်းတွေကို

အဓိကကောင်းမွန်အောင် ဆောင်ရွက်ပေးရမယ့် အချက်တစ်ချက်ဟာ အဓိကအချက်ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ ယခု ဘဏ္ဍာနှစ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်လမ်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာငွေနည်းလွန်းသည်ဟု ထင်မြင်မိပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ် အတွက်ဆိုရင် (၁၈)မိုင်လောက်ရှိလမ်းတစ်လမ်းကို (၀.၆၁)မိုင် ကွန်ကရစ်လမ်း လျာထားတာ တွေ့ရပါတယ်။ အင်မတန်နည်းလွန်းပါတယ်။ (၁)မိုင်တောင်မပြည့်ပါဘူး။ (၁၈)မိုင်လောက်ရှိတဲ့လမ်းကို (၁)မိုင်တောင်မပြည့်ဘူးဆိုရင် အဲဒီလမ်းတစ်လမ်းကို ကျွန်တော်တို့ (၁၈)နှစ်လောက်လုပ်ရမယ့် သဘောဖြစ်နေပါတယ်။ အဲဒါကြောင့် နောင်နှစ်တွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကျေးလက်ဦးစီးဌာနကိုလည်း ဘဏ္ဍာငွေပိုမိုပေးသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ပြည်သူတွေက ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ တင်ပြချက်များကို ပြည်သူတွေရဲ့အကျိုးကို ဖော်ဆောင်ပေးတဲ့ ဒီလွှတ်တော်ကြီးမှာ ကျွန်တော်တို့က အမြဲတမ်း ဒီလိုပဲ မေးခွန်းတွေ မေးမြန်းရမယ့်၊ ကျွန်တော် ဆွေးနွေးရမယ့်အခြေအနေ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရမှာက ပြည်သူ့အစိုးရက အကောင်အထည်ဖော်ပေးရမှာပါ။ အဲဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့အစိုးရ အကောင်အထည်ဖော်နိုင်မှု ရှိ/မရှိကို မေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ်၊ သရက်အုပ်ကျေးရွာ - ငါးယောက်ကိုင်း - ဆန်းသစ်ပြင် - သလူချောင်း ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ကိုယ်တိုင် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ လမ်းပန်းဆက်သွယ်မှု လိုအပ်ချက်ကို ယခုလို မေးမြန်းပေးတဲ့အတွက်ကြောင့်လည်းပဲ ဝန်ကြီးဌာနအနေနဲ့ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့အညီ ပေါင်းစပ်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဆင်မြီးဆွဲ-အင်းမ-မှော်ဇာလမ်းဟာ စုစုပေါင်းအရှည် (၁၆)မိုင် (၆)ဖာလုံရှိပါတယ်။ လမ်းရဲ့ လက်ရှိအခြေအနေဟာ ရွာသာရွာကြီးကျေးရွာကစပြီး ကွန်ကရစ်လမ်း(၁)ဖာလုံ၊ ကတ္တရာလမ်း(၀.၆၂)ဖာလုံ၊ ကျောက်ချောလမ်း(၂)မိုင်၊ မြေနီလမ်း(၅)မိုင်၊ မြေသားလမ်း(၅.၅၆)ဖာလုံဖြစ်ပါတယ်။ အင်းမ-အင်ငူလမ်းဟာ စုစုပေါင်းအရှည် (၇)မိုင်ရှိတဲ့ မြေနီလမ်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ သဘာ၀ဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ မြေနီလမ်းပိုင်း(၀.၃)မိုင်ကို ပြုပြင်ခြင်းအတွက် ငွေကျပ်(၄.၂)သန်းနဲ့ အဆိုပါလမ်းပိုင်း(၇)မိုင်ကို ကျောက်ချောလမ်းခင်းခြင်းအတွက် ငွေကျပ်(၅၈၂.၈၆၆) သန်း၊ Box Culvert (၂)စင်းနှင့် ရေကျော်(၅)စင်း ဆောင်ရွက်ဖို့အတွက် ငွေကျပ် (၄၂.၇၅)သန်း စုစုပေါင်း ငွေကျပ်(၆၂၉.၈၁၆)သန်းဖြင့် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ရန်ကုန်-ပြည်လမ်း(၁၅၃/၅)နဲ့ (၁၅၃/၆)ကြားမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့ပိုင် အင်းမမြို့တွင်းလမ်း (၀.၉၃)ဖာလုံ ကတ္တရာလမ်းကနေတစ်ဆင့် အင်းမ-အင်ငူလမ်းကို ရောက်ရှိမှာ ဖြစ်ပါတယ်။ အင်းမ-အင်ငူလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနကို လွှဲပြောင်းပေးမယ်ဆိုလို့ရှိရင် စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်း (၀.၉၃)မိုင် အပါအဝင် စုစုပေါင်း (၇)မိုင် (၀.၉၃)ဖာလုံ လွှဲအပ်ရမှာ ဖြစ်ပါတယ်။ သဲကုန်းမြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၇၀၃)သန်းကျော်နဲ့ ကျောက်ချောလမ်း(၇)မိုင်၊ မြေနီလမ်း (၀.၅၆)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်း၊ ရေကျော်(၅)စင်းနှင့် ရေပြွန်(၄)စင်းတို့ကို လျာထား ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မူဝါဒသတ်မှတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းလက်ခံရာမှာ အနည်းဆုံး မြို့နယ်ချင်းဆက်လမ်းအဆင့်နှင့် လမ်းနယ်နိမိတ်ရရှိနိုင်တဲ့ အနည်းဆုံး ပေ(၁၀၀)ရှိရမှာ ဖြစ်ပါတယ်။ လမ်းနယ်နိမိတ် သတ်မှတ်ချက်တွင် မြေယာလျော်ကြေးကိစ္စ ရှင်းလင်းပြီးပြတ်ရမှာလည်း ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အင်းမ-ဆင်မြီးဆွဲလမ်းနှင့် အင်းမ-အင်ငူလမ်းတို့ဟာ ကျေးရွာချင်းဆက်လမ်းများဖြစ်ပြီး လမ်းနယ်နိမိတ်အကျယ်ကလည်း (၁၀၀)ပေ မရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းလက်ခံနိုင်ခြင်း မရှိပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားမှုရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆန္ဒရှိသော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့မူအရ သိမ်းသွင်းလက်ခံနိုင်ခြင်းမရှိကြောင်း ဖြေကြားထားမှု ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ သဲကုန်းမြို့နယ်၊ အင်းမ-ဆင်မြီးဆွဲလမ်းနှင့် အင်းမ-အင်ငူလမ်း အရှည်(၇)မိုင်တို့ကို လွှဲပြောင်းပေးလိုသော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မူဝါဒသတ်မှတ်ချက်နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သိမ်းသွင်းလက်ခံနိုင်ခြင်း မရှိပါကြောင်း ဖြေကြားလာမှုအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးရန် အခြေအနေ အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ကျောက်တော်- သရက်အုပ် - ငါးယောက်ကိုင်း - ဆန်းသစ်ပြင် - သလူချောင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းဟာ အရှည်(၉)မိုင် ရှိပြီး ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၆၂၈)အိမ်၊ လူဦးရေ(၃၅၃၄)ဦးတို့ရဲ့ လူမှုစီးပွားဘဝအတွက် အထောက် အကူပြုတဲ့လမ်းဖြစ်ကြောင်း သိရှိရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မြေသားလမ်း (၃)မိုင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ လမ်း(၆)မိုင်ကို မြေသားလမ်းဖောက်မယ်ဆိုရင် ငွေကျပ် (၁၅၂.၀၄)သန်း၊ ကျောက်ချောလမ်း (၉)မိုင် ခင်းမယ်ဆိုရင် ငွေကျပ် (၈၃၆.၃၇)သန်း၊ စုစုပေါင်း ငွေကျပ်သန်းပေါင်း (၉၈၈.၄၁)ကုန်ကျမှာ ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်(၄.၁၄၂) ဘီလီယံနှင့် ကွန်ကရစ်လမ်း (၃)မိုင်၊ (၃)ဖာလုံ၊ ကတ္တရာလမ်း (၁)မိုင် (၆)ဖာလုံ၊ ကျောက်ချောလမ်း (၂၁)မိုင် (၇)ဖာလုံ၊ မြေသားလမ်း (၂၄)မိုင် (၅)ဖာလုံ၊ ကွန်ကရစ်တံတား (၂၇)စင်း နှင့် ရေပြွန် (၆၆)စင်းတို့ကို ဆောင်ရွက်ပေးဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၂၀၈.၄၆)သန်းဖြင့် ကျောက်ချောလမ်း(၂)မိုင်နဲ့ ကွန်ကရစ် တံတား(၁)စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးမေးမြန်းတဲ့ ကျောက်တော် - သရက်အုပ် - ငါးယောက်ကိုင်း - ဆန်းသစ်ပြင် - သလူချောင်း ကျေးရွာ ချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားပါဝင်နိုင်ခြင်း မရှိခဲ့ သေးတဲ့အတွက် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများရဲ့ နှစ်တို၊ နှစ်ရှည်စီမံကိန်းအရ ဦးစားပေး ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး

အမှတ်(၆)မဲဆန္ဒနယ်မြေရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၀၁၅**

**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်**

၁။ အမျိုးသားလွှတ်တော် (သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ) ဥက္ကဋ္ဌ ဦးကျော်သီဟ က တင်သွင်းခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ၂၂-၉-၂၀၁၆ ရက်နေ့မှာ ပေးပို့လာပါတယ်။ ဒီ ဥပဒေနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ သက်ဆိုင်တဲ့ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ မိုးကုတ်ထာပွဲ ကျောက်ကုန်သည် ပွဲစားများအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒီကပုဂ္ဂိုလ်တွေနဲ့အတူ ပညာရှင်တို့နှင့် ၃၀-၁၁-၂၀၁၆ ရက်နေ့က ပထမအကြိမ်၊ ၈-၁၂-၂၀၁၆ ရက်နေ့က ဒုတိယတစ်ကြိမ်၊ ၁၂-၁၂-၂၀၁၆ ရက်နေ့က တတိယတစ်ကြိမ် (၃) ကြိမ် ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးပါပြီ။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ်မှာ လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မူလဥပဒေကို ၁၉၉၅ ခုနှစ်မှာ ပြဋ္ဌာန်းပါတယ်။ ပုဒ်မ (၅၄)ခု ပါဝင်ပါတယ်။ ပြင်ဆင်သည့် ဥပဒေကို ၂၀၀၃ ခုနှစ်မှာ ပြဋ္ဌာန်းပြီးတော့ ပြင်ဆင်ချက် (၉)ချက် ပါပါတယ်။ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ပြင်ဆင်ချက်(၉၄)ချက် ပါပါတယ်။ ယခု တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခဲ့ရာတွင်လည်း ပြင်ဆင်ချက် (၁၉) ချက် ပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။

(ခ) လက်ရှိအခြေအနေမှာ မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်ထားတဲ့ ဥပဒေနှစ်ရပ်ပေါင်း တည်ဆဲဥပဒေ (၃)ရပ် ရှိပါတယ်။ ယခုတတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို

ဆက်လက်ပြီး လက်ခံလိုက်လို့ရှိရင် တည်ဆဲဥပဒေ (၄)ခုအထိ ဖြစ်လာမှာ ဖြစ်ပြီးတော့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို လေ့လာသုံးသပ် ဆန်းစစ်တဲ့အခါမှာ ကျင့်သုံးခြင်းပြုတဲ့အခါမှာ ဥပဒေစာအုပ်များစွာကို တစ်ပြိုင်နက်တည်း ကိုင်တွယ်လေ့လာဆောင်ရွက်ရမည်ဖြစ်ပါတယ်။

(ဂ) ဒါကြောင့်မို့ မူလဥပဒေမှာပါရှိတဲ့ မျက်မှောက်ကာလအထိ အတည်ဖြစ်နေတဲ့ ပုဒ်မတွေ၊ ပြင်ဆင်ဥပဒေနှင့် ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေများမှာ ပါရှိတဲ့ ပြင်ဆင်ပြီး ပုဒ်မတွေ၊ နောက်တတိယအကြိမ် အခုတင်ပြခဲ့တဲ့ ဥပဒေမှာပါရှိတဲ့ အပိုဒ်များကို တစ်ဆက်တစ်စပ်တည်း ထုတ်နုတ်စုစည်းပြီးတော့ သီးခြားဥပဒေတစ်ရပ်အဖြစ် လွှတ်တော်သို့ တင်ပြလျက် မလိုအပ်တဲ့ ဥပဒေများကို ဖျက်သိမ်းသင့်တဲ့အတွက် ယခုတင်ပြထားသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြန်လည်ရုပ်သိမ်းသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အသေးစိတ်ညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အပြင် အထက်မှာတင်ပြခဲ့တဲ့ အကြောင်းပြချက်များအရ ယခုတင်သွင်းတဲ့ ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းရန်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကိုယ်စား လွှတ်တော်ကို လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၂-၂၀၁၇ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ နိုင်ငံတော်၏ သား၊ ငါး ကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည် ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသား များအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်း ကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင် ခွင့်ပြုမိန့် မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်း ထားသည့် နိုင်ငံတော်၏ သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက် များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်း များ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် အဆိုတင်သွင်းပြီး ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး ဆွေးနွေးမှာ ဖြစ်ပါတယ်။ တစ်ဦးကို (၁၀)မိနစ်စီ ဆွေးနွေးခွင့်ပေးပါမယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း စတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့တဲ့ MICA အဖွဲ့အစည်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ထိန်းချုပ်မှုအောက်မှာထားရှိပြီး မွေးမြူရေး၊ သား၊ ငါးကဏ္ဍမှာ ပုဂ္ဂလိကပိုင်းရော နိုင်ငံတော်ပိုင်းမှာပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဆိုကို ထောက်ခံ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က အဆိုမှာ MICA က လွှဲပြောင်းယူသွားတဲ့

မွေးမြူရေးနဲ့ သား၊ ငါးကဏ္ဍလုပ်ငန်းတွေဟာလည်း မူလရည်ရွယ်ချက်နဲ့ လွဲချော်သွားတဲ့ လုပ်ငန်းများစွာ လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။

အိုးအိမ်၊ တိုက်တာ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ဆိပ်ကမ်းဆောက်လုပ်မှုတွေ၊ ဆီဆိုင်တွေ၊ Shopping Mall တွေ စတဲ့လုပ်ငန်းများ ပြောင်းလဲလုပ်ဆောင်ခဲ့တာတွေ ရှိခဲ့ပါတယ်။ အဲဒီအတွက် သား၊ ငါးကဏ္ဍ မွေးမှိန်ပျောက်ကွယ်သွားခဲ့ရသလို စားနပ်ရိက္ခာဖြည့်တင်းရေး၊ အလုပ်အကိုင်အခွင့်အလမ်း စတဲ့ အခက်အခဲ လိုအပ်ချက်များစွာ ဖြစ်ပေါ်ခဲ့ရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးချည့်နဲ့အားနည်းစေသည့်အပြင် ပြည်သူ့ဘဏ္ဍာများ ပျောက်ဆုံးမှုများ ဖြစ်စေခဲ့ရပါတယ်လို့ ဖော်ပြပါရှိခဲ့ပါတယ်။ မှန်ပါတယ်ခင်ဗျား။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှာ မွေးမြူရေးကဏ္ဍဟာ အလွန်ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကဆိုရင် မွေးမြူရေးထုတ်ကုန်များ မြင့်မားစွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ JICA အစီအစဉ်ဖြင့် ထုတ်လုပ်တဲ့ (၁၀)မိုင်၊ ဝက်၊ ကြက်ဖွံ့ဖြိုးမှုစီမံကိန်း၊ ရွာသာကြီး ကြက်မွေးမြူထုတ်လုပ်ရေးစခန်း၊ ပျဉ်းမပင် မျိုးသန့်ကြက်ခြံနှင့် ဝက်နှင့် နို့စားနွားစီမံကိန်း၊ ပျဉ်းမပင် နို့ချက်စက်ရုံ တို့ဖြင့် မွေးမြူရေးထုတ်ကုန်များကို မြင့်မားစွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

စားနပ်ရိက္ခာဖူလုံရုံသာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန်ပင် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထိုအချိန်က ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ရွာသာကြီး ကြက်သတ်စက်ရုံကို တည်ဆောက်ပြီး စင်ကာပူဈေးကွက်သို့ ကြက်သားများ တင်ပို့နိုင်ရန်အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နေ့စဉ် ကြက်သားပိဿာချိန် (၁)သောင်းခန့် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့တွင်း၌လည်း မွေးမြူရေးထုတ်ကုန် အရောင်းစင်တာများ ဖွင့်လှစ်ပြီး ပြည်သူလူထုကို သား၊ ငါးများ ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါတယ်။ မွေးမြူရေးကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နိုင်ခဲ့တဲ့ကာလ ဖြစ်ခဲ့ပါတယ်။ ယခုအခါမှာတော့ မွေးမြူရေးထုတ်ကုန်များ ကျဆင်းပြီး မွေးမြူရေးဖွံ့ဖြိုးမှု၊ တိုးတက်မှု အားနည်းပျောက်ကွယ်ခဲ့ရပါပြီ။ အိမ်နီးချင်းနိုင်ငံများကိုပင် မွေးမြူရေးကဏ္ဍမှာ မယှဉ်နိုင်တော့ပါ။ ရန်ကုန်မြို့ကြီးနှင့် မန္တလေးမြို့ကြီးများသာမက နယ်စပ်မြို့များမှာ ရေခဲရိုက်အသားများ၊ ငါးများ အိမ်နီးချင်းနိုင်ငံများမှ မကြာခဏဆိုသလို မှောင်ခိုတင်သွင်းနေတာကို ကြားသိနေရပါတယ်။

MICA ရဲ့ လုပ်ဆောင်ချက်များကြောင့် မွေးမြူရေးကဏ္ဍ မွေးမှိန်ခဲ့ရသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ ဒါကြောင့် အဆိုရှင်ဖော်ပြခဲ့တဲ့ MICA အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ အစီအမံအောက်မှာ လုံးလုံးလျားလျားထားရှိပြီး နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ်ကာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ကျော့ပြန် ပြန်လည်ကြိုးစားသင့်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ချက်၌ အချက်နံပါတ်(၆)မှာ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြင့်တင်နိုင်စေရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန်ဟု ဖော်ပြပါရှိပါတယ်။ ဒ့ါအပြင် ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကောင်းမြင်မှု ရှုမြင်သုံးသပ်ထားပါတယ်။

ရှေ့လာမည့် (၃)နှစ်အတွင်း မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ တစ်နှစ်လျှင် ပျမ်းမျှ(၇.၁)ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်

ပတ်သက်လို့ တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်တဲ့ တိန်ရှောင့်ဖိန် ရဲ့ အဆိုတစ်ရပ် ရှိခဲ့ဖူးပါတယ်။ ကြောင်ဆိုတာ ဖြူချင်ဖြူမယ်၊ မဲချင်မဲမယ် အဓိကကတော့ ကြွက်ခုတ်တတ်ဖို့သာ အဓိကလိုရင်းဖြစ်တယ်လို့ အဆိုရှိခဲ့ပါတယ်။ မည်သည့်စနစ်ကိုပဲ ကျင့်သုံးပါစေ။ အဓိကတော့ စီးပွားရေးကောင်းအောင် ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်ဖို့ ဆိုလိုရင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်ရဲ့ ခန့်မှန်းတွက်ချက်မှုအတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့ ကြောင်ကြွက်ခုတ်တတ်နိုင်ဖို့ ဆိုရင်တော့ MICA ကို စာရင်းစစ်ဖျက်သိမ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းရင်း အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးရဲ့ (Myanmar International Cooperation Agency) MICA နဲ့ ပတ်သက်တဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ JICA ကိုတော့ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ လို့ လူတိုင်း သိကြပါတယ်။ MICA ခေါ်တဲ့ မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ကိုတော့ ကြားဖူးကြမယ်မထင်ပါ။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံက MICA နိုင်ငံရပ်ခြားအကူအညီပေးရေး ဆိုတာဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိပါဘူး။ ဒီ MICA ကို ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၇ ရက်မှာ တည်ထောင်ခဲ့တယ်လို့ ဆိုပါတယ်။ MICA ရဲ့ရုံးကို ကမာရွတ်မြို့နယ်၊ ဥယျာဉ်လမ်းမှာ ထားရှိတယ်လို့ သိရတယ်။ MICA မှာ မြေကွက်တွေအများကြီး ရှိတယ်။ ယခင်အစိုးရလက်ထက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ယခုအစိုးရလက်ထက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် လယ်မြေများ၊ ငါးကန်များ၊ စက်ရုံများ ပါဝင်ပြီးတော့ နိုင်ငံပိုင်ခြံမြေနဲ့ စက်ရုံဝင်း(၆၆)ခုထက်မနည်း ငှားရမ်းထားပါတယ်။ ၎င်းတို့ရဲ့တန်ဖိုးကို အစိုးရက ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်းဘဲ ဒေါ်လာသန်းရာချီပြီး ရှိပါတယ်။ ၂၀၁၂ ခုနှစ်တည်းက စတင်လုပ်ကိုင်ခဲ့ပေမယ့်လည်းပဲ ၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်နေ့ရောက်မှပဲ ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ

တရားဝင်တည်ထောင်ခဲ့ပါတယ်။ MICA ကို ဒါရိုက်တာဘုတ်အဖွဲ့က လွတ်လပ်စွာ အုပ်ချုပ်လုပ်ကိုင်တဲ့ တစ်ဝက်တစ်ပျက်နိုင်ငံပိုင် အေဂျင်စီတစ်ခုအဖြစ် ကြေညာထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် အစိုးရလက်ထက်မှာ သမ္မတရုံးဝန်ကြီး က MICA ရဲ့ ဥက္ကဋ္ဌ၊ ဒါရိုက်တာအများစုမှာ ဝန်ကြီးရုံးဝန်ထမ်းများ ဖြစ်ကြတယ်။ ဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် က MICA ဘုတ်အဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ MICA စီမံကိန်းက ဝင်ငွေနှစ်မျိုး ရတယ်။ တစ်ခုက လုပ်ငန်းအမြတ်အစွန်းဖြစ်ပြီး၊ နောက်တစ်ခု က မြေငှားရမ်းခ ဖြစ်တယ်။ မြေငှားရမ်းခကို သက်ဆိုင်ရာလုပ်ငန်းက ရယူပြီးတော့ အမြတ်အစွန်းကို သီးခြား အစိုးရငွေစာရင်းဖွင့်ပြီး အပ်နှံရတယ်လို့ ဆိုတယ်။ လစဉ် ငွေစာရင်းကို MICA ရဲ့ စာရင်းစစ်အဖွဲ့က စစ်ဆေးပြီး ပြင်ပစာရင်းစစ်များက နှစ်စဉ် ငွေစာရင်းစစ်ဆေးတယ်လို့လည်း ဆိုပြန်ပါတယ်။ ဒါပေမဲ့ MICA စီမံကိန်းမှာ မြေငှားရမ်းခ ဘယ်လောက်၊ အမြတ်အစွန်း မည်မျှ ဘယ်လောက် ရရှိခဲ့တယ် ဆိုတာကို သက်ဆိုင်ရာအစိုးရက ထုတ်ပြန်ခဲ့ခြင်း မပြုခဲ့ပါဘူး။ ပြင်ပစာရင်းစစ်များက ပုံမှန်စစ်ဆေးခဲ့ခြင်း ရှိ/မရှိ ဆိုတာကိုလည်းပဲ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိခဲ့ပါဘူး။ ပွင့်လင်းမြင်သာမှု လုံးဝမရှိတဲ့ MICA ပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ MICA ဟာ ပုဂ္ဂလိကကဏ္ဍထံ မြေငှားအလုပ်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပါတယ်။ ယခင်အစိုးရသက်တမ်း ကုန်ဆုံးချိန်မှာ ရေလုပ်ငန်းဆိုင်ရာ ကုမ္ပဏီ(၉)ခုနဲ့ အခြားစက်ရုံနဲ့ ကုမ္ပဏီ(၉)ခု တို့ကို မြေငှားထားခဲ့ပါတယ်။ MICA ရဲ့ ပထမဆုံး အဓိက စီမံကိန်းက ရန်ကုန်အနောက်ပိုင်း ဘုရင့်နောင်ဈေးနဲ့ကပ်လျက် ကြို့ကုန်းဆိပ်ကမ်းမှာ တည်ဆောက်မယ့် ငါးလုပ်ငန်းနဲ့ လေလံစီမံကိန်းဖြစ်တယ်။ ကုန်ကားရပ်နားစခန်းနဲ့ လောင်စာဆီဆိုင်များပါရှိတဲ့ ဒီဆိပ်ကမ်းကို ဇန်နဝါရီလ ၃၁ ရက်မှာ သမ္မတရုံးဝန်ကြီး နဲ့ ထိုစဉ်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး တို့က ဖွင့်လှစ်ပေးခဲ့ပါတယ်။

အာဏာလွှဲပြောင်းခါနီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ MICA အဖွဲ့ဟာ အင်းစိန်မြို့နယ် အတွင်းမှာရှိတဲ့ (၆၄.၅၄)ဧက ကျယ်ဝန်းတဲ့မြေပေါ်မှာ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ရန် Excellent Fortune Development Group ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ First Golden Dragon Construction နဲ့ သဘောတူလက်မှတ် ရေထိုးခဲ့ကြတယ်။ ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ ဒေါ်လာ(၆၂)သန်း၊ ကျပ်ငွေ(၇၅)ဘီလီယံ ကုန်ကျမယ့် စီမံကိန်းကြီး ပြီးစီးသွားရင် ဆိုင်ခန်း (၅၀၀)ကျော်၊ အအေးခန်းစက်ရုံ(၂)ခုနဲ့ ခေတ်မီ အသားလက်ကားဈေးကြီး ပေါ်ထွက်လာမယ်။ ဒီ စီမံကိန်းအတွက် ၂၀၁၅ ခုနှစ်အတွင်း တင်ဒါခေါ်ယူခဲ့တယ်လို့ ဆိုတယ်။ ဒီ တင်ဒါစာချုပ်နဲ့ပတ်သက်တဲ့ အသေးစိတ် အချက်အလက်များကိုတော့ အများပြည်သူသိရှိရန် ထုတ်ပြန်ခဲ့ခြင်း မရှိခဲ့ပါဘူး။ MICA အစီအစဉ်ကို အဝေဖန်ဆုံးအဖွဲ့ကတော့ မြန်မာ့တိရစ္ဆာန်ဆေးကုပညာအသင်းပင် ဖြစ်တယ်။ MICA စီမံကိန်းရဲ့ အငြင်းပွားဖွယ်မြေ(၆၄.၅၄)ဧကမှာ ၂၀ ရာစု အစောပိုင်းနှစ်များကတည်းက တိရစ္ဆာန်ဆေးကုသရေးနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လာခဲ့တဲ့ စုစုပေါင်း(၁၃၄.၇၃၈)ဧကရှိတဲ့ ခြံမြေကြီးရဲ့ အစိတ်အပိုင်းကို ဖဲ့ယူထားခြင်းပဲ ဖြစ်ပါတယ်။ ဒီနေရာဟာ လေဆိပ်နဲ့ နီးတယ်။ စက်မှုဇုန်များနဲ့လည်း နီးကပ်စွာရှိတဲ့အတွက် အလွန်သွားရည်ကျဖွယ်ကောင်းတဲ့ မြေကွက်များ ဖြစ်ပါတယ်။ ဝန်ကြီးဌာနမှ ထုတ်ပေးတဲ့ မြေပုံအရ မြေ(၉၄.၀၀၇)ဧကကို MICA စီမံကိန်းအတွက် အသုံးပြုတယ်။ (၈.၄၁) ဧကကို

ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှုဗဟိုဌာန ဆောက်ရန်ပေးတယ်။ ကျန် (၃၂.၃၂၁)ဧက ကိုသာ တိရစ္ဆာန်မွေးမြူရေးနဲ့ ဆေးကုသရေးဌာနအတွက် ဆက်လက်ထားရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ Frontier ရဲ့ ရရှိထားတဲ့ စာရင်းတွေအရဆိုလျှင် MICA ရဲ့ စီမံမှုနဲ့ မြေဧရိယာ(၁၈၉၉.၉၄)ဧက ထက်မနည်းကို သမ္မတဦးသိန်းစိန်အစိုးရ သက်တမ်းပြီးကာနီး ကာလအတွင်းမှာပဲ ပုဂ္ဂလိကကုမ္ပဏီ တွေထံ အငှားချထားလိုက်တာ တွေ့ရတယ်။ စာရင်းအရ ဒီမြေတွေမှာ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီ(၉)ခုရှိ တယ်။ (၁) မင်းမဟာစံ၊ (၂) ဦးစောကျော်သန်းမင်း၊ (၃) CP ၊ (၄) အောင်ဖြိုးမြတ်၊ (၅) First Golden Dragon Construction၊ (၆) Rich Farm ၊ (၇) Golden Green Grade ၊ (၈) Glory Heyday Services ၊ (၉) Win Lily Mining ကုမ္ပဏီတွေက ကာလရှည်ငှားရမ်းလုပ်ကိုင်ခွင့် ရရှိထားပါတယ်။

အခြေခံ အဆောက်အဦ အချို့ပါဝင်ဖြစ်ပြီးတဲ့ အနေအထား ငှားရမ်းခနှုန်းထားကို ဧရာဝတီ တိုင်းဒေသကြီးမှာ မြေ(၁)ဧကကို ကျပ်(၁)သိန်းနှုန်း၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်းမှာရှိတဲ့ နေရာ ကောင်းဖြစ်တဲ့ ဒညင်းကုန်း --------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်လိုက်ပါတော့။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀) ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၈ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်။ ၁၁း၂၈**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆန်းမြင့် ဆွေးနွေးသွားချက်များထဲမှာ ပုဂ္ဂိုလ်နာမည်များ လွှတ်တော်မှတ်တမ်းက

ပယ်ဖျက်ဖို့ ဆုံးဖြတ်ပါတယ်။ နောက်ဆွေးနွေးမယ့် ကိုယ်စားလှယ်များအနေနဲ့လည်း ပုဂ္ဂိုလ်နာမည်များ ထည့်သွင်းမဆွေးနွေးဖို့ အသိပေးပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအားကာမိုး တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှာ ဝန်ကြီးအစည်းအဝေး၌ တည်ထောင်တယ်လို့ ဆိုပေမယ့်လည်း ၂၀၁၂ ခုနှစ် ကတည်းက စတင် လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ MICA မှာ ယခင်အစိုးရလက်ထက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အခုအခါမှာတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပိုင် မြေတွေ၊ ငါးကန်တွေ၊ အဆောက်အဦတွေ ပါဝင်ပါတယ်။ MICA ရဲ့ ရည်ရွယ်ချက် တစ်ခုဖြစ်တဲ့ အပြည့်အဝအသုံးမချနိုင်တဲ့ ဝန်ကြီးဌာနပိုင် မြေတွေကို ပြည်တွင်း ပြည်ပကုမ္ပဏီများနဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန်ဖြစ်တယ်လို့ သိရပါတယ်။

သို့ပေမယ့်လည်း ဒီပိုင်ဆိုင်မှု ဒါရိုက်တာဘုတ်အဖွဲ့များမှာ အစိုးရအရာရှိကြီးများ၊ ပြင်ပ ပုဂ္ဂိုလ်များ ရောထွေး ပါဝင်နေပြီးတော့ နိုင်ငံတော်ပိုင်လား၊ ပုဂ္ဂလိကပိုင်လား၊ နိုင်ငံတော်နဲ့ ပုဂ္ဂလိက ဖက်စပ်ပိုင်လား ဆိုတာမျိုးတွေကို တိတိကျကျ ခွဲခြားသတ်မှတ်ထားတာမျိုးတွေ မတွေ့ရပါဘူး။ နိုင်ငံတော်ဖြစ်ရင်လည်း နိုင်ငံတော်အလျောက်၊ နိုင်ငံတော်နဲ့ ဖက်စပ်ဆိုရင်လည်း ဖက်စပ်အလျောက် သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် စာရင်းစစ်ဆေးတာ၊ အရှုံးအမြတ်ပြတာတွေ၊ နိုင်ငံတော်ကို ပေးသွင်း ရတဲ့ကိစ္စ၊ ဒီလိုပိုင်ဆိုင်မှုတွေ၊ ဒါရိုက်တာဘုတ်အဖွဲ့တွေမှာ အစိုးရအရာရှိကြီးတွေ၊ ပြင်ပပုဂ္ဂိုလ်တွေ ရောထွေးပါဝင်နေပြီးတော့ နိုင်ငံတော်ပိုင်လား၊ ဒီပုဂ္ဂလိကပိုင်လား၊ နိုင်ငံတော်နဲ့ ပုဂ္ဂလိကပိုင်ဖက်စပ်လား ဆိုတာတွေကို တိတိကျကျ ခွဲခြားသတ်မှတ်ထားတာမျိုးတွေ မတွေ့ရပါဘူး။ နိုင်ငံတော်ပိုင် ဖြစ်လျှင်လည်း နိုင်ငံတော်ပိုင်အလျောက်၊ ဖက်စပ်ဆိုရင်လည်းဖက်စပ်အလျောက် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် စာရင်းပြတာတွေ၊ အရှုံးအမြတ်ပြတာတွေ၊ နိုင်ငံတော်ကို ပေးသွင်းရတဲ့ ကိစ္စများကိုလည်း ပွင့်လင်းမြင်သာစွာ ပြထားခြင်းမရှိပါဘူး။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲမှာလည်း ဒီအာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့နဲ့ ဆက်သွယ်ဆောင်ရွက်နေတယ်လို့ ပြောပေမယ့် အဲဒီသက်ဆိုင်ရာဘဏ်တွေက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို မေးမြန်းတဲ့အခါမှာတော့ ဘယ်လိုမှ ပတ်သက်မှု မရှိကြောင်း ငြင်းဆိုထားပါတယ်။

ဒါကြောင့် အစိုးရရဲ့လုပ်ငန်းများအဖြစ် စွန့်လွှတ်တာတွေ၊ ပြန်လည်အပ်နှံတာတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ MICA မှာ ပါဝင်ပတ်သက်တဲ့ ငါးလုပ်ငန်းအကြောင်းများကိုလည်း အနည်းငယ်တင်ပြ ဆွေးနွေးလိုပါတယ်။ ၂၀၁၆-၂၀၁၇ ပထမ (၆)လပတ်အခွန်အကောက်ရငွေစာရင်းနဲ့ ပတ်သက်ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်ကို ရှင်းလင်းတင်ပြရာမှာ ငါးလုပ်ငန်းဆိုင်ရာအခွန်များ ရည်မှန်းချက်ထက်ကျော်လွန်တိုးတက် ရရှိခဲ့တယ်လို့ ထည့်သွင်းပြီးတော့ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံက ဝယ်ယူရရှိတဲ့ အမေရိကန်၊ EU နိုင်ငံများဟာ တရားဝင် ဖမ်းဆီးထုတ်လုပ်တဲ့ ငါးပုစွန်တွေဖြစ်ကြောင်းထောက်ခံစာ ရရှိမှသာ တင်သွင်းခွင့်ပြုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်က တရားမဝင် သွားရောက်ရောင်းချနေတဲ့ ငါးဖမ်းလှေများအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနမှာ ထောက်ခံချက်တွေ ရရှိနိုင်စေဖို့အတွက် သက်ဆိုင်ရာအခွန်အခတွေ ပေးဆောင်ပြီးမှ သွားရောက်ရောင်းချရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တတိယနေ့ အစည်းအဝေးမှာလည်း ဒီ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း မေးမြန်းသွားတဲ့ ငါးဖမ်းလုပ်ငန်းတွေမှာ ဒီလို တရားမဝင်မှုတွေ ရှိနေပါတယ်။ ဒီလို အခွန်ရရှိမှု သတ်မှတ်တဲ့အတိုင်းအတာထက် ကျော်လွန်ရရှိပေမယ့်လည်း ဒီ ငါးသယံဇာတတွေ ရှားပါးနေတာကြောင့် ဒီ ပို့ကုန်၊ သွင်းကုန် အခွန်အခတွေကို မှန်မှန်ရရှိအောင်၊ တရားဝင်ဖြစ်အောင် ကြပ်ကြပ်မတ်မတ် ထိန်းကျောင်းဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒီ Power Point ဟာ အဆိုရှင်က ထည့်သွင်းတင်ပြထားပြီး ဖြစ်ပါတယ်။ ဒီ Power Point မှာဆိုရင် MICA ရဲ့ တရားဝင်မှု၊ မဝင်မှုအပေါ်ကို ရှေ့နေချုပ်ရုံးက ပြန်ကြားထားတာဖြစ်ပါတယ်။ ဒီအပိုဒ် ၅ မှာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းခြင်းမဟုတ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ထုတ်ပြန် ဖွဲ့စည်းသင့်ကြောင်း ပါရှိပါတယ်။ နောက်တစ်ခုပြပေးပါ။ ဒီ အပိုဒ် ၆ မှာလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အဖွဲ့ဖွဲ့စည်းတဲ့ အမိန့်နဲ့ ယင်းတို့ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို အပ်နှင်းသည့်အမိန့်တို့ကို ရရှိရေးအတွက် ဦးစွာဆောင်ရွက်သင့်ပါတယ်ဆိုပြီး ပါ ပါတယ်။ အခုအဆိုနဲ့ စပ်လျဉ်းပြီးတော့ အခြားဝန်ကြီးဌာနတစ်ခု ဆောင်ရွက်သွားတဲ့ကိစ္စလေးကို နှိုင်းယှဉ်ပြီးတော့ ဥပမာအနေနဲ့တင်ပြလိုပါတယ်။

၂-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သိရှိကြမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ၃-၁၀-၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့မှာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးကိုယ်တိုင် တင်သွင်းထားပြီး ကျွန်တော်ကိုယ်တိုင်ထောက်ခံခဲ့တဲ့ ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဟာ တိုင်းပြည်ရဲ့ အကျိုးအမြတ်ကို အဓိကထားပြီး လုပ်ရမယ့်အလုပ်မဟုတ်ဘူး။ ပြည်သူကို ဝန်ဆောင်မှုပေးရမယ့်အလုပ်ဖြစ်တယ်။ ဥပဒေပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိ စတာတွေ

နဲ့ ဥပဒေကြမ်းကို ထောက်ခံထားတာ ဖြစ်ပါတယ်။ ဒီ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြီးခဲ့တဲ့ တတိယ ပုံမှန်အစည်းအဝေးကာလမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ပေးထားတဲ့ ၂၀၁၆-၂၀၁၇ ဘတ်ဂျက် စိစစ်ရာမှာ ပြထားတဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ရသုံးမှန်းခြေ ငွေစာရင်း Volume-2 မှာ ဖော်ပြထားတဲ့အချက်တွေနဲ့ နှိုင်းယှဉ်ပြချင်ပါတယ်။

Power Point ပြန်ပြပေးပါခင်ဗျား။ ဒီဟာဆိုရင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နေ့စွဲနဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ ပြန်လည်ဝင်ရောက်၍ နိုင်ငံတော်မှ စီမံခန့်ခွဲသည့် အစိုးရဌာနတစ်ခုအဖြစ် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ပြုပါရန်ဆိုပြီး စာ ပါ ပါတယ်။ နောက်တစ်ခု ပြပေးပါ။ ဒီစာကတော့ ပြည်ထောင်စုလွှတ်တော်ရုံးကို ပေးပို့ထားတဲ့စာ ဖြစ်ပါတယ်။ ဒီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၅၁ နဲ့ ပြဋ္ဌာန်းခဲ့ပြီးတော့ အောက်ဆုံးအပိုဒ် ၃ မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး စတဲ့အချက်တွေ ဖော်ပြထားပါတယ်။

ဒါကို ကြည့်ခြင်းအားဖြင့် ဒီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကို ဒီ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၅၁ နဲ့ ပြဋ္ဌာန်းခဲ့တယ်။ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အတွက်ကြောင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် အဆင့်ဆင့် ဆောင်ရွက်သွားတဲ့ အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့်လို့ MICA ကတော့ စတင်ဖွဲ့စည်းကတည်းက ဥပဒေတစ်ရပ်ရပ်နဲ့ ဖွဲ့စည်းထားတာ မဟုတ်ပါဘူး။ လွှတ်တော်ရဲ့ဆန္ဒ၊ ပြည်သူရဲ့ဆန္ဒလည်း မပါ ပါဘူး။ ဒါကြောင့် MICA နဲ့ပတ်သက်ပြီးတော့ MICA ရဲ့ ရယူထားတဲ့ နိုင်ငံပိုင်မြေနဲ့ အဆောက်အဦတွေ၊ လုပ်ငန်းတွေ၊ ပိုင်ဆိုင်သူတွေနဲ့ ဆောင်ရွက်သူတွေကို ချပြဖို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ နိုင်ငံတော်ကို ဘယ်လို စနစ်တကျ လွှဲပြောင်းပေးမလဲ၊ လွှဲပြောင်းပေးတဲ့နေရာမှာလည်း နိုင်ငံတော်ထံမှ တရားဝင်မဟုတ်ဘဲ ရယူဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအပေါ် ဆောင်ရွက်နေတဲ့ ယနေ့ကာလအထိ မြေငှားရမ်းခတွေ၊ နိုင်ငံတော်ကို ပေးသွင်းရမယ့် အခွန်အခတွေကိုပါ ထည့်သွင်း တွက်ချက် ပေးအပ်ရမယ် ဆိုတဲ့အချက်တွေကို ပွင့်လင်းမြင်သာစွာ ချပြဖို့ လိုအပ်နေပါကြောင်း တင်ပြရင်းနဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၈။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကရင်

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာ အားကာမိုး တင်ပြသွားတဲ့ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Myanmar International Cooperation Agency) MICA နဲ့ပတ်သက်လို့ ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ နိုင်ငံပိုင် စီးပွားရေး မွေးမြူရေးခြံလုပ်ငန်းများကို ၁၉၅၂ ခုနှစ်မှ စတင်ပြီး မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း မြေကျေးရှင်းက လုပ်ကိုင်ခဲ့ပါတယ်။ ၁၅-၉-၁၉၇၃ ခုနှစ်မှာ တိရစ္ဆာန်ဆေးကုသရေးနဲ့ မွေးမြူရေးဦးစီးဌာန (တိ.ကု.မွေး) ဌာနအောက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၅-၁၂-၁၉၇၅ ခုနှစ်မှာ (တိ.ကု.မွေး) ဦးစီးဌာနမှ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်း (တိ.မွေး.ရှင်း) အဖြစ် ဝန်ထမ်း (၅၇၄)ဦးဖြင့် ဖွဲ့စည်းကာ ပြည်သူပိုင်မွေးမြူရေးခြံ (၂၆)ခြံ၊ ကိုးမိုင်နို့ချက်စက်ရုံ(၁)ရုံ၊ တည်းကုန်း အစာစပ်စက်ရုံများကို လွှဲပြောင်းယူပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။

၁၅-၅-၁၉၈၃ ခုနှစ်မှာ လယ်သစ်ဝန်ကြီးဌာနမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အဖြစ် ဖွဲ့စည်းတဲ့အခါမှာ (တိ.မွေး.ရှင်း) မှ မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်း အဖြစ် ပြောင်းလဲလုပ်ခဲ့ပါတယ်။ ၁-၄-၁၉၈၉ ခုနှစ် တဖန် (မွေးရှင်း)မှ မွေးမြူရေး၊ အစားအစာနဲ့ နို့ထွက်ပစ္စည်းလုပ်ငန်း အဖြစ် အမည်ပြောင်း ဆောင်ရွက်ခဲ့ပါတယ်။ ထို့မှတဖန် ၅-၅-၂၀၁၄ မှာ ယင်းလုပ်ငန်းကို မွေးကုဦးစီးဌာန အောက်မှာ မွေးမြူရေးဌာနအဖြစ် ထည့်သွင်း ဖွဲ့စည်းခဲ့ပါတယ်။ ၃၁-၇-၂၀၁၅ မှာ ဘဲမွေးမြူရေးခြံ(၁)ခြံ၊ ထုံးဖို ဝက်မွေးမြူရေးခြံ၊ ဆေးဝါးထုတ်လုပ်စက်ရုံမှလွဲ၍ ကျန်အများစု အရှုံးပေါ်သည်ဆိုကာ MICA မှ ယင်းမွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် မွေးမြူရေးခြံ၊ စက်ရုံ(၄၅)ခု၊ ရေလုပ်ငန်းစက်ရုံစခန်း(၁၀)ခုနှင့် ရေလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းတို့ကို ကာလတန်ဖိုး သတ်မှတ်ရေးအဖွဲ့ ဖွဲ့ကာ ပုံသေပိုင်ပစ္စည်းများ၏ ကာလတန်ဖိုးတို့ကို ကာလပေါက်ဈေးထက် အလွန် နည်းစွာ သတ်မှတ်လွှဲပြောင်း ရယူခဲ့ပါတယ်။

၂၈-၈-၂၀၁၄ ရက်နေ့စွဲနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို MICA ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုကို တင်ပြခဲ့ပါတယ်။ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနဲ့ Product Sharing Profit Sharing ပြုလုပ်ရန် MICA မှ လွှဲပြောင်းရယူထားသော မွေးမြူရေးခြံ၊ စက်ရုံများစာရင်းကို တင်ပြရ လျှင် ၂၀-၃-၂၀၁၅ နေ့စွဲဖြင့် ငါးလုပ်ငန်းဦးစီးဌာနပိုင် ရေလုပ်ငန်းဆိုင်ရာ လုပ်ငန်း(၆)ခုအား MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုရန်၊ ၂၉-၄-၂၀၁၅ နေ့စွဲဖြင့် ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးမွေးမြူရေး လုပ်ငန်း(၃)ခုအား MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုရန်၊ ၉-၄-၂၀၁၅ နေ့စွဲဖြင့် ပြည်ထောင်စု ရန်ပုံငွေ အခြားစာရင်းရှင် Union Fund Account Other Account - UFA(OA) စာရင်းဖွင့်လှစ်ခွင့် ပြုရန်တင်ပြခြင်း၊ ၁၇-၄-၂၀၁၆ နေ့စွဲဖြင့် ပြည်ထောင်စုရန်ပုံငွေ အခြားစာရင်းရှင် Union Fund Account-UFA(OA) စာရင်းဖွင့်လှစ်ခွင့်ပြုရန်တင်ပြခြင်း၊ ယင်းတွင် နိုင်ငံတော်၏ လည်ပတ်ရန်ပုံငွေ ရယူခြင်းမရှိဘဲ၊ စာရင်းစစ်မခံဘဲ ဆောင်ရွက်ရန်နည်းလမ်းကို ရွေးချယ်ပြီး ဖြစ်ပါသည်ဟု မှတ်ချက်ရေး ထားပါတယ်။ ၁၃-၁-၂၀၁၆ နေ့စွဲဖြင့် ရွာသာကြီးဘက်စုံမွေးမြူရေးစခန်းမြေပေါ် ဇုန်အေနဲ့ ဇုန်ဘီတွင် တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများအား MICA နှင့် Glory Heyday Services Co.,Ltd တို့အကြား အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုရန်တင်ပြခြင်း၊ ၃၀-၁၂-၂၀၁၅ နေ့စွဲဖြင့် ရှမ်းပြည်နယ် အရှေ့

ပိုင်း တာချီလိတ်မြို့နယ်၊ တာချီလိတ်မွေးမြူရေးခြံအား MICA နှင့် နန်းသီတာ မိုင်းယောင်းကုမ္ပဏီ တို့အကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ်အား ချုပ်ဆိုဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်း၊ ၁၃-၂-၂၀၁၆ နေ့စွဲဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးကျေးရွာ၌ တည်ရှိသော (၁၀.၉၇) ဧကရှိ ဘုရားကြီး ကြက်မွေးမြူရေးခြံအား MICA နှင့် Myanmar CP Livestock Co.Ltd တို့အကြား ဝက်မွေးမြူထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ်အား ချုပ်ဆိုခွင့်ပြုရန်တင်ပြခြင်း၊ ၂၄-၂-၂၀၁၆ နေ့စွဲဖြင့် ပုသိမ်ကြီး မွေးမြူရေးခြံအား MICA နှင့် Golden Green Grade Co.,Ltd တို့အကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ်အား ချုပ်ဆိုခွင့်ပြုရန်တင်ပြခြင်း၊ ၃-၁၂-၂၀၁၅ သားငါးထုတ်ကုန် ရောင်းဝယ်ရေးဈေး Wholesale Market ဆောင်ရွက်ရန်အတွက် လွှဲပြောင်းလက်ခံခွင့်ပြုရန် တင်ပြခြင်း၊ ရွာသာကြီးဘက်စုံမွေးမြူရေးစခန်းရှိ ခြံ၊ မြေ၊ စက်ရုံ အဆောက် အဦပစ္စည်းများအား လွှဲပြောင်းလက်ခံခွင့်ပြုပါရန်နှင့် MICA မှ လုပ်ငန်းများအား ဆက်လက်ဆောင်ရွက် ခွင့်ပြုပါရန် တင်ပြခြင်း၊ ၂၅-၂-၂၀၁၅ နေ့စွဲဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးဌာနပိုင် ခြံ၊ စက်ရုံ(၄၅)ခု အား MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုပါရန်တင်ပြခြင်း၊ ၂၆-၂-၂၀၁၅ နေ့စွဲဖြင့် ကြက်သားထုတ်စက်ရုံနှင့် အအေးခန်းစက်ရုံ ရွာသာကြီးတို့အား MICA သို့လွှဲပြောင်း ဆောင်ရွက် ခွင့်ပြုရန် တင်ပြခဲ့ကြပါတယ်။

ယခု အစိုးရသစ်လက်ထက် ၁၁-၅-၂၀၁၆ နေ့စွဲဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့သော MICA နှင့်ပတ်သက်သည့် တင်ပြမှုအပေါ် ရှေ့နေချုပ်ရုံးမှ MICA သည် နိုင်ငံတော်အစိုးရ၏မူဝါဒအရ ချမှတ်ထားသော ကျေးလက်ဒေသ မဟာဗျူဟာမူဘောင်နဲ့အညီ ဖွဲ့စည်းပြီး ဘဏ္ဍာရေးစီမံခန့်ခွဲမှု ထိန်းသိမ်းနည်းညွှန်ကြားချက်ကိုလည်း ဥပဒေအရ ဆောင်ရွက်ထားခြင်းမဟုတ်ကြောင်း အကြောင်းပြန်ကြားထားပါတယ်။ သို့ပါ၍ MICA အဖွဲ့ကြီးအား ၆-၆-၂၀၁၆ နေ့စွဲဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စိစစ်ချက်အရ ကျေးလက်ဒေသ မဟာဗျူဟာမူဘောင်နဲ့အညီ ဖွဲ့စည်းသည်ဆိုသော်လည်း ယင်း မဟာဗျူဟာမူဘောင် အပိုဒ် ၂၂ ပါ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ ဖြစ်သည်ဟု မဆိုနိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပမှခန့်ထားသည့် ဝန်ထမ်းများ ရောထွေးစွာပါဝင်ခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားခြင်း မဟုတ်သည့်အပြင် ပြည်ထောင်စု အစိုးရ၏ တရားဝင် ဖွဲ့စည်းတာဝန်ပေးအပ်သည့် အမိန့် ရရှိခြင်းလည်းမရှိပါ။ ဥပဒေတစ်ရပ်ရပ်ဖြင့် ဖွဲ့စည်းပြီး ဘတ်ဂျက်ကိုလည်း နိုင်ငံတော်သို့ တင်ပြပြီးမှသာ သုံးစွဲခွင့်ပြုရပါမယ်။ သို့သော် MICA ဟာ နိုင်ငံတော်ဘတ်ဂျက်တွင် အသုံး/အသွင်း မရှိပါ။ ရငွေ၊ သုံးငွေကို UFA(OA) ကျရန် စီမံဘဏ္ဍာ ဝန်ကြီးသို့ တင်ပြသော်လည်း မကျသေးပါ။ ၂၀၁၆ နောက်ပိုင်းတွင်မှ ချပေးပါသည်။

ထို့ကြောင့် ၂၀၁၅ မေလနှင့် ၂၀၁၆ (၂) လပိုင်းမှာ ဝင်ငွေရှိနေကြောင်း သိနိုင်ပါတယ်။ ယင်း ရသုံးငွေစာရင်း မည်မျှရှိသည်ကို ပွင့်လင်းမြင်သာမှု မရှိပါ။ ဒါကြောင့်မို့လို့ MICA ဟာ တရားဝင် အဖွဲ့အစည်းမဟုတ်တဲ့အပြင် ငွေစာရင်းများလည်း ပွင့်လင်းမြင်သာမှုမရှိပါ။ ရည်ရွယ်ချက်များလည်း အကောင်အထည်မဖော်နိုင်၊ လုပ်ငန်းများ လွဲချော်လုပ်ဆောင်နေပါသောကြောင့် အဆိုရှင် နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုး ရဲ့အဆိုကို လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ရှေးဦးစွာ တင်ပြချင်တဲ့အချက်က တော့ MICA နဲ့ပတ်သက်တဲ့ အထောက်အထားအချက်အလက်တွေကို ကျွန်တော်တို့ ရှာဖွေတဲ့အခါမှာ လွယ်လွယ်ကူကူ မဟုတ်ဘဲနဲ့ အင်မတန်ခက်ခဲတယ်ဆိုတဲ့အချက်ကို ကျွန်တော် ရှေးဦးစွာပြောကြားလို ပါတယ်။ ဒီအခြေအနေမှာပဲ MICA နဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ ၂၂-၃-၂၀၁၆ ရက်နေ့စွဲပါ သတင်းထုတ်ပြန်ချက် (၃/၂၀၁၆) ကို တစ်ခုတည်းသော အထောက်အထားအဖြစ် ကျွန်တော် သွားတွေ့ရပါတယ်။ ဒီလိုအထောက်အထားကို တစ်ခုတည်းသွားတွေ့ရတာနဲ့ တစ်ပြိုင်နက် MICA ဟာ ပွင့်လင်းမြင်သာမှု မရှိဘူးလို့ ကျွန်တော်အရင်ဆုံး ရှေးဦးစွာ ပြောလာနိုင်ပါတယ်။ ဒီတစ်ခု တည်းသော အထောက်အထားဖြစ်တဲ့ (၃/၂၀၁၆) ကို ပြန်ပြီးတော့ အခြေခံပြီးတော့ သုံးသပ်ကြည့်ရင်ပဲ MICA ဟာ အဆိုရှင် အဆိုပြုခဲ့သလို ဖျက်သိမ်းသင့်တယ် ဆိုတဲ့အချက်ကို ခိုင်ခိုင်လုံလုံ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော် အသေးစိတ် ဆက်လက်တင်ပြပါမယ်။

ဒီနေရာမှာ ကျွန်တော် ကြိုတင် အစီရင်ခံ တင်ပြထားချင်တာ တစ်ချက်ရှိပါတယ်။ MICA နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ကျွန်တော်တို့ သက်သေခံအထောက်အထားအဖြစ် ရှာဖွေတဲ့ အနေအထားမှာ များများစားစား မရှာဖွေနိုင်တဲ့အနေအထားမျိုးမှာ ကျွန်တော်တို့ တရားစီရင်ရေး နယ်ပယ်မှာ ကျင့်သုံးမြဲဖြစ်တဲ့ ဥပဒေနဲ့ ပတ်သက်တဲ့ အခြေခံမှုတစ်ရပ်ကို အားကိုးအားထားပြု တင်ပြ ရင်းနဲ့ ကျွန်တော် အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပမာပေးရမယ်ဆိုရင် တရားခွင်မှာ စွပ်စွဲခံရသူ တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း ပတ်သက်ပြီး စွပ်စွဲတဲ့ကိစ္စနဲ့ ဆိုင်တဲ့နေရာမှာ မျက်မြင်သက်သေ အထောက်အထား သက်သေခံချက် နည်းလို့ရှိရင် တရားရုံးဟာ ပတ်ဝန်းကျင် အထောက်အထား သက်သေခိုင်လုံချက်ဆိုတဲ့ ဥပဒေ အကိုးအကားတစ်ခုကို အခြေခံပြီး ဆုံးဖြတ်ရပါတယ်။ ဥပဒေစကားနဲ့ ပြောရရင် Circumstantial Evidence လို့ခေါ်ပါတယ်။ ဒီလို ပတ်ဝန်းကျင် သက်သေခံချက် အထောက်အထားအပေါ်မှာ ဆုံးဖြတ် ရတဲ့ တရားရုံးရဲ့ လုပ်ထုံးလုပ်နည်းကို ဥပမာပေးပြီးတော့ ကျွန်တော် အခု ဆက်လက်တင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ MICA ဟာ ဖျက်သိမ်းသင့်တယ်ဆိုတဲ့နေရာမှာ အပိုင်း(၂)ပိုင်းနဲ့ တင်ပြ ပါ့မယ်။ ပထမပိုင်းကတော့ စောစောက တင်ပြခဲ့တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ သတင်း ထုတ်ပြန်ချက် (၃/၂၀၁၆) ပေါ်မှာ မူတည်ပြီးတင်ပြသွားပါမယ်။ ဒီ (၃/၂၀၁၆) ပေါ်မှာ အခြေခံပြီး ကျွန်တော်ပြောမယ်ဆိုရင် MICA ကို ၂၈-၈-၂၀၁၄ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁၃/၂၀၁၄) အရ ကျမှသာလျှင် တရားဝင်အသိအမှတ်ပြုခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ သို့သော် ၂၀၁၂ ခုနှစ်၊ Online မှာတင်ခဲ့တဲ့ Blog တစ်ခုကို ကိုးကားပြီး ကျွန်တော်ပြောရရင် MICA ကို ၇-၈-၂၀၁၂

ကတည်းက တည်ထောင်ခဲ့ပြီးဖြစ်တယ်ဆိုတာကို မီဒီယာတွေကတစ်ဆင့် ပြည်သူတွေက ပွင့်ပွင့်လင်းလင်း သိရှိခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီတော့ MICA ဟာလုပ်ငန်းစတင်တဲ့ ၇-၈-၂၀၁၂ ဖြစ်ပေမယ့် တရားဝင် တာက ၂၈-၈-၂၀၁၄ ဖြစ်တဲ့အတွက် ဒီကြားကာလ(၂)နှစ်ကျော်ကျော်ကာလမှာ နိုင်ငံပိုင်မြေတွေ၊ အဆောက်အဦတွေအပေါ်မှာ ချုပ်ကိုင်ပြီးတော့ တရားမဝင် စီးပွားရေးလုပ်ခဲ့တဲ့ဆိုတဲ့အချက်က ကနဦး ပေါ်ပေါက်လာတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒီလိုအခြေအနေမှာ MICA ဟာ ဘယ်လို အဖွဲ့ အစည်းလဲ၊ MICA ဟာ ဘာတွေဆောင်ရွက်ခဲ့သလဲ၊ MICA ဟာ ဘာတွေဆောင်ရွက်နေသလဲ၊ MICA ဟာ ဘာတွေဆောင်ရွက်ဦးမှာလဲ၊ MICA ရဲ့ ပိုင်ဆိုင်မှုတွေဟာ ဘာလဲ၊ MICA ရဲ့ အကျိုးအမြတ်တွေဟာ ဘယ်နေရာမှာသုံးသလဲဆိုတဲ့ မေးခွန်းတွေကို ဆက်တိုက်ပေါ်ပေါက်လာပါတယ်။ ဒီလိုမေးခွန်းတွေ ပေါ်ပေါက်လာမှသာလျှင် သက်ဆိုင်ရာဝန်ကြီးဌာနဟာ MICA နဲ့ ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက် တစ်ခုကို ဆောလျင်စွာ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားကြည့်မယ်ဆိုရင် ဒီထုတ်ပြန် ချက်က အစိုးရအဖွဲ့ အပြောင်းအလဲမဖြစ်ခင် (၈)ရက်အလိုမှာ ထုတ်ပြန်ခဲ့တဲ့ ထုတ်ပြန်ချက်တစ်ခု ဖြစ်တယ်လို့ သံသယဖြစ်ဖွယ် ကျွန်တော်တို့ တွေ့ရှိရပါတယ်။

အခု ကျွန်တော့်အနေနဲ့ ဒီတစ်ခုတည်းသော အထောက်အထားဖြစ်တဲ့ (၃/၂၀၁၆) အပေါ် မှာ ကိုးကားပြီးတော့ ဆက်လက်တင်ပြသွားပါမယ်။ သတင်းထုတ်ပြန်ချက်မှာ အဓိကအချက်(၄)ချက်ရှိ ပါ တယ်။ သတင်းထုတ်ပြန်ချက်ရဲ့ အပိုဒ်(၃)မှာ ပါပါတယ်။ နံပါတ်(၁)အချက် (ဒီနေရာမှာ ကျွန်တော် မူရင်းစာသားအတိုင်း ဖတ်ကြားတင်ပြပါမယ်။) MICA သည် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ ရရှိသော ငွေကြေး များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအခြားစာရင်းရှင် UFA(OA) Account ဖွင့်လှစ်ပြီး ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ဒီလိုပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစာပိုဒ်ကို သေသေချာချာသုံးသပ်ကြည့်ရင် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်ဆိုတဲ့အတွက် အခုမှဆောင်ရွက်မှာဖြစ်ပြီးတော့ အရင်ကာလတွေက မဆောင်ရွက်ခဲ့သေးဘူး ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့စာသား ဖြစ်ပါတယ်။ အမှန်တော့ ဒီ UFA(OA) Account ဆိုတာလည်း ဖွင့်ချိန် မရခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ၂၂-၃-၂၀၁၆ ရက်နေ့မှာ သတင်းထုတ်ပြန်တယ်။ (၈)ရက်အကြာ ၃၀-၃-၂၀၁၆ ရက်နေ့မှာ အစိုးရအဖွဲ့အပြောင်းအလဲဖြစ်တယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးလည်း အပြောင်းအလဲဖြစ်သွားတဲ့အတွက် MICA အနေနဲ့ ဆက်လက်ဆောင်ရွက်ဖို့ အခွင့်အရေး မရခဲ့ပါဘူး။

ဆက်လက်တင်ပြရမှာကတော့ နံပါတ်(၂)အချက်ဖြစ်ပါတယ်။ MICA သည် နိုင်ငံပိုင် မြေကွက်များ ငှားရမ်းခြင်းမှ ရရှိဝင်ငွေများကိုလည်း နိုင်ငံတော်၏ ရငွေဖြစ်သဖြင့် သက်ဆိုင်ရာ ဦးစီး ဌာန၏ ငွေထုတ်စာရင်း (MD Account) သို့ ပေးသွင်းသွားမည်ဖြစ်ပါသည်။ ဒီလိုပါရှိပါတယ်။ အဓိပ္ပာယ် ကတော့ အရင်ကာလတွေက မပေးသွင်းရသေးဘူး။ ပေးသွင်းသွားမည်ဖြစ်ပါသည် ဆိုတဲ့အတွက် အနာဂတ်ကာလမှ အခုမှ ဒီကြေညာချက်ထုတ်ပြီးမှ ပေးသွင်းမယ်လို့ ကတိကဝတ် ပေးတဲ့သဘောပဲ ကျွန်တော်ဆိုလိုတာပါ။

နံပါတ်(၃)အချက်ဖြစ်ပါတယ်။ MICA သည် လချုပ်စာရင်းများအားလည်း အေဂျင်စီ၏ တရားဝင် စာရင်းစစ်အဖွဲ့နှင့် နှစ်စဉ်ရငွေ၊ သုံးငွေစာရင်းများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖွဲ့ နှင့်

စစ်ဆေးသွားမည် ဖြစ်ပါသည်။ ဒီလို ပါရှိပါတယ်။ ဒီအချက်ကလည်းပဲ MICA ဟာ စတင် တည်ထောင်စဉ်ကတည်းက မည်သည့်စာရင်းဇယားကိုမှ မည်သည့်စာရင်းစစ်အဖွဲ့နှင့်မှ မစစ်ဆေးခဲ့ရသေးဘူး ဆိုသည့်အချက်၊ ဒီအချက်မှာပေါ်တယ်။ နောက် နံပါတ်(၄)အချက်၊ နောက်ဆုံးအချက် ဖြစ်ပါတယ်။

MICA ရဲ့လချုပ်စာရင်းများဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုခံယူပြီး စာရင်းစစ်အစီရင်ခံစာအား ဘဏ္ဍာရေးနှစ်ကုန်ပြီး (၆)လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ပါသည်။ ဒီလို ပါပါတယ်။ ဒီအချက်ကလည်းပဲ MICA ဟာ ဘယ်တုန်းကမှ မဆောင်ရွက်ခဲ့သေးတဲ့ အလုပ်တွေကို နောင်အနာဂတ်လာလမှာ သူ ဆောင်ရွက်မယ်လို့ ကတိကဝတ် ပေးတဲ့သဘောပဲဖြစ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်ပြခဲ့တဲ့ အချက်(၄)ချက်ကို ခြုံငုံပြီးကောက်ချက်ချကြည့်မယ်ဆိုရင် MICA ဟာ သက်ဆိုင်ရာဝန်ကြီးဌာနက ဒီလို ကတိကဝတ်တွေ ပေးပြီးတော့ (၈)ရက်အကြာမှာ အစိုးရအပြောင်းအလဲဖြစ်သွားတဲ့အတွက် ဒီကတိကဝတ်တွေကို အကောင်အထည် မဖော်နိုင်ခဲ့တော့တာကို ရှင်းရှင်းလင်းလင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် MICA ဟာ နံပါတ်(၁) အချက်အနေနဲ့ UFA (OA) Account ကိုလည်း မဖွင့်ခဲ့ရဘူး။ နံပါတ်(၂)အချက်အနေနဲ့ MD Account ဆိုတာလည်း မဖွင့်ခဲ့နိုင်ဘူး။ နံပါတ်(၃)အချက်အနေနဲ့ လချုပ်စာရင်းတွေကိုလည်း ဘယ်စာရင်းကိုင်နှင့်မှ မစစ်ဆေးခဲ့ရတော့ဘူး။ နံပါတ်(၄)နောက်ဆုံးအချက်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို လည်း တစ်ကြိမ်တစ်ခါမှ အစီရင်ခံစာ တင်သွင်းနိုင်ခြင်းမရှိခဲ့သေးဘူးဆိုတာ ဒီအချက်မှာပေါ်ပေါက်ပါတယ်။

အဲဒီတော့ MICA ဟာ စတင်တည်ထောင်တဲ့ အချိန်ကစပြီးတော့ ဒီ (၃/၂၀၁၆) ထုတ်တဲ့နေ့အထိ (၄)နှစ်တာကာလမှာ ငွေကြေးစာရင်းဇယားနဲ့ ပတ်သက်လို့ ဘာမှ မြင်မြင်ထင်ထင်၊ မြင်သာထင်သာ မရှိခဲ့ဘူးဆိုတဲ့အချက်ကို ထင်လင်းစွာ ပေါ်ပေါက်လာတယ်လို့ ကျွန်တော် ပထမပိုင်းကို ချုပ်ရင်းနဲ့ ကျွန်တော်ပြောလိုပါတယ်။ ဒါကတော့ ပထမပိုင်းပါ။ ကျွန်တော် ဒုတိယပိုင်းကို ဆက်လက်တင်ပြပါမယ်။

ဒုတိယပိုင်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ငါးလုပ်ငန်းက ငါးလုပ်ငန်းသမိုင်းကို ကြည့်လို့ရှိရင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)လောက်က ငါးလုပ်ငန်းနဲ့ပတ်သက်လို့ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခဲ့တာတွေ၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခဲ့တာတွေ ရှိခဲ့ပါတယ်။ ဥပမာ ငါးလုပ်ငန်းမှာ အင်မတန်နာမည်ကောင်းတဲ့ နော်ဝေနိုင်ငံက ငါးသုတေသနလုပ်တဲ့ ရေယာဉ်တွေနဲ့ မြန်မာ့ပင်လယ်ပြင်ထဲက ငါးတွေကို တိုင်းတာတဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။ စာရင်းဇယားအရ ပြောရလို့ရှိရင် ၁၉၇၉ မှာ တစ်ကြိမ်၊ ၁၉၈၀ မှာတစ်ကြိမ်၊ ၂၀၁၃ မှာ တစ်ကြိမ်၊ ၂၀၁၅ မှာတစ်ကြိမ်၊ စုစုပေါင်း(၄)ကြိမ် သုတေသနလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီမှာ ဘာသွား တွေ့ရသလဲဆိုတော့ ၂၀၁၃ မှာ တိုင်းတာမှုမှာ နိုင်ငံတွေရဲ့ ငါးသယံဇာတဟာ စံချိန်တင်ပြီးတော့ ကျဆင်းသွားတာတွေ့ရပါတယ်။ ရေပေါ်ငါးအုပ်စု(၉၀)ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီးတော့ ရေအောက် ငါးအုပ်စု(၇၅)ရာခိုင်နှုန်းအထိ ကျဆင်းသွားတာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၂၀၁၅ ခုနှစ် တိုင်းတာမှုမှာတော့ ငါးသယံဇာတဟာ အနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ ဒီအချက်တွေဟာ အစိုးရဌာန၊ ဝန်ကြီးဌာနထုတ်ပြန်တဲ့ သတင်း

ထုတ်ပြန်ချက် စောစောက ကျွန်တော်တင်ပြခဲ့တဲ့ (၃/၂၀၁၆)မှာ အပိုဒ် ၁၈၊ ၁၉ အရ ပါနေတဲ့အချက်တွေ ဖြစ်ပါတယ်။ ဒါကို ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အထဲမှာ ဒီအချက်ပါနေတယ်။

သို့သော် ဒီအချက်တွေရဲ့နောက်မှာ ဆက်တိုက် ပါရှိသင့်ရဲ့သားနဲ့ မပါတဲ့အချက်ကို ကျွန်တော် အခုပြောပါမယ်။ အဲဒီလို ငါးလုပ်ငန်းသယံဇာတကို တိုင်းတာလိုက်တဲ့အခါမှာ ခုနက ပြောသလို (၉၀)ရာခိုင်နှုန်း၊ (၇၅)ရာခိုင်နှုန်း ကျဆင်းသွားတယ်။ ကျဆင်းသွားတဲ့အခါမှာ ဒီလိုကျဆင်းသွားတဲ့အတွက် ၃၁-၃-၂၀၁၄ ရက်နေ့က ကျွန်တော်တို့ ငါးလုပ်ငန်းရှင်များနဲ့ ပညာရှင်များပါဝင်တဲ့ အစည်းအဝေးတစ်ခု လုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးက ဘယ်လိုဆုံးဖြတ်ချက် ချခဲ့သလဲဆိုတော့ ငါးဖမ်းရေယာဉ်တွေကို ပြည်တွင်းမှာ တည်ဆောက်ခွင့် ပိတ်ပင်ခဲ့တယ်။ နိုင်ငံခြားမှ ငါးဖမ်းရေယာဉ်တွေ မှာယူတင်သွင်းခွင့် ပိတ်ပင်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံခြားက ငါးဖမ်းရေယာဉ်တွေ မြန်မာ့ပိုင်နက်ပင်လယ်ပြင်ထဲမှာ ဝင်လာဖို့ကို ကန့်သတ်ခဲ့တယ်။ ဒီအချက်က (၃/၂၀၁၆)မှာ ပါသင့်ရဲ့သားနဲ့ မပါခဲ့တဲ့အချက်ဖြစ်ပါတယ်။ အဲဒီတော့ အထက်မှာ တင်ပြခဲ့သလို အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းက အတည်ဖြစ်နေဆဲကာလ၊ ဒီလိုအနေအထားမှာ MICA က ဘာလုပ်ခဲ့သလဲဆိုတော့ ငါးဖမ်းရေယာဉ်(၈၉)စီး အသစ် တည်ဆောက်ခွင့်နဲ့ နိုင်ငံခြားမှ တင်သွင်းခွင့်ကို ရုတ်တရက် ချပေးလိုက်တယ်။ ဒီလိုချပေးတာကလည်းပဲ အစိုးရ အပြောင်းအလဲ မဖြစ်ခင် လပိုင်းအလိုမှာ ချပေးတာဖြစ်ပါတယ်။

အဲဒီတော့ MICA က ဒီလိုအစည်းအဝေးဆုံးဖြတ်ချက် အသက်ဝင်တည်ရှိနေတဲ့ကာလ၊ ရှိနေဆဲကာလမှာပဲ ငါးဖမ်းရေယာဉ်(၈၉)စီးကို အစည်းအဝေးဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီးတော့ ချပေးလိုက်တယ်။ ရရှိသွားတဲ့ ကုမ္ပဏီ(၂)ခုကတော့ အောင်ဖြိုးမြတ်ကုမ္ပဏီနဲ့ တရုတ်ပိုင် မနှင်းဆီကုမ္ပဏီတို့ (၂)ခုက ဖြစ်ပါတယ်။ ----------

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကိုယ်စိတ်ရွှင်လန်းအေးချမ်းကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နိုင်ငံတော် သား၊ ငါးကဏ္ဍကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိတဲ့ကြားက MICA မှ

လွှဲပြောင်းရယူပြီးနောက် ပိုမိုမှေးမှိန်ပြီးတော့ ပျက်စီးသွားခဲ့ရပါတယ်။ MICA မှ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍကို အလေးပေးဆောင်ရွက်မှုမရှိဘဲ သား၊ ငါး ကဏ္ဍ၊ အသားကဏ္ဍ၊ ငါးကဏ္ဍမှပိုင်ဆိုင်တဲ့ နိုင်ငံတော်ရဲ့ အရင်းအမြစ်များဖြစ်တဲ့ မြေ၊ စက်ရုံ၊ မွေးမြူရေးကန်၊ မွေးမြူရေးစခန်း၊ သင်တန်းကျောင်းများအား MICA (Myanmar International Cooperation Agency) အမည်ဖြင့် အဖွဲ့အစည်းဖွဲ့စည်း၍ အလွယ်တကူသိမ်းပိုက် ရယူဆောင်ရွက်ခဲ့ပါတယ်။ ဥပမာအနေနဲ့ ၁၁-၃-၂၀၁၅ ရက်နေ့စွဲဖြင့် ငါးလုပ်ငန်းဦးစီးဌာနပိုင် ရေလုပ်ငန်း(၆)ခုအား MICA သို့ လွှဲပြောင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၉-၄-၂၀၁၅ နေ့စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မွေးမြူရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် မွေးမြူရေးစခန်း(၃)ခုအား MICA သို့ လုပ်ငန်းလွှဲပြောင်းရယူခဲ့ပါတယ်။ အဲ့ဒါအပြင် ၃-၁၂-၂၀၁၅ နေ့စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သား၊ ငါး ထုတ်ကုန် ရောင်းဝယ်ရေးဈေး Wholesale Market ဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းကွင်း၊ ကွင်းအမှတ်(၄၀၄-က) ရှိ စက်မှုဝန်ကြီးဌာနပိုင် အုတ်စက်ရုံ၊ ဒညင်းကုန်းရှိတဲ့ အသုံးပြုရန်မရှိတဲ့ စွန့်လွှတ်မြေဧရိယာ (၆၄.၅၄)ဧကကိုလည်းပဲ လွှဲပြောင်းရယူဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ သိမ်းပိုက်ထားတဲ့မြေနဲ့ လုပ်ငန်းများကို ဟန်ပြသက်သက် တင်ဒါများ ခေါ်ယူခြင်း၊ တင်ဒါများကို အကြိမ်ကြိမ် ဖျက်သိမ်းခြင်းများ ဆောင်ရွက်စေပြီးတဲ့နောက်မှာ ပွင့်လင်းမြင်သာမှုလုံးဝမရှိဘဲ မိမိနဲ့ အကျိုးစီးပွားတူပုဂ္ဂိုလ်များအား လက်သိပ်ထိုးလုပ်ပိုင်ခွင့်များ လျာထားသတ်မှတ်ပေးခြင်းနဲ့ MICA ခွင့်ပြုချက်များ လက်ဦးမှုရယူတောင်းခံထားခြင်းများရှိခဲ့ပါတယ်။ MICA နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အကျိုးတူ၊ စီးပွားတူ ဖွဲ့စည်းထားတဲ့ ကုမ္ပဏီနဲ့ နီးစပ်ရာလုပ်ငန်းရှင်များသို့ လုပ်ထုံးလုပ်နည်းများနှင့်မညီညွတ်ဘဲ အာမခံအပေါင်ပစ္စည်းများ တင်ပြစရာမလိုဘဲ နိုင်ငံပိုင်ငွေကျပ်သိန်းပေါင်း သိန်းချီပြီးတော့ မွေး/ရေဘဏ်က ချေးငှားပေးထားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် မွေး/ရေဘဏ်ဟာ မွေး/ရေဘဏ်အနေနဲ့ မရှိတော့ဘဲနဲ့ ကမ္ဘာ့ရတနာဘဏ်အဖြစ်နဲ့ နာမည်ပြောင်းလဲ လုပ်ကိုင်နေပြီဖြစ်ပါတယ်။

မြန်မာ့ပင်လယ်ငါး သယံဇာတထိန်းသိမ်းရေးအတွက် ငါးဖမ်းရေယာဉ်အသစ် တည်ဆောက်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း စတဲ့ဆောင်ရွက်မှုများအပေါ် ၂၀၁၁ ခုနှစ်မှစပြီးတော့ ပါဝင်ပတ်သက်သူများ အစိုးရငါးဖမ်းလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနဲ့ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ပူးပေါင်းရန်ဆုံးဖြတ်ထားမှုအပေါ် လျစ်လျူရှုကာ ၁-၁၂-၂၀၁၅ ရက်နေ့တွင် အကျိုးတူ တွဲဖက်လုပ်ကိုင်တဲ့ ကုမ္ပဏီအား ငါးဖမ်းရေယာဉ်အစီး(၅၀) အသစ်တည်ဆောက်ခွင့်နှင့် ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းခွင့်ပြုခြင်းလည်း ရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လမှာ နီးစပ်ရာတခြားလုပ်ငန်းရှင်များအား ငါးဖမ်းရေယာဉ်အစီး(၃၉)စီး တည်ဆောက်ခွင့်နဲ့ ပြည်ပမှတင်သွင်းခွင့်ကို ထပ်မံခွင့်ပြုခဲ့ပြန်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ MICA အနေနဲ့ လွှဲပြောင်းရယူဆောင်ရွက်နေတဲ့ ဓာတ်ဆီဆိုင်၊ ငါးမွေးကန်၊ စက်ရုံနဲ့ မြေများအပေါ်မှာ လုပ်ကိုင်နေတဲ့ လုပ်ငန်းများမှာ ငွေစာရင်းများ စနစ်တကျမရှိခြင်း၊ သက်ဆိုင်ရာဌာနများသို့ အကျိုးတူပေးဆပ်ရမည့်ငွေများကို ပေးသွင်းမှုမရှိခြင်းလည်း ရှိခဲ့ပါတယ်။ သယံဇာတထိန်းသိမ်းရေးအတွက် ပင်လယ်ငါး၊ ကဏန်းနှင့် ငါးရှဉ့် လုပ်ငန်းများမှာ ထိန်းသိမ်းရမယ့် သတ်မှတ်ချက်များ၊ ကန့်သတ်မှုများအား အလွယ်တကူ ပယ်ဖျက်သည့်အတွက်

သယံဇာတများ လျော့ကျပြုန်းတီးပျက်စီးကာ နိုင်ငံခြားဝင်ငွေများ လျော့ကျလာခြင်း၊ သဘာဝသယံဇာတများအပေါ် အခြေပြုလုပ်ကိုင်ဆောင်ရွက်ရတဲ့ လုပ်ငန်းများ၊ ဥပမာ ကဏန်းပျော့ မွေးမြူခြင်းလုပ်ငန်းကို ပြည်ပနိုင်ငံသားများအား ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်း စတဲ့ဆောင်ရွက်မှုများကြောင့် နံပါတ်(၁) ရေ၊ မြေ၊ ရာသီဥတု၊ လူသားအရင်းအမြစ်စတဲ့ သယံဇာတပိုင်ဆိုင်မှု အလွန်ကောင်းမွန်ကြွယ်ဝတဲ့ ငါးလုပ်ငန်းဟာ အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုများမှ ကင်းလွတ်ခွင့်ရရှိခြင်းနှင့် ကုန်သွယ်ခွင့်ဆိုင်ရာ အထူးအခွင့်အရေး (GSP) များ ရရှိခဲ့သော်လည်းပဲ ဖွံ့ဖြိုးတိုးတက်မှုရှိမလာဘဲ တပ်မတော်အစိုးရဆောင်ရွက်စဉ်ကာလကထက် ထုတ်လုပ်မှုပမာဏထက် ဝင်ငွေများဟာ အနိမ့်ဆုံးအခြေအနေသို့ ယုတ်လျော့ကျဆင်းသွားခဲ့ပါတယ်။

နံပါတ်(၂) သား၊ ငါးကဏ္ဍရဲ့ နိုင်ငံပိုင်လုပ်ငန်းများနှင့် ရင်းနှီးငွေများကို ပွင့်လင်းမြင်သာမှုမရှိဘဲ MICA အဖွဲ့မှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် သား၊ ငါး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တားဆီးပိတ်ဆို့ထားသကဲ့သို့ ဖြစ်ပေါ်နေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ သား၊ ငါးကဏ္ဍ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရန် နံပါတ်(က) နိုင်ငံပိုင်လုပ်ငန်းများနှင့် ဘဏ္ဍာငွေများအား မတရားရယူဆောင်ရွက်နေသည့် MICA အဖွဲ့အစည်းအား ဖျက်သိမ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များတွင် ပြောင်းလဲအသုံးပြုရန်၊ (ခ) နိုင်ငံပိုင်လုပ်ငန်းများနှင့် ဘဏ္ဍာငွေများကို ပြည်သူ့အကျိုးအတွက် ဆောင်ရွက်အသုံးပြုနိုင်ရေး ဥပဒေနဲ့အညီ စိစစ်ဖော်ထုတ်ဆောင်ရွက်ပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း အဆိုရှင် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ အဆိုကို အကြံပြုတင်ပြထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကရင်ပြည်နယ်မှ ဒေါက်တာအားကာမိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒေါက်တာအားကာမိုး က ဆိုထားပါတယ်။ နိုင်ငံတော်ရဲ့ သား၊ ငါးကဏ္ဍ တိုးတက်ရန် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော MICA - Myanmar International Cooperation Agency ကို စက်ရုံများ၊ အလုပ်ရုံများ၊ မြေများ၊ ငွေများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက မည်ကဲ့သို့ စီမံခန့်ခွဲထားတယ်ဆိုတာ စစ်ဆေးပေးပါ။ ပွင့်ပွင့်လင်းလင်း မြင်သာအောင် လုပ်ပေးပါလို့ တောင်းဆိုသွားပါတယ်။ အဲဒီအဆိုကို ထောက်ခံပြီးတော့ ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

စောစောက ဧရာဝတီတိုင်းက ဦးဆန်းမြင့် ပြောခဲ့သလို့ပဲ JICA ဆိုတာ မြန်မာတစ်ပြည်လုံးမှာ ဂျပန်နိုင်ငံတကာပူးပေါင်းရေးအေဂျင်စီ ကိုတော့ လူတိုင်းသိပါတယ်။ ကျွန်တော်တို့ နယ်တွေမှာလည်း JICA ကနေပြီးတော့ ကျေးလက်ဖွံ့ဖြိုးရေးအတွက်၊ မြို့နယ်ဖွံ့ဖြိုးရေးအတွက် လုပ်ပေးတယ်ဆိုတာ ဒါတွေ ကျွန်တော်တို့ လူတိုင်းသိတယ်။ ဒါပေမဲ့ MICA ကိုတော့ ကျွန်တော်တို့ သိလိုက်ရတာက ဘယ်အချိန်မှာဘဲ သိလိုက်ရသလဲဆို စောစောက ဆရာဆွေးနွေးသွားသလိုပဲ ၂၂-၃-၂၀၁၆ ရက်နေ့ ရုံးအမှတ်(၃၆) နေပြည်တော်မှာ ၃/၂၀၁၆ ထုတ်ပြန်သွားတဲ့ အချိန်ကျတော့မှ ဪ MICA အဖွဲ့ဟာ ဒီလိုပါလားဆိုပြီး ကျွန်တော်တို့ သိလိုက်ရပါတယ်။ အဲဒီ သတင်းထုတ်ပြန်ချက်ထဲမှာဆိုလို့ရှိရင် မြန်မာနိုင်ငံ နိုင်ငံတကာ ပူးပေါင်းရေးအေဂျင်စီ (Myanmar International Cooperation Agency) ဟာဆိုလို့ရှိရင် ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည့် မိတ်ဖက်အဖွဲ့အစည်း များဖြင့် အစည်းအဝေးပြုလုပ်ကာ အကြံဉာဏ်များရယူပြီး ၂၈-၈-၂၀၁၄ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ ပါတယ် တည်ထောင်ခဲ့ပါတယ်လို့ ဆိုထားပါတယ်။ အဲဒီ အစည်းအဝေး ထုတ်ပြန်ချက်မှာ။ MICA ကို အရာထမ်းက (၁၂)ဦး၊ အမှုထမ်းက (၂၄)ဦး၊ စုစုပေါင်း (၃၆)ဦး ဖြင့်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့မှာ ဥက္ကဋ္ဌက(၁)ဦး၊ အဖွဲ့ဝင်က(၁၁)ဦး၊ အတွင်းရေးမှူး(၁)ဦး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦး၊ စုစုပေါင်း(၁၅) ဦးဖြင့်လည်းကောင်း၊ အကြံပေးပညာရှင်(၃)ဦးဖြင့် ဖွဲ့စည်းပြီးတော့ Hundred Percent State-Owned Enterprise ဖြစ်တယ်လို့ ဆိုထားပါတယ်။

MICA အနေဖြင့် မြန်မာနိုင်ငံတော်ပိုင် ခြံတွေ၊ စက်ရုံတွေ၊ အလုပ်ရုံများဟာ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ ရရှိလာသော ရှယ်ယာအမြတ်များအား နိုင်ငံတော်သို့ စနစ်တကျပေးသွင်းပြီး ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ ရရှိသော ရန်ပုံငွေစာရင်းထိန်းသိမ်းမှု နည်းပညာဆိုင်ရာ ညွှန်ကြားချက်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် UFA Account သို့ ဖွင့်လှစ်ဆောင်ရွက်သွားမယ်ဖြစ်ကြောင်းလို့ ဆိုထားပါတယ်။ နိုင်ငံတော်ပိုင် မြေငှားရမ်းခြင်းမှ ရရှိသောငွေအား နိုင်ငံတော်၏ ရငွေဖြစ်၍ သက်ဆိုင်ရာ ဦးစီးဌာန၏ ငွေစာရင်း Account သို့ ပေးသွင်း သွားမည်ဖြစ်ကြောင်း၊ Product Sharing နဲ့ Profit Sharing အချိုးအရ ရရှိလာမည့် အကျိုးအမြတ်ကို UFA Account တွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း လချုပ်စာရင်းများအား လစဉ် အေဂျင်စီစာရင်း စစ်အဖွဲ့ စစ်ဆေးကာ နှစ်စဉ် ရငွေ၊ သုံးငွေစာရင်းများ လက်မှတ်ရ ပြည်သူ့ငွေစာရင်းကိုင်အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဟုဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်မှုကိုခံယူပြီး စာရင်းစစ် အစီရင်ခံ စာအား ဘဏ္ဍာနှစ်ကုန်ပြီး (၆)လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ဆိုထားပါတယ်။

MICA ဌာနဆိုင်ရာ အကြီးအကဲများ ထည့်သွင်းဖွဲ့စည်းထားပြီး နိုင်ငံပိုင်ပစ္စည်းများအား ဆုံးရှုံးမှုမရှိစေရန် ဦးဆောင် ဆောင်ရွက်ထားပါကြောင်း၊ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်ထားပြီး အစိုးရသစ်တွင်လည်း နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူကို ထားရှိမည် ဖြစ်ပါကြောင်း၊ MICA လုပ်ငန်းများ ဆောင်ရွက်ရာတွင် Now Executive ဘုတ်အဖွဲ့ဝင်များ အကြံဉာဏ် ကို ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေစာရင်းထိန်းသိမ်းရေးနှင့် ပတ်သက်၍လည်း ထုတ်ပြန်ထား သည့် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလို့ ဆိုထားပါတယ်။ MICA မွေးမြူရေး

ဦးစီးဌာန၊ မွေးမြူရေးဌာနပိုင် ခြံစက်ရုံက(၄၉)ခု၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်က (၁၂)ခုတို့အား အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် နှစ်ရှည်လုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကုမ္ပဏီများကို စိတ်ဝင်စားမှုဖော်ပြချက် အဆိုပြုလွှာခေါ်ယူ၍ အစည်းအဝေး (၁၃)ကြိမ် ပြုလုပ်ခဲ့ကြောင်းလို့ ဆိုပြန်ပါ တယ်။ သတ်မှတ်ချက်များနဲ့ ကိုက်ညီသော အဆိုပြုလွှာများအား စိစစ်ရွေးချယ်ကာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ မွေးမြူရေးဌာနပိုင် ခြံစက်ရုံ(၉)ခု၊ ငါးလုပ်ငန်းဌာနပိုင်(၉)ခုတို့အား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခွင့် ပြုခဲ့သည်ဖြစ်သော်လည်း မွေးမြူရေးဌာနပိုင် ခြံစက်ရုံ(၃)ခု၊ ငါးလုပ်ငန်း ဌာနပိုင်(၂)ခုတို့အား ယာယီစာချုပ်ချုပ်ဆိုပြီး ကျန်လုပ်ငန်းများအား စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လျက် ရှိပါတယ်လို့ ဆိုပါတယ်။

သို့သော် အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ကမ္ဘာ့ဘဏ်တို့မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များမှ ၎င်းတို့နှင့် မည်သို့မှ ပတ်သက်မှုမရှိပါဘူးလို့ ပြောဆိုထားတာကိုလည်း တွေ့ရှိရပါတယ်။ မိတ်ဖက်အဖွဲ့အစည်း များနဲ့ ဖွဲ့စည်းထားသည်ဆိုသော်လည်း ကျေးလက်ဒေသမူဘောင် အပိုဒ်(၂၂)အရ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ချက်အနေဖြင့် ဖွဲ့စည်းရမည့် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်၊ မိတ်ဖက်အဖွဲ့အစည်း စသည့် အဆင့်(၃)ဆင့်နှင့်ကိုက်ညီမှု မရှိတာကိုလည်း တွေ့ရှိရပါတယ်။

ထို့အပြင် MICA ၏ ဖွဲ့စည်းပုံမှာ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ ရောထွေး ပါဝင်နေပါတယ်။ မြေငှားခက မည်မျှအမြတ်အစွန်းရသည်ကို ထုတ်ပြန်ခြင်းမရှိပါ။ စာရင်းစစ်ပုံမှန် စစ်ဆေးခြင်း ရှိ/မရှိနဲ့ ပြည်ထောင်စုရန်ပုံငွေမှ ဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသုံးစွဲခြင်းအဖြစ် မတွေ့ရ သည့်အပြင် UFA Account တွင်လည်း ပွင့်လင်းမြင်သာစွာ ထည့်သွင်းထားခြင်း မရှိပါဘူး။ အကြံပေး အဖွဲ့များကိုပင် အစည်းအဝေး မဖိတ်တော့တာကို တွေ့ရှိရပါတယ်။ Hundred Percent State Owned Interprise ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ကုန်သွယ်မှု အရှုံးအမြတ်စာရင်းများနဲ့ ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်တွေ့ရှိရပါတယ်။ မွေးမြူရေးခြံ၊ စက်ရုံ၊ ငါးလုပ်ငန်းများကို ကုမ္ပဏီအသီးသီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စာချုပ်များ ချုပ်ဆို ခဲ့ပြီး စာချုပ်အရ အကျိုးအမြတ်နှင့် ငှားရမ်းခများကို နိုင်ငံတော်အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ထည့်သွင်းရေးဆွဲ ရသုံးခန့်မှန်းခြေငွေစာရင်းလည်း မရှိပါဘူး။

သို့ဖြစ်ပါ၍ MICA အဖွဲ့သည် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမထားခြင်း၊ ရည်ရွယ်ချက်များ နှင့် လွဲမှား၍ လုပ်ဆောင်နေခြင်း၊ ငွေစာရင်းများ ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၁၂။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဌာနပိုင်မြေများ၊ ဌာနပိုင်လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်နှင့် ဌာနပိုင် လုပ်ပိုင်ခွင့်များအားလုံးကို Myanmar International Cooperation Agency - MICA အမည်ဖြင့် အဖွဲ့အစည်းတည်ထောင်ပြီး လွှဲပြောင်းပေးထားကြောင်း သိရှိရပါတယ်။ လက်တွေ့တွင်မူ ဌာနပိုင်မြေပေါ် MICA အမည်ဖြင့် ဓာတ်ဆီဆိုင်ဖွင့်လှစ်ခြင်း၊ ဆိပ်ခံတံတား တည်ထောင်ပြီး အများပြည်သူများသို့ တရားဝင်ပိတ်ပင်တားမြစ်ထားသော ငါးဖမ်းလိုင်စင် MICA သို့ အစီး(၅၀)ထုတ်ပေးခြင်း၊ ငါး၊ ပုစွန်စာစက်ရုံများ ဖျက်သိမ်းပြီး အိမ်ရာစီမံကိန်းများ ဆောင်ရွက်ခြင်းအပြင် ငါးဖမ်းသင်တန်းကျောင်း သုတေသနစခန်း၊ တိရစ္ဆာန်နှင့် ငါး၊ ပုစွန်သားဖောက်စခန်းများ၊ မွေးမြူရေးစခန်းများနှင့် တိရစ္ဆာန်ကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံများ၊ သင်္ဘောကျင်းများ၊ ဆိပ်ခံတံတားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ် စသည့်ဌာန၏ အရေးကြီးလုပ်ငန်းစုများ၊ မြေယာများ၊ စက်ရုံများကို MICA သို့ လွှဲပြောင်းပေးပြီး အစိုးရပိုင်လိုလို၊ ပုဂ္ဂလိကပိုင်လိုလို၊ ပုဂ္ဂိုလ်တချို့ပိုင်လိုလိုနှင့် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

အစိုးရသစ်မပေါ်ပေါက်မီ ကာလတို့အတွင်း MICA အမည်ဖြင့် နိုင်ငံပိုင်ပစ္စည်းများကို မျက်လှည့်ပြပြီး ရယူဆောင်ရွက်ခဲ့သော အဖွဲ့အစည်းအား ပွင့်လင်းမြင်သာအောင် စစ်ဆေးကြပ်မတ်ပေးမှသာ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းကဏ္ဍများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် အသားနှင့် ငါးကဏ္ဍလုပ်ငန်း လုပ်ကိုင်သူ အသေးအကြီးတောင်သူအားလုံး ဌာနနှင့်မိတ်ဖက်ဖြစ်လာပြီး ပြည်သူများ မျှော်မှန်းထားသည့် ဦးစီးဌာနများ ဖြစ်ပေါ်လာစေရန်၊ လက်ရှိအခြေအနေအား စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် ယခင်ကာလက မှားယွင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MICA လို လုပ်ငန်းစဥ်များကို ပြန်လည်ဆန်းစစ်ပြီး နိုင်ငံတော်ပိုင်လုပ်ငန်းများ၊ လုပ်ပိုင်ခွင့်များကို တစ်ဦးတစ်ယောက်က ဖန်တီးယူထားခြင်း ဟုတ်၊ မဟုတ်ကိုလည်း ဖော်ထုတ်သင့်ပါတယ်။ ၁-၇-၂၀၁၁ မှ ၄-၇-၂၀၁၁ ရက်နေ့များတွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ပြည်ထောင်စုဝန်ကြီးဌာနမှ ဦးဆောင်တာဝန်ယူ ကျင်းပပြုလုပ်သော မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်း ရေပြင်၏ ငါး၊ ပုစွန်သယံဇာတများ တည်ရှိမှု အခြေအနေနှင့် ထုတ်ယူသုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များအရ ငါးဖမ်းရေယာဥ်များ အသစ်တည်ဆောက်ခြင်း၊ နိုင်ငံခြားမှ တင်သွင်းခွင့် လေလံဆွဲဝယ်ယူထားသည့် ရေယာဥ်များအား ငါးဖမ်းရေယာဥ်အဖြစ် အသုံးပြုမှုများကို ရပ်ဆိုင်းထားရန် သဘောတူညီဆုံးဖြတ်ခဲ့ကြပါတယ်။

၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ၏ ငါးဖမ်းခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အတွက် သက်တမ်းတိုးမြှင့်ခွင့် မပေးဘဲ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ငါးဖမ်းဆီးခွင့်လုံးဝရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ ငါးမဖမ်းရရာသီ (Closed Season)နဲ့ ငါးမဖမ်းရဇရိယာ (Closed Area) ကို ငါးလုပ်ငန်း ဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းအသင်းတို့ပူးပေါင်း ညှိနှိုင်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ငါးမဖမ်းရ ရာသီကိုတိုးမြှင့်သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၉-၁၉၈၀ ဘဏ္ဍာရေးနှစ်တွင် နော်ဝေနိုင်ငံ ပင်လယ်ပြင် ငါးသယံဇာတ တိုင်းတာရေး သုတေသနရေယာဉ်၏ တိုင်းတာချက်များအရ မြန်မာ့ပင်လယ်ပြင်တွင် မျိုးသုန်းမှုမရှိဘဲ တစ်နှစ်ငါးဖမ်းဆီးနိုင်မှု ပမာဏ MSY ကို မတ်ထရစ်တန် (၁.၀၅)သန်း ကန့်သတ်ဖမ်းဆီးနိုင်ပြီး၊ ၂၀၁၃ စက်တင်ဘာလနှင့် ၂၀၁၅ ခုနှစ်၊ မတ်လတို့၌ ပြန်လည်တိုင်းတာခဲ့ရာ ငါးသယံဇာတ တစ်နှစ်ဖမ်းဆီး နိုင်မှု ပမာဏ MSY မှာ မတ်ထရစ်တန်(၀.၁)သန်းသာ ဖမ်းဆီးနိုင်ကြောင်း အသိပေးထုတ်ပြန် အကြံပြု ခဲ့သည်။ မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ တည်ရှိမှုအခြေအနေမှာလည်း အချို့တန်ဖိုးကြီး ငါးမျိုးစိတ် များမှာ အလွန်ပင်လျော့နည်းကျဆင်းလျက်ရှိခြင်း၊ သုတေသနဖမ်းဆီးရမိသည့် ငါးမျိုးစိတ်များမှာလည်း ငါးအကောင်ငယ်များသာ အများဆုံးတွေ့ရှိရခြင်းစသည့် သုတေသနရလဒ်များကို လေ့လာတွေ့ရှိခဲ့ ကြောင်း ထုတ်ပြန်အသိပေးခဲ့ပါတယ်။

သို့ပါသော်လည်း ဖော်ပြပါညှိနှိုင်း ဆုံးဖြတ်ချက်များ၊ သုတေသနတွေ့ရှိချက်များနှင့် ထုတ်ပြန်ခဲ့သည့် အမိန့်များကို လွန်ဆန်လျက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နေ့စွဲဖြင့် ခွင့်ပြုခဲ့ သည့် မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ MICA နှင့် အောင်ဖြိုးမြတ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ထားသည့် ငါးလုပ်ငန်းဦးစီးဌာနပိုင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း မြေကွက်အမှတ်(၃)တွင် တည်ဆောက်ထားသည့် ငါးလေလံဈေးနှင့် ငါးချဆိပ်ခံတံတားတွင် ငါးတင်၊ ငါးချပြုလုပ်မည့် ငါးဖမ်းလှေစီးရေ အရေအတွက် လျော့နည်းနေပါကြောင်း အကြောင်းပြချက်ဖြင့် ငါးဖမ်းစက်လှေအစီး(၅၀)ကို အိမ်နီးချင်းထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းခွင့် လုပ်ငန်းရှင်များအား လိုင်စင်အသစ်(၃၉)စီး ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ခွင့်ပြုခဲ့သည်။

အထက်ဖော်ပြပါ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါစာအမှတ်၊ မငအဖ/၅/၂၀၁၆ ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ မြန်မာ့ပင်လယ်၏ ငါးသယံဇာတတည်ရှိမှု လက်ရှိ အခြေအနေမှာ မှန်ကန်၍ ထိရောက်သည့် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်ကောင်းများ ချမှတ် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သတင်းပို့အစီရင်ခံ တင်ပြခဲ့ပါတယ်။ အထက်ဖော်ပြပါ မြေ၊ လုပ်ငန်း၊ စက်ရုံ၊ မွေးမြူရေးစခန်းနှင့် သားဖောက်လုပ်ငန်းများ၊ သင်တန်းကျောင်းနှင့် သုတေသနစခန်း များ၊ ဆိပ်ခံတံတားနှင့် သင်္ဘောကျင်းများ၊ အလုပ်ရုံ၊ စက်ရုံ၊ အကျိုးပြုဘဏ်များသည် မြန်မာနိုင်ငံ၏ သားငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင် ကြီးမားသည့် အထောက်အပံ့ကို ရရှိစေမည့် နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်သည့် လုပ်ငန်းများ ဖြစ်ကြပါတယ်။ ဖော်ပြပါ နိုင်ငံပိုင်လုပ်ငန်းများ သည် နိုင်ငံတော်၏အခြေခံ စီးပွားရေးလုပ်ငန်းများဖြစ်ပြီး သား၊ ငါးကဏ္ဍ Big Stock ခေတ်မီဖွံ့ဖြိုး

တိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုခွင့်မရရှိဘဲ အခွင့်ထူးခံလူတစ်စုမှ MICA အမည်ခံကာ နိုင်ငံပိုင်မြေနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အခွင့်ထူးများ ရယူ၍လက်ဝါးကြီးအုပ် ခြယ်လှယ်မှုများ ဆုပ်ကိုင်ရယူဆောင်ရွက်ခဲ့ခြင်းအပေါ် မှန်ကန်သည့် လေ့လာစုံစမ်းမှုများပြုလုပ်ရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံငါးလုပ်ငန်းကဏ္ဍနှင့် သားငါးထုတ်လုပ်ရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရမည့်အပေါ်တွင် များစွာထိခိုက်နစ်နာစေမည့် နိုင်ငံပိုင်လုပ်ငန်းများအား MICA အဖွဲ့အစည်း အမည်ခံ၍ အခွင့်ထူးခံလူတစ်စုမှ လက်ဝါးကြီးအုပ် လွှမ်းမိုးခြယ်လှယ် လက်ဦးမှုရယူထားခြင်းများအပေါ်တွင် နိုင်ငံတော်၏အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုလျက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လိုအပ်သော စုံစမ်းစစ်ဆေးလေ့လာဖော်ထုတ်အရေးယူမှု ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအဖွဲ့ထံ တင်ပြရင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၏ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၂း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

ပဉ္စမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၉.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးရှုန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်

အစည်းအဝေး ပဉ္စမနေ့ ၇-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးရှန်အောရ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျောင်းပြင်ပဥ္စ တစ်သက်တာပညာရေး ဟောပြောဆွေးနွေးပွဲ။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်ဆန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။	။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုထားရှိရန်၊ မြို့ပြ ကျေးလက်မြေယာများကို ကွက်စိပ်မြေပုံများ ပြုစုမှတ်တမ်းတင်ထားရန်၊ စီမံကိန်းချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံတော်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်နေသော လယ်ယာမြေအားလုံးကို မှတ်ပုံတင်နိုင်ရေး နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် သစ်တောမြေ၊ စားကျက်မြေများအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသောကြောင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ရန် အကျုံးမဝင်သည့် မြေများနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုထားရှိရန်၊ မြို့ပြ ကျေးလက်မြေယာများကို ကွက်စိပ်မြေပုံများ ပြုစုမှတ်တမ်းတင်ထားရန်၊ စီမံကိန်း ချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံတော်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်နေသော လယ်ယာမြေ အားလုံးကို မှတ်ပုံတင်နိုင်ရေး နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် သစ်တော မြေ၊ စားကျက်မြေများအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသောကြောင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အရ မှတ်ပုံတင်ရန် အကျုံးမဝင်သည့် မြေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါ သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ မြေပုံစနစ် တစ်မျိုး တည်းရှိပြီးတော့ မြန်မာနိုင်ငံမှာတော့ သစ်တောဌာနရဲ့ ကြိုးဝိုင်းမြေပုံက တစ်မျိုး၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအခြေအနေ မြေအနေအထားမှာရှိတဲ့ လက်ရှိမြေပုံတို့က ကွဲလွဲနေတဲ့အပြင် ဆည်မြောင်း မြေပုံကတစ်ဖုံ ကွဲပြားနေတာကြောင့် မြေနဲ့ပတ်သက်တဲ့လုပ်ငန်းကဏ္ဍတွေမှာ ဆောင်ရွက်မှု အခက်အခဲ ရှိကြောင်းနဲ့ ဒီလိုကဏ္ဍတွေ အောင်မြင်ဖို့ မှန်ကန်တဲ့ အချက်အလက်တွေ လိုအပ်နေကြောင်း မြန်မာနိုင်ငံ မွေးမြူရေး အစားအစာထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌက ၂၀၁၆ ခုနှစ်၊ (၃)လပိုင်းမှာ တင်ပြ ထားတာရှိပါတယ်။ ဒီလိုတင်ပြချက်ဟာ အပြုသဘောဆောင်တဲ့ တင်ပြချက်ဖြစ်လို့ အလေးအနက်ထား ပြီးတော့ မြန်မာနိုင်ငံမှာ တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုထားရှိရေး ဆောင်ရွက်သင့်ပါတယ်။

နောက်တစ်ခုက မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာ တိုးပွားလာတဲ့လူဦးရေ၊ ကိုယ်ကျိုးရှာမှု စတဲ့အကြောင်းတွေကြောင့် အစိုးရပိုင်မြေများ၊ ရွာဘုံမြေများ၊ စားကျက်မြေများနဲ့ သစ်တောမြေများ အပါအဝင် အများပြည်သူဆိုင်ရာ မြေများအတွင်း ကျူးကျော်မှုများ ရှိနေပါတယ်။ ဒါ့အပြင် အစိုးရ အဆက်ဆက်က လူနေအိမ်ခြေအဖြစ် ထားရှိခဲ့တဲ့၊ ချထားပေးခဲ့တဲ့ မြို့ပြမြေများမှာ ကွက်စိပ်မြေပုံ

မှတ်တမ်းမှတ်ရာ မခိုင်မာမှုကြောင့် ဂရန် လျှောက်ထားရာမှာ အခက်အခဲနဲ့ တွေ့ဆုံနေရသလို ကျေးရွာမြေများကို ကွက်စိပ်မြေပုံ မှတ်တမ်းပြုပြီးမှသာ ဂရန်ထုတ်ပေးတဲ့အခါမှာ လွယ်ကူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာ မြေယာလုပ်ပိုင်ခွင့် အထောက်အထား မရှိဘဲနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေတဲ့ လူပေါင်းများစွာရှိနေပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေ မှတ်ပုံတင်လုပ်ငန်းကို ၂၀၁၃ ခုနှစ် (၁)လပိုင်းကစပြီး ဆောင်ရွက်ခဲ့ရာမှာ ယခင်အစိုးရရကတော့ (၉၆)ရာခိုင်နှုန်း မှတ်ပုံတင် ပြီးမြောက်ခဲ့တယ်လို့ ကြေညာပေမယ့် လက်တွေ့အောက်ခြေမှာ လယ်ယာမြေ မှတ်ပုံတင်ခွင့် မရသေးသူများ၊ မှတ်ပုံတင်နိုင်ဖို့ မြေပုံမထူထောင်ရသေးလို့ ပုံစံ-၇ မရသေးသူများ၊ လယ်ယာမြေကို မှတ်ပုံတင်ပေးလို့ မရနိုင်တဲ့အခြေအနေများရှိတဲ့ လယ်ယာမြေများဟာ အရေအတွက်များစွာ အစိုးရခန့်မှန်းတာထက် ပိုပြီးရှိနေပါတယ်။ သစ်တောမြေ၊ စားကျက်မြေများအတွင်း လက်ရှိ စိုက်ပျိုးလုပ်ကိုင်နေတဲ့မြေဧကပေါင်း (၁.၅)သန်းကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ဖို့ အကျုံးမဝင်တဲ့အတွက် မှတ်ပုံတင်လို့မရသေးဘဲနဲ့ ကျန်ရှိနေပါတယ်။ ဆက်စပ်လို့တင်ပြရရင် အချို့စားကျက်မြေထဲမှာ ရွာတည်နေတာဟာ နှစ်ပေါင်း(၁၀၀)ခန့်ရှိပေမယ့် မြေယာမှတ်တမ်းများမှာတော့ စားကျက်မြေအဖြစ်ပဲ ရှိနေသေးလို့ ပြဿနာအချို့ ပေါ်ပေါက်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်တဲ့ မြေယာသိမ်းဆည်းမှု ပြဿနာများဖြစ်ပေါ်ရတဲ့ အကြောင်းတရားတွေထဲမှာ မြေကြီး၊ မြေပုံကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းမပြုစုနိုင်တဲ့အချက်၊ မြေကြီးမြေပုံတွေ တိကျမှန်ကန်မှု မရှိတဲ့အချက်တွေ ပါဝင်ကြောင်း မငြင်းနိုင်ပါ။ မြေပြင်မှာ လက်ရှိလုပ်ကိုင်နေပါလျက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ စားကျက်မြေအဖြစ် မှတ်တမ်းမှာရှိနေသေးတာကြောင့် ပြဿနာတွေဖြစ်နေရခြင်း ဖြစ်ပါတယ်။ လုပ်ကိုင်သူများက မလျှောက်ထားလို့ပဲဆိုပြီးတော့ တာဝန်ရှောင်လွှဲ၍မရပါ။ ဘာကြောင့်လဲဆိုတော့ မြေစာရင်းလက်စွဲဥပဒေ အခန်း(၁၈) အခြားအထူးကိစ္စများ ခေါင်းစဉ်အောက် ခေါင်းစဉ်ငယ်(င) ကျွဲ၊ နွားစားကျက်မြေနဲ့အခြားအစိုးရမြေများ ခေါင်းစဉ်ငယ် အပိုဒ် ၉၁၆၊ ၉၁၇ နဲ့ ၉၁၈ တို့မှာ စားကျက်မြေနယ်နိမိတ်ကို သံကူကွန်ကရစ်မှတ်တိုင်များစိုက်ဖို့ မြေပုံပေါ်မှာ မှတ်တိုင်များအသီးသီးကို အမှတ်စဉ်ထိုးပြီးတော့မှတ်သားဖို့၊ (၃)နှစ်တစ်ကြိမ် ကွင်းဆင်းပြီးတော့မှ အမြဲမြေတိုင်းမှတ်တိုင်များကို စစ်ဆေးဖို့၊ မြေထိန်းစာရေးဟာ စားကျက်မြေနဲ့ မှတ်တိုင်များကို စစ်ဆေးပြီး အစီရင်ခံဖို့၊ ပျောက်ဆုံးနေတဲ့မှတ်တိုင်များရှိရင် အစီရင်ခံဖို့၊ နှစ်စဉ် ကွင်းအလုပ်ဆင်းချိန်မှာ အများပြည်သူသုံးလမ်းများ၊ တာတမံများ၊ စားကျက်မြေများ၊ ကျွဲ၊ နွားလမ်းများ၊ ရွာမြေနဲ့ အခြားပြည်သူများအတွက် သီးခြားထားသောမြေများ အားလုံးကို မပျက်မကွက် ကြည့်ရှုစစ်ဆေးပြီးတော့ ကျူးကျော်ခြင်းများကို နှောင့်နှေးမှုမရှိဘဲနဲ့ တာဝန်ရှိ အာဏာပိုင်ထံ အစီရင်ခံဖို့ ပြဋ္ဌာန်းထားပေမယ့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လို့ပဲဖြစ်ကြောင်း ထင်ရှားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံ့မြေရာခိုင်နှုန်း ဘယ်လောက်ဟာ စိုက်ပျိုးမွေးမြူရေးအတွက် အမှန်သုံးနေတယ်။ ရာခိုင်နှုန်း ဘယ်လောက်ကတော့ ခိုင်မာတဲ့လုပ်ပိုင်ခွင့်တွေရှိတယ်။ ရာခိုင်နှုန်း ဘယ်လောက်ကတော့ဖြင့် အထောက်အထားမရှိဘဲ လုပ်နေတယ်ဆိုတဲ့ အချက်အလက်အမှန်တွေ ရှိမှသာ မြေယာအုပ်ချုပ်ရေးလုပ်ငန်းကို ပြည်ထောင်စုအစိုးရနဲ့

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ထိရောက်ကောင်းမွန်စွာ လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ မြေယာကိစ္စဟာ နိုင်ငံရေးအရ အလွန်သိမ်မွေ့ပြီးတော့ မြေယာမှတ်ပုံတင်လုပ်ငန်းဟာလည်းပဲ ငွေကြေးကုန်ကျမှုများလှပါတယ်။ ခက်ခဲတဲ့လုပ်ငန်းဖြစ်လို့ ရေတိုကာလအတွင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွင်း တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုထားရှိရန်နဲ့ -------------

**ဥက္ကဋ္ဌ**။ ။ အဆုံးသတ်လိုက်ပါ။

**မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မြို့မဇရိယာအတွင်းရှိ ကဒုံစီးကျွဲခြံချောင်းအား မူလဇရိယာအတိုင်း သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယင်းချောင်းအား ရေစီးဆင်းမှုဆွဲအားကောင်းစေရန် လိုအပ်သော ချောင်းကော ဇရိယာများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိဟ (ခ) မောင်တူးက မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မြို့မဇရိယာအတွင်းရှိ ကဒုံစီးကျွဲခြံချောင်းအား မူလဇရိယာအတိုင်း သတ်မှတ် တိုင်းတာပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယင်းချောင်းအား ရေစီးဆင်းမှု ဆွဲအားကောင်းစေရန် လိုအပ်သော ချောင်းကောဇရိယာများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစိုးသိဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိဟ (ခ) မောင်တူး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြ မေးမြန်းချင်တဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မြို့မဇရိယာအတွင်းရှိ ကဒုံစီးကျွဲခြံချောင်းအား မူလဇရိယာအတိုင်း သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယင်းကဒုံစီးကျွဲခြံချောင်းအား ရေစီးဆင်းမှု ဆွဲအားကောင်းစေရန် လိုအပ်သော ချောင်းကောဇရိယာများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မြို့မဇရိယာအတွင်းရှိ ကဒုံစီးကျွဲခြံချောင်းသည် ပေ(၂၀၀၀၀)အရှည်ရှိပြီး ကုလားမတောင်တန်းမှ မြစ်ဖျားခံ၍ မြို့မရပ်ကွက်များနဲ့ ကျေးရွာပေါင်း(၅)ရွာကို ဖြတ်သန်းကာ ပင်လယ်ထဲသို့ စီးဆင်းသွားသော ချောင်းမကြီးဖြစ်ပါတယ်။ အဆိုပါ ချောင်းမကြီးသည် နှစ်ပေါင်း(၃၀)ကျော်ကြာ ပြုပြင်ထိန်းသိမ်းထားခြင်း မရှိသည့်အတွက် ချောင်းမြေသားများ ကောလာခြင်း၊ ချောင်းဇရိယာများ ကျဉ်းမြောင်းသွားခြင်း၊ ချောင်းရေ စီးမှုမှာလည်း အလွန်ပဲ နှေးကွေးသွားပါတယ်။ ရေစီးဆင်းမှု နှေးကွေးသွားသောကြောင့် အမှိုက်များ၊ ချုံနွယ်များ ပေါက်ရောက်လျက် ရှိနေပါတယ်။ မိုးရာသီတွင် ချောင်းရေလျှံသဖြင့် မြို့မရပ်ကွက်များ ရေကြီးနစ်မြုပ်မှုဒဏ်ကို မြို့သူ မြို့သားများ ခံစားကြရပါတယ်။ မြို့မရပ်ကွက်ရှိ

အောက်လမ်းမကြီးသည်လည်း (၂)ပေမှ (၃)ပေအထိ ရေကြီးနစ်မြုပ်နေသောကြောင့် ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များ အန္တရာယ်ကြီးစွာ သွားလာနေကြရပါသည်။ မြို့မရပ်ကွက်ရှိ မြေနိမ့်ဒေသများတွင်နေထိုင်သော ရပ်ကွက်သူ၊ ရပ်ကွက်သားများသည် ချောင်းရေစီးဆင်းမှုနှေးသောကြောင့် ရေကြီးသည့်ရက်ကြာရှည်သဖြင့် ကျန်းမာရေးအန္တရာယ်များနဲ့ ရင်ဆိုင်နေကြရပါတယ်။ အဆိုးဆုံးမှာ ကုသရခက်ခဲသော သွေးလွန်တုပ်ကွေး ကပ်ရောဂါကြောင့် နှစ်စဉ် ကလေးငယ်များ အသက်ဆုံးရှုံးနေကြရပါသည်။

ချောင်းမကြီးတစ်လျှောက်ရှိ လယ်မြေများသည်လည်း မိုးရာသီ စပါးစိုက်ပျိုးချိန်တွင် ရေကြီးနစ်မြုပ်သောကြောင့် နှစ်ကြိမ်မှသုံးကြိမ်အထိ ပြန်လည်ပျိုးထောင် စိုက်ပျိုးနေကြရပါတယ်။ ချောင်းမကြီးတစ်လျှောက်ရှိ လယ်ဧက(၁၀၀၀၀)ကျော်မှာလည်း ရေကြီးနစ်မြုပ်မှုကြောင့် နှစ်စဉ် စပါးထွက်နှုန်းကိုလည်း များစွာထိခိုက်နေပါတယ်။ မြို့မရပ်ကွက်ရှိ အောက်လမ်းမကြီးသည်လည်း ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် သတ်မှတ်ချိန်မတိုင်မီ ပျက်စီးနေသဖြင့် ပြန်လည်ပြုပြင်နေရသောကြောင့် နိုင်ငံတော်၏ဘဏ္ဍာငွေကြေးများလည်း ဆုံးရှုံးနေကြရပါသည်။ ထို့အတွက်ကြောင့် မြို့သူ၊ မြို့သားများ အဓိကတောင့်တလျက်ရှိသော ကဒုံစီးကျွဲခြံအမည်ပေါက် မြို့မချောင်းကြီးအား လိုအပ်သလို ထိန်းသိမ်းဖော်ဆောင်ပေးပါရန် ပေါင်မြို့နယ်သူ၊ မြို့နယ်သားများ၏ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနဆီသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း တောင်းခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။ (သြဘာသံများ)

**မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားမှုကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိမှုကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဝင်ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ မေးခွန်းဖြစ်တဲ့ မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားမှု ရှိမရှိကို မေးမြန်းလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ (၇၀) ရာခိုင်နှုန်းသော ပြည်သူလူထုဟာ မြေကြီးကိုအားပြုပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်

နေကြတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့် မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်ရေးဟာ အလွန်အရေးကြီး ပါတယ်။ ဒါပေမယ့်လို့ နိုင်ငံတော်စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ မြေယာ အငြင်းပွားမှုပြဿနာပေါ်ရင်ပဲဖြစ်ဖြစ်၊ မြေကြီး၊ မြေပုံ၊ မြေစာရင်းအထောက်အထားများဟာ အားနည်း လျက်ရှိပါတယ်။ ဥပမာအားဖြင့် မိဘလက်ငုတ်ဓားမဦးချ နှစ်ပေါင်းများစွာ လုပ်ကိုင်စိုက်ပျိုးလာခဲ့ကြတဲ့ လယ်ယာမြေလုပ်ကိုင်သူအချို့ဟာ သစ်တောကာကွယ်တောအတွင်းကို ကျူးကျော်တောင်သူများ အဖြစ် သတ်မှတ်ခံနေကြရပါတယ်။ သူတို့မိဘလက်ထက်ကတည်းက စိုက်ပျိုးရေးလုပ်ကိုင်လာကြတဲ့ ယာမြေများကို သစ်တောမြေအဖြစ် သတ်မှတ်ထားတာကို မဲဆန္ဒရှင် တောင်သူလယ်သမားများ နားမလည်နိုင်ကြသလို စိုက်ပျိုးမြေမှ သစ်တောမြေဖြစ်သွားတာကိုလည်း မသိခဲ့ကြပါဘူး။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မဲဆန္ဒရှင်တောင်သူများ နားလည် သလိုပြောကြတာကတော့ သူတို့ရဲ့စိုက်ပျိုးမြေများ သစ်တောမြေအဖြစ် စားပွဲပေါ်မှာပြောင်းလဲသွားတယ်။ စိုက်ပျိုးယာမြေက ဘယ်လိုလုပ် သစ်တောမြေဖြစ်နိုင်မှာလဲလို့ ကျွန်တော်တို့ကို တင်ပြကြပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောမြေအဖြစ်သတ်မှတ်ခံကြရတဲ့ တောင်သူ လယ်သမားများဟာ သူတို့ရဲ့ လွတ်လပ်စွာ စိုက်ပျိုးခွင့်ကို အကန့်သတ်ခံရတယ်လို့ ထင်မြင်ရုံသာမက ဘဲနဲ့ မြေယာလုပ်ကိုင်ခွင့် ပုံစံ-၇ ထုတ်မရတဲ့ပြဿနာနဲ့ ကြုံကြရပြန်ပါတယ်။ ပုံစံ-၇ ရှိမှ စိုက်ပျိုးစရိတ် ထုတ်ချေးပေးတဲ့အတွက်၊ သူတို့မှာ စိုက်ပျိုးစရိတ်ချေးငွေလည်း မရကြတဲ့အတွက် စိတ်မချမ်းမသာနဲ့ နေကြရပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးစရိတ်ထုတ်ချေးရာ မှာလည်း လယ်မြေနဲ့ ယာမြေ မြေအမျိုးအစား၊ အကျယ်အဝန်းအပေါ် အခြေခံပြီးတော့ ထုတ်ချေးပေးတဲ့ အခါမှာ ယာမြေများက လယ်မြေဖြစ်၊ လယ်မြေဖြစ်ပေမယ့်လို့ ယာမြေကနေ လယ်မြေ ပြောင်းမရလို့ ပိုပြီးမြေယာကျယ်ရင် ချေးငွေများများရတဲ့အခါမှာ မြေကြီး၊ မြေပုံ၊ မြေစာရင်းများဟာ မြေပြင်နဲ့ ကွဲလွဲ လာရပါတော့တယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးနေတဲ့ယာမြေဖြစ်နေပေ မယ့်လည်း ပုံစံ-၇ ထုတ်မရသေးတဲ့တောင်သူများလည်း ရှိနေပါတယ်။ မြေယာဥပဒေက မြေယာရောင်း ဝယ်ခွင့်ကို ဥပဒေနဲ့အညီ ခွင့်ပြုထားပေမယ့်လည်း အမည်ပြောင်းဖို့ခက်ခဲနေတာလည်း ကြုံတွေ့နေ ရပါတယ်။ မိဘပိုင်ဆိုင်တဲ့မြေကို သားသမီးများက ခွဲဝေပေးခြင်း၊ မြေယာအရောင်းအဝယ်လုပ်ရင် လည်း၊ လုပ်ပိုင်ခွင့်အမည်ပြောင်းခြင်းများလည်း ရှိနေမှာဖြစ်တဲ့အခါမှာ မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်ရေးဟာ အလွန်ပဲ အရေးကြီးလှပါတယ်။ မြေယာနဲ့ပတ်သက်လို့ အငြင်းပွားမှု ကြုံတွေ့ရမယ် ဆိုလို့ရှိရင်လည်း မြေပုံအထောက်အထားက အဓိက ကျလှပါတယ်။ စားကျက်မြေများ စိုက်ပျိုးမြေ ဖြစ်နေခြင်း၊ မိဘလက်ငုတ်လက်ရင်း ဓားမဦးချ လုပ်ကိုင်ခဲ့ပေမယ့်လည်း မြေယာလုပ်ပိုင်ခွင့် ပုံစံ-၇ မရှိ တဲ့အတွက် မြေယာလုပ်ကိုင်ခွင့် လက်လွှတ်ရခြင်းများလည်း နိုင်ငံအနှံ့ တောင်သူများ ကြုံတွေ့နေကြ ရတဲ့အတွက် မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားမှု ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ မေးခွန်းနဲ့ စပ်လျဥ်း၍ ဦးစွာ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရဌာနအဖွဲ့အစည်းတွေမှာ မြေပုံနဲ့ မြေပြင်ဆိုင်ရာ ကိန်းဂဏန်းများ ကောက်ယူတဲ့နည်းစနစ်များ၊ ကိန်းဂဏန်း စုစည်းမှုနဲ့ မြေပုံထုတ်လုပ်တဲ့ နည်းစနစ်များ အမျိုးမျိုး၊ အဖုံဖုံ ကွဲပြားခြားနားနေခြင်းကြောင့် တစ်မျိုးတည်းသောမြေပုံစနစ် တည်ထောင်နိုင်ဖို့အတွက် မြန်မာအမျိုးသားမြေပုံတည်ထောင်ရေးစီမံကိန်း (One Map Myanmar)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ယခင်အစိုးရလက်ထက်ကတည်းက စီမံဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားမြေပုံစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ကို အစိုးရဌာနအဖွဲ့အစည်း(၂၅)ဌာနမှ ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း(၃၃၀)၊ မြို့ပေါင်း(၄၃၅)မြို့၊ ကျေးရွာအုပ်စုပေါင်း(၁၃၅၉၁) အုပ်စု၊ ကျေးရွာပေါင်း(၆၃၈၃၁)ရွာ တည်ရှိပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့ မြေယာတွေဟာ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများမှ စီမံခန့်ခွဲပါတယ်။ အလားတူ စားကျက်မြေများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်ခွဲပါတယ်။ ကျန် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာရှိတဲ့ မြို့မြေနဲ့ စိုက်ပျိုးမြေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနမှ ကွက်စိပ်မြေပုံများ တိုင်းတာရေးဆွဲပြီး မှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက်ခြင်းကို ၁၉၀၆ ခုနှစ်၊ ကြေးတိုင်နှင့်မြေစာရင်းဆိုတဲ့ ခေတ်ကာလကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ ယခုကျေးရွာအုပ်စုပေါင်း(၁၃၅၉၁)အုပ်စုအတွင်းမှာရှိတဲ့ ကွင်းပေါင်း (၈၃၅၇၁)ကွင်း၊ အကွက်ပေါင်း(၁၀၄၁၄)ကွက် စုစုပေါင်းဧရိယာဧက (၄၈)သန်းခန့်အပေါ်မှာ ကွက်စိပ်မြေပုံများ တိုင်းတာထိန်းသိမ်းထားရှိပါတယ်။ နှစ်စဥ်လည်း မြေကြီး၊ မြေပုံနဲ့ မြေစာရင်း မှန်ကန်ရေးအတွက် ပြန်တိုင်း/ ပြင်တိုင်းဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်း စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ထုတ်ပေးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီနဲ့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစပြီးတော့ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ မြို့နယ်ပေါင်း(၃၀၂)မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၁၃၄၇၇)

အုပ်စု၊ တောင်သူပေါင်း(၅.၈၅)သန်းကျော်ရဲ့ ဦးပိုင်ပေါင်း(၉.၅၇)သန်းကျော်မှာ ပုံစံ-၇များ ထုတ်ပေး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေး ဖို့ကျန်ရှိတဲ့ အကြောင်းရင်းတွေကတော့ သွားရေလာရေး ခက်ခဲခြင်း၊ နယ်မြေအေးချမ်းမှု မရှိခြင်း၊ ကွင်း ဖွဲ့တိုင်းတာဖို့လိုအပ်ခြင်း၊ တောင်သူများမှ အခြားဒေသသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေခြင်း စတဲ့ အခြေအနေ အကြောင်းအရပ်ရပ်များကြောင့် ကျန်ရှိနေတဲ့အခြေအနေရှိပါတယ်။ သစ်တောမြေ၊ စားကျက်မြေများအတွင်းမှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ မြေများနဲ့ပတ်သက်ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ပါ လယ်ယာမြေဆိုတဲ့စကားရပ်မှာ အကျုံးဝင်ခြင်းမရှိသေးတဲ့အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်းမရှိသေးကြောင်း ဖြေကြားလိုပါတယ်။

သစ်တောမြေ၊ စားကျက်မြေအတွင်း ကျူးလွန်စိုက်ပျိုးလျက်ရှိတဲ့ မြေများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ ပယ်ဖျက်ခွင့်လျှောက်ထားပြီး ပယ်ဖျက်ခွင့်ရရှိပါက ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်သွား နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုထားရှိဖို့နဲ့ မြို့ပြနှင့်ကျေးလက်မြေယာများကို ကွက်စိပ်မြေပုံများ ပြုစု မှတ်တမ်းတင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ နှစ်စဉ် စီမံကိန်းများ ချမှတ်ပြီး ဌာနရဲ့ မူလလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း နဲ့ နိုင်ငံတော်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ကိုင်နေတဲ့ လယ်ယာမြေအားလုံးကို မှတ်ပုံတင်နိုင်ရေး နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ-၇ ထုတ်ပေးရေးလုပ်ငန်းအား နှစ်စဉ်စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သစ်တောမြေ၊ စားကျက်မြေများအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိတာကြောင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ရန် အကျုံးမဝင်သည့်မြေများနဲ့ပတ်သက်ပြီး မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ ပတ်သက်၍ သစ်တောမြေ၊ စားကျက်မြေများအတွင်းမှ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပယ်ဖျက်ပြီးပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ရရှိရေးအတွက် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)မောင်တူး ရဲ့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မြို့မဧရိယာအတွင်းမှာရှိတဲ့ ကဒုံစီးကွဲခြံ ချောင်းအား မူလဧရိယာအတိုင်း သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယင်းချောင်းအား ရေစီးဆင်းမှု ဆွဲအားကောင်းစေဖို့အတွက် လိုအပ်သောချောင်းကောဧရိယာများအား ပြန်လည်တူးဖော် ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးဌာန မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားထားသည်ကတော့ ပေါင်မြို့နယ်မှာရှိတဲ့ ကဒုံစီးကျွဲခြံချောင်းဟာ ပေါင်းရပ်ကွက်၊ အကွက်အမှတ်(၂)နဲ့ အကွက်အမှတ်(၉)တို့မှာ ပေ(၃၆၀၀)ခန့်၊ ကဒါရပ်ကွက် ကွင်းအမှတ်(၈၈၉)မှာ ပေ(၂၆၀၀)ခန့်နဲ့ ကဒုံစီးရပ်ကွက် ကွင်းအမှတ်(၈၉၁)မှာ ပေ(၄၃၀၀)ခန့် စုစုပေါင်းပေ(၁၀၅၀၀) ဖြတ်သန်းစီးဆင်းပြီးတော့ ကျွဲခြံကျေးရွာနှင့် ဘန့်ဘွေးကုန်းကျေးရွာတို့မှာ ပေ(၉၅၀၀)ခန့် ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းတဲ့ ကဒုံစီးကျွဲခြံချောင်းမြေများကို ပေါင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာရှိတဲ့ စာရင်းမြေပုံမှတ်တမ်းများနဲ့ မြို့နယ်စိစစ်ရေးအဖွဲ့ ဖွဲ့ပြီး အထိအခိုက်အနည်းဆုံးဖြင့် မူလ ကဒုံစီးကျွဲခြံချောင်းမြေဧရိယာကို သတ်မှတ်တိုင်းတာပေးနိုင်ရေး မြို့နယ်စိစစ်ရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကဒုံစီးကျွဲခြံချောင်း အရှည်ပေ(၂၀၀၀၀)ခန့်ကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၂၀၀)ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် ချောင်းအတွင်း ရေစီးဆင်းမှုကောင်းမွန်ပြီး ရေငန်ဝင်ရောက်မှု၊ နုန်းပို့ချမှုနဲ့ လယ်မြေဧက(၅၀၀)ခန့်နဲ့ ရပ်ကွက်/ကျေးရွာများ ရေကြီးနစ်မြုပ်မှုကနေ လျော့နည်းသက်သာစေနိုင်မည် ဖြစ်ပါသော်လည်းပဲ ပေါင်မြို့နယ်၊ ကဒုံစီးကျွဲခြံချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေစာရင်းမှာ မပါရှိသေးတဲ့အတွက် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါ ကြောင်း ဖြေကြားထားသည်ကို တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ရဲ့ မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအမံများဆောင်ရွက်ထားမှုကို ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာဖြစ်ပါတယ်။ လက်ရှိ မှတ်တမ်းပြုစုထိန်းသိမ်းထားတဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကွင်းမြေပုံတွေဟာ လူတွေရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့်၊ သဘာဝတရားကြောင့်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများကြောင့်၊ စိုက်ပျိုးမြေဧရိယာများတိုးချဲ့ဖော်ထုတ်လုပ်ကိုင်မှုများကြောင့် မြေပြင်အခြေအနေများ ပြောင်းလဲမှုများရှိပါတယ်။ မြေပြင် အခြေအနေနဲ့ မြေပုံမှာဖော်ပြထားမှုများ ကွဲလွဲမှုရှိနေခြင်းအပေါ် မြေကြီး၊ မြေပုံနဲ့ ကိုက်ညီဖို့အတွက် နှစ်စဉ်ရဲ့ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ဘဏ္ဍာငွေ ရရှိမှုအပေါ်မှာမူတည်ပြီး မြေတိုင်းတာခြင်း၊ မြေပုံဆွဲခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့သို့ မြေကြီး၊ မြေပုံမှန်ကန်ရေးအတွက် ဆောင်ရွက်ခဲ့တဲ့နေရာမှာ ယခင်သမားရိုးကျမြေတိုင်းတာခြင်းနဲ့ မြေပုံရေးဆွဲခြင်းစနစ်များမှာ အားနည်းချက်များစွာရှိပါတယ်။ ဒီအားနည်းချက်တွေကို ကျော်လွှားနိုင်ဖို့အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ မှစပြီး ခေတ်မီမြေတိုင်း ပစ္စည်းကိရိယာများကို အသုံးပြုပြီး မြေပြင်တိုင်းတာခြင်း နဲ့ မြေပုံရေးဆွဲခြင်းဆိုင်ရာ နည်းစနစ်များနဲ့ ဒီဂျစ်တယ်မြေပုံများ တိုင်းတာထုတ်လုပ်ပေးနိုင်ရေးကို ရန်ပုံငွေ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်လျက် ရှိပါတယ်။ အချိန်တိုအတွင်း မှန်ကန်တိကျတဲ့

ဒီဂျစ်တယ်မြေပုံများရရှိဖို့အတွက် Remote Sensing and GIS နည်းပညာများ အသုံးပြု ဆောင်ရွက်နိုင်ရေး ဂြိုလ်တုဓာတ်ပုံများ အသုံးပြု၍ မြေပုံထုတ်လုပ်ခြင်းကိုလည်း စမ်းသပ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အဲဒီလို ဒီဂျစ်တယ် မြေပုံထုတ်လုပ်နိုင်ဖို့နဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ခွင့်ပြုချက်နဲ့ မြေပြင်တိုင်းကိရိယာများဖြစ်တဲ့ RTK GPS၊ အစုံ(၇၀၀)၊Total Station(၃၄၅)စုံနဲ့ External Radio (၃၀၀)စုံတို့ကို ဝယ်ယူပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထိ ဦးစီးဌာန၊ ရုံးချုပ်အပါအဝင် နေပြည် တော်ကောင်စီ၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ခရိုင်(၇၂)ခရိုင်၊ မြို့နယ်(၂၉၉)မြို့နယ်နှင့် မြို့ပေါင်း (၈၂)မြို့မှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန များသို့ အသုံးချ ဆောင်ရွက်နိုင်ဖို့ အတွက် ခွဲဝေပေးပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ ခေတ်မီမြေတိုင်းကိရိယာများနဲ့ စီမံဆောင်ရွက်တဲ့အခါမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကွင်းပေါင်း (၁၃၈၆၉)ကွင်း၊ ဧရိယာဧကအားဖြင့် (၇.၇)သန်း တိုင်းတာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကွင်းပေါင်း (၇၂၂၉)ကွင်းကို တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှနေပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကွင်းပေါင်း(၃၄၀၀၀)ကို တိုင်းတာဖို့အတွက် ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်ပြီး နှစ်စဉ် မြေတိုင်းစီမံချက်များချမှတ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ တောင်သူတွေ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ပေး လျက်ရှိကြောင်း ပဏာမမေးခွန်းမှာလည်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သစ်တောကြိုးဝိုင်းအတွင်းမှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူတွေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်ရေးအတွက်လည်း မြေဧရိယာဧက(၄.၅၄)သိန်းမှာ သစ်တောကြိုးဝိုင်း အဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယင်းပယ်ဖျက်တဲ့ မြေအတွင်းမှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူပေါင်း (၅၀၀၀၀)ခန့်ရဲ့ ဦးပိုင်ပေါင်း(၆၃၀၀၀)၊ ဧရိယာဧက(၂.၆)သိန်းကို ပုံစံ-၇ များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

အလားတူ စားကျက်မြေများအတွင်း သီးနှံစိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူတွေကို ပုံစံ-၇ ထုတ်ပေးနိုင်ရေးအတွက် မြေဧရိယာဧက (၁၄၀၀၀)ကျော်ကို ဥပဒေနဲ့အညီ စားကျက်မြေမှ ပယ်ဖျက်ပေးခဲ့ပြီး ယင်းမြေမှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူပေါင်း (၂၂၅၂)ဦး၊ ဦးပိုင်ပေါင်း (၃၀၀၀)၊ ဧရိယာဧက(၁၂၅၀၀)ကျော်ကို မြေတိုင်းတာပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ထုတ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ နေပြည်တော် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ခေတ်မီမြေတိုင်းကိရိယာများ အသုံးပြုပြီး နိုင်ငံတော်ရဲ့ ရန်ပုံငွေ ခွင့်ပြုချက်ပေါ်မှာ အခြေခံ၍ နှစ်စဉ် မြေတိုင်းစီမံချက်များ ချမှတ်၍ မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေးလုပ်ငန်းတွေကို ခေတ်မီနည်းစနစ်များ အသုံးချတဲ့ ဒီဂျစ်တယ်မြေပုံများ ရရှိနိုင်ရေးကို ဆောင်ရွက်နေပါကြောင်းနဲ့ သစ်တောကြိုးဝိုင်းမြေ၊ စားကျက်မြေတွေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ တောင်သူတွေရဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ

ဝန်ကြီးဌာနများမှ သစ်တောကြိုးဝိုင်းမြေနဲ့ စားကျက်မြေများအဖြစ်မှ ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်ပေးလာပါက ဥပဒေနှင့်အညီ မြေတိုင်းတာပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇များ ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။

**ဦးစိုးသိဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီး လာရောက်ဖြေကြားပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ဆိုတာ ကုန်ပါတော့မယ်ခင်ဗျား။ အဲဒီတော့ ဒီ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ မပါခဲ့ဘူးဆိုရင် ကျွန်တော်တို့ ဘယ် ဘတ်ဂျက်ရာသီမှာ ပြန်လည်ပါနိုင်သလဲဆိုတဲ့ အနေအထားနဲ့ ပတ်သက်ပြီး မေးခွန်း မေးချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဖြေကြားပေးတဲ့ ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့အခါမှာ မြေယာပြဿနာဖြစ်ရတဲ့ အကြောင်းရင်းထဲမှာ အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းမတင်နိုင်လို့ဖြစ်ခဲ့တာတွေ ကျွန်တော် ဖော်ပြခဲ့ပါတယ်။ နည်းပညာများ တိုးတက်မှုကြောင့် မှတ်တမ်းတင်မှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မယ့် အလားအလာ ရှိလာပါတယ်။ အဲဒါကြောင့်မို့လို့ အချိန်နဲ့တစ်ပြေးညီ မှတ်တမ်းတင်ဖို့ အဆင့်ဆင့် ကြီးကြပ်မှုပြုရန် အစီအစဥ် ရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး ဖြေလို့ရရင် ဖြေလိုက်ပါ။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပထမမေးခွန်းနှင့်စပ်လျဥ်းပြီး ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေ လျာထားချက်မှာ မပါတဲ့အတွက်ကြောင့်မို့လို့ လာမယ့်နှစ်မှာ မည်ကဲ့သို့စီစဥ်ဆောင်ရွက်သွားမယ်ဆိုတဲ့ အခြေအနေမျိုးမေးတယ်လို့ မှတ်ယူပါတယ်။ ဒီကိစ္စနဲ့ စပ်လျဥ်းပြီးတော့ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့နဲ့ ညှိနှိုင်းချိတ်ဆက်ပြီးတော့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးရန်ပုံငွေမှာ ပါခြင်း၊ မပါခြင်း၊ မပါခဲ့ပါက မည်ကဲ့သို့ စီမံညှိနှိုင်းဆောင်ရွက်သွားနိုင်မယ်ဆိုတဲ့ အခြေအနေလေးကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီခေတ်မီနည်းစနစ်နဲ့ဆောင်ရွက်နိုင်သော်ငြားလည်းပဲ လက်ရှိဌာနရဲ့ ဖွဲ့စည်းပုံအင်အား ဘဏ္ဍာငွေရရှိအသုံးချတဲ့အပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ လုပ်ငန်းကို တိုးတက်ဆောင်ရွက်နိုင်ဖို့ အခြေအနေမှာ တချို့အပိုင်းလေးတွေမှာ အကန့်အသတ်များရှိပါတယ်။ သို့ပင်သို့ငြားသော်လည်းပဲ သက်ဆိုင်ရာ မြေအလိုက် ကျွန်တော်တို့ စီမံ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာလည်းပဲ လက်ရှိဘဏ္ဍာငွေရရှိမှုအခြေအနေ၊ နောက်တစ်ခါ ဝန်ထမ်းများရဲ့အရည်အသွေး တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် လေ့ကျင့်မွေးထုတ်ပေးတဲ့

အခြေအနေပေါ် မူတည်ပြီးတော့ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ပေးသွားမယ် ဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက် ၂၈ - ၉ -၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီကို (၁၀)မိနစ် အချိန်ပေးပါမယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်နိုင် က ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနဲ့ စပ်လျဉ်း၍ ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့နေရာမှာ စကားလုံး(၁)လုံး၊(၂)လုံးလောက်သာ ဖြစ်တယ်ဆိုရပေမယ့် ဒီစကားလုံး (၁)လုံး၊ (၂)လုံးလောက်မျှဟာဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိမ့်ကျနေတဲ့ပညာရေးစနစ်ကို ကမ္ဘာ့အဆင့်မီ တိုးတက်မြင့်မားအောင် တံခါးတစ်ချပ်ဖွင့်ပေးမယ့် ခလုတ်တစ်ခု ဖြစ်စေနိုင်တာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ကွဲလွဲချက်ကို စတင် ကျွန်တော် ဆွေးနွေးပါမယ်။ ပထမဆုံး ကွဲလွဲချက်ကတော့ ဥပဒေရေးထုံး စကားလုံးသုံးစွဲမှုမျှသာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကန့်လန့်ဖြတ်

ဇယား၊ ဒီကွဲလွဲမှု ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂)၊ အမှတ်စဉ်(၆) အပိုဒ်၂(ခ)မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဘယ်လိုအတည်ပြုထားလဲဆိုရင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ စာစစ်အဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စာစစ်အဖွဲ့ကို ဆိုလိုသည်။ ပုဒ်မ ၃ ကို တိုက်ရိုက်ညွှန်းဆိုပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကတော့ စာစစ်အဖွဲ့ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ၊ အဲဒီလို သုံးစွဲပါတယ်။ အဲဒီနေရာမှာ ဘာလေးကွာသလဲဆိုရင် ဤဥပဒေ ဆိုတဲ့အသုံးအနှုန်းကွာပါတယ်။ ဤဥပဒေဆိုတဲ့ အသုံးအနှုန်းကို သုံးခြင်းသည် မူလဥပဒေ စာစစ်အဖွဲ့ဥပဒေကြီးကို ပြန်လည်ရည်ညွှန်းတာ ဖြစ်တဲ့ အတွက် ဥပဒေရေးထုံးမှာ ဥပဒေ မူလဥပဒေကို ပြန်လည်ရည်ညွှန်းရင် ပုဒ်မနံပါတ်ကို ပြောပြရင် ရပါပြီ။ ဤဥပဒေဆိုတဲ့ အသုံးအနှုန်း သုံးစွဲလေ့၊ သုံးစွဲထ မရှိပါဘူး။ အကောင်းဆုံး ဥပမာအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ ပုဒ်မများကို အပြန်ပြန်အလှန်လှန် ပြန်ရည်ညွှန်းပါတယ်။ အဲဒီအခါမှာ ဤဥပဒေ၊ ဤဥပဒေလို့ ထပ်ခါတလဲလဲ သုံးစွဲခြင်း လုံးဝမရှိဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ ဒါကြောင့် မိုလို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်သည် ဥပဒေရေးထုံးနဲ့ မကိုက်ညီကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကွဲလွဲချက်ကတော့ ကျွန်တော်တိတိကျကျ ပြည့်ပြည့်စုံစုံဆွေးနွေး လိုတဲ့ အဓိကအချက်ဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော် မူလကွဲလွဲတဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ (၃)၊ အမှတ်စဉ်(၈) အပိုဒ်၂(ဃ)မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဘယ်လိုလဲဆိုရင် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၄)၏နောက်တွင် ပုဒ်မခွဲငယ်(၅)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ နည်းပညာတစ်ခုခု၏အထောက်အကူကို ရယူ၍ဖြေဆိုခြင်း၊ နည်းပညာတစ်ခုခု၏ အထောက်အကူကို ရယူ၍ ဖြေဆိုခြင်းဆိုတာ ဘယ်ခေါင်းစဉ်အောက်ကို ရောက်နေသလဲဆိုတော့ မသမာသောနည်း ဆိုတဲ့ ခေါင်းစဉ်အောက်ကို ရောက်နေတယ်။ အဲဒီအခါမှာ ပြည်သူ့လွှတ်တော်က ဘယ်လိုထည့်လဲ ဆိုရင် ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခု၏ အထောက်အကူရယူ၍ ဖြေဆိုခြင်းလို့ထည့်ထား ပါတယ်။ သူက ဘာပို လိုက်သလဲဆိုတော့ ခွင့်ပြုချက်မရရှိဘဲ နည်းပညာကိုသုံးရင် မသမာတယ်။ ခွင့်ပြုချက်ရရှိရင် ခွင့်ပြုပြီးတော့ သုံးစွဲလို့ရတယ်လို့ သူက တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီ တင်ပြချက်ဟာ ကျွန်တော်တို့ရဲ့ ပညာရေးတံခါးပေါက်ကို ဖွင့်ဖို့မှန်ကန်တဲ့ တင်ပြချက်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုချက်ကို ကျွန်တော်က ထောက်ခံပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ဆွေးနွေးချက်သည် မှန်ကန်ခိုင်လုံမှု အထောက်အထားဖြင့် အပိုင်း(၃)ပိုင်းခွဲပြီး ဆွေးနွေးချင်ပါတယ်။ အပိုင်း(၁)ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံစာစစ်အဖွဲ့ရဲ့ ခေတ်ဟောင်း၊ စနစ်ဟောင်းကျင့်သုံးနေမှုနဲ့ ကျွန်တော်တို့ လက်ရှိအစိုးရသစ် ရဲ့ ပညာရေးမူဝါဒ(၁၆)ချက်နဲ့ ကွာဟနေမှုကို ကျွန်တော်က ဒီဥပဒေနဲ့ထောက်ပြီးတော့ ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ အပိုင်း(၂)မှာတော့ နိုင်ငံတကာရဲ့ ကျင့်သုံးနေမှုကို ကျွန်တော် တင်ပြမှာ ဖြစ်ပါတယ်။ အပိုင်း(၃)ကတော့ ကွဲလွဲချက်(၂)ခုမှာ မှန်ကန်တဲ့ ရွေးချယ်မှုကို သုံးစွဲနိုင်ရင် ရရှိလာ မယ့်

ပညာရေး၊ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး၊ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအကျိုးအမြတ်ကို ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Piont ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ အခု တင်ပြထားတာကတော့ မြန်မာနိုင်ငံစာစစ်အဖွဲ့ရဲ့ ထုတ်ထားတဲ့ စည်းကမ်းများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ထားတဲ့ စည်းကမ်းများဖြစ်ပါတယ်။ အဲဒီစည်းကမ်းမှာ ထပ်ပြီးတော့ ဖြည့်တာ။ အဲဒီမှာ ဟိုနှစ်ပေါင်း(၅၀)ကျော်က သုံးခဲ့တဲ့ ကျွန်တော်တို့ (၉)တန်းကျောင်းသားတုန်းက သုံးခဲ့တဲ့ Logarithm ဇယားကို ယနေ့ထိ သုံးနေတုန်း၊ ကမ္ဘာမှာ ဘယ်နေရာမှမသုံးတော့ဘူး။ လက်ရှိ ကျွန်တော်တို့ မြန်မာပြည်တစ်ခုတည်းပဲ ထူးထူးခြားခြားသုံး နေတာပါ။ Logarithm က ဘယ်လောက်တောင်မှ အထောက်အကူမပေးသလဲဆိုရင် ယနေ့ခေတ်မှာ ဆိုရင်တော့ ကျွန်တော်တို့ သိန်းချီတဲ့၊ ဘီလီယံချီတဲ့ ပမာဏတွေ တွက်ဖို့အတွက်ဆိုရင် Logarithm က ဝေးရော။ သူက ဂဏန်း(၄)လုံးပဲ တွက်လို့ရတယ်။ ပြီးတော့ သူက အမှန်အတိုင်း အဖြေကို ကူးချတာပါ။ Logarithm ဆိုတာသည် ခေတ်မမီတုန်းက သုံးခဲ့တဲ့နည်းတွေ၊ ဟုတ်ပြီ။ အဲဒါကတော့ မသမာသောနည်း ဆိုပြီးတော့ တကယ့် ကမ္ဘာ့အဆင့်မီ Electronic ပစ္စည်းများ၊ သင်္ချာတွက်စက်ဆိုတာတွေကို သုံးဖို့ တားမြစ်ထားခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံစာစစ်အဖွဲ့ဦးစီးဌာနသည် တိတိကျကျပဲ တားမြစ်ထားတဲ့ အချက်ကို ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

ဆက်လက်တင်ပြရမယ့်အချက်ကတော့ ကျွန်တော်တို့ရဲ့ အစိုးရသစ်ရဲ့ မူဝါဒသစ်၊ အဲဒီ မူကြမ်းစာအုပ်သည် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးမှာ ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်အသစ်တက်တဲ့အခါမှာ ၂၀၁၇ ခုနှစ်အတွက် မူဝါဒသစ်၊ ရည်မှန်းချက်သစ်၊ လုပ်ငန်းစဉ်သစ် များကို မူကြမ်းအဖြစ် စာအုပ်အားလုံးပေးထားပါတယ်။ အဲဒီထဲကဟာကို ကျွန်တော် ကိုးကားပြီး တင်ပြ ပါမယ်။ စာမျက်နှာ(၁၆၇) ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒ(၁၆)ချက်ရှိပါတယ်။ ကျွန်တော်နဲ့ အခု သက်ဆိုင်တဲ့အချက်ကတော့ (ဇ) နိုင်ငံတကာပညာရေးအဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများ ကို အသုံးပြု ဆောင်ရွက်ရေးဆိုတာ ကျွန်တော်တို့ အစိုးရသစ်ရဲ့ ချထားတဲ့ မူဝါဒဖြစ်ပါတယ်။ ဒီမူဝါဒနဲ့ လက်ရှိကျင့်သုံးနေတဲ့ စာစစ်ဦးစီးဌာန၊ စာစစ်အဖွဲ့ရဲ့မူသည် လုံးဝ ကွာဟနေပါတယ်။ အဲဒီကွာဟ ချက်ကတော့ ဟို ခေတ်မမီတော့တဲ့ Logarithm ကို သုံး၊ ယနေ့ အခုလောလောဆယ်သုံးရမယ့် သင်္ချာ တွက်စက်တွေ၊ Electronic Calculator တွေ၊ အဲဒါတွေကို မသုံးပါနဲ့လို့ တားမြစ်ထားပါတယ်။ အဲဒါကြောင့်မို့လို့ တားမြစ်ချက်သည် ကျွန်တော်တို့ရဲ့ ခေတ်မီတဲ့ပညာရေးရရှိဖို့ အဟန့်အတား ဖြစ်စေ ပါတယ်။

ဒီတစ်ခါမှာ တိုက်ဆိုင်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆက်နွယ်ပြီးပြောရမယ့် အချက်တစ်ချက် ကတော့ ကျွန်တော်တို့ လွှတ်တော်မစမီ သင်တန်းတစ်ခု တက်ရပါတယ်။ ရက်တိုသင်တန်း။ စီမံ ဘဏ္ဍာဝန်ကြီးဌာနမှာ တက်တဲ့အခါမှာ ဟုတ်ပြီ။ အဲဒီအခါမှာ သင်တန်းတက်တာ စိတ်စောသွားလို့ တကယ်တမ်းအမှန်က နိုင်ငံတကာ ကျင့်သုံးတာပြောချင်ပါတယ်။ နိုင်ငံတကာ ကျင့်သုံးတဲ့အခါမှာ အခု ဒီခေါင်းစဉ်ဟာ University of Cambridge International Examination ၊ အဲဒီမှာ အသုံးပြုတဲ့ မေးခွန်းဖြစ်ပါတယ်။ အောက်ဆုံးစာကြောင်းကိုကြည့်ရင် နည်းနည်းလေးတော့ မှိန်နေတယ်။ အဲဒီ

အခါမှာ လိုအပ်တဲ့ ဖြည့်စွက်တဲ့ပစ္စည်းနဲ့ Electronic Calculator ကို သုံးစွဲဖို့အတွက် ခွင့်ပြုထား ပါတယ်။

နောက် လူသိများတဲ့ GCE ဖြစ်ပါတယ်။ A Level အတွက်ဖြစ်ပါတယ်။ သူက လုံးဝ ဘလိုင်းကြီးပဲ ဟာ သုံးဟေ့ သုံးဟေ့လို့ ပြောတာမဟုတ်ဘူး။ မလိုအပ်ရင် သုံးလို့မရဘူး။ C1 ဆိုတာ Core Mathematics One အင်မတန်လွယ်တဲ့ သင်္ချာလေးဖြစ်တဲ့အတွက် Calculator မသုံးပါနဲ့လို့ တားမြစ်ထားပါတယ်။ တိတိကျကျပါ။ Next ကကျတော့ မြင့်တဲ့သင်္ချာဖြစ်သွားပါပြီ။ C3, Core Math 3 ဖြစ်သွားပါပြီ။ သူ့မှာဆိုရင်တော့ Calculator သုံးစွဲရပါတယ်။ အောက်မှာ ကျွန်တော်တို့ Point လေးတွေသေးတဲ့အတွက် Next ပြပေးပါ။ Next မှာဆိုရင်တော့ Candidates may use any Calculator၊ ဖြေဆိုမယ့်သူများဟာ Calculator များသုံးစွဲနိုင်ပါတယ်။ သို့သော် ကန့်သတ်ချက်လေးနဲ့ ပြထားပါတယ်။ ကျွန်တော် နိုင်ငံတကာသုံးစွဲမှုကို ဒီမှာ နမူနာအဖြစ် ပြပါတယ်။ ဆိုတော့ နိုင်ငံတကာမှာ ဆိုရင်လည်း ဟောဒီကဥပဒေမှာပြတဲ့အတိုင်း ခွင့်ပြုချက်မပေးတာကို မပေးဘူး၊ ပြတ်ပြတ်သားသား မေးခွန်းမှာ ထည့်ရိုက်တယ်၊ ခွင့်ပြုချက်ပေးတာကို ပေးပြီးထည့်ရိုက်တယ်။ အဲဒီလိုရိုက်ခြင်းအားဖြင့် ဘာအခွင့်အရေးရမယ်လည်း ဟုတ်ပြီ၊ အဲဒီတော့ ကျွန်တော်တို့ သင်တန်းသွားတက်တဲ့အချိန်မှာ သက်ဆိုင်ရာ ဆရာကြီး/ဆရာမကြီးများက ကျွန်တော်တို့ကို တစ်ချက်ပြောပြလိုက်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရရဲ့ ဝင်ငွေသည် အခွန်အခများပဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျောင်းသားတွေ Tax Education အခွန်ပညာရေးသင်ပေးဖို့ လိုအပ်ပါတယ်လို့ ပြောပြပါတယ်။ အဲဒီအချက်က အင်မတန်အရေးကြီးပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ပညာရေးမူဝါဒတွေထဲမှာ ဒီအချက်က ထည့်ဆွဲတဲ့အခါမှာ ဒီလို ခေတ်မီတိုးတက်တဲ့ ပစ္စည်းများမပါဘဲနဲ့ အခွန်တွေကို တွက်လို့မရပါဘူး။ အခွန်တွေဟာ ယနေ့ခေတ်မှာ ဆိုရင်တော့ သာမန်အားဖြင့် သိန်းဂဏန်းရောက်နေပါပြီ။ နောက်ဆုံး တကယ့်တကယ်အခွန်ကို တွက်တဲ့အခါမှာ ကျွန်တော်တို့ မိဘအတွက်လား၊ သား၊ သမီးအတွက်လား လျှော့တာ၊ ပေါ့တာကအစ တွက်မယ်ဆိုရင် Calculator လိုအပ်လာပါတယ်။ အဲဒီတော့ ကလေးတွေကို သင်တဲ့အခါမှာ သုံးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအခါမှာ ဒီဥပဒေမှာ ပါတဲ့အချက်ဖြစ်တဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာ ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခု၏ အထောက်အကူရယူ ဖြေဆိုခြင်းသာလျှင် မသမာသောနည်းဖြစ်ပြီးတော့၊ ခွင့်ပြုချက်လိုအပ်ရင် ထည့်ပေးရတော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်သည် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံကြောင်း ပြောကြားရင်း ဆွေးနွေးချက်ကို အဆုံးသတ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းရင် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့မှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးမင်းဦး တင်သွင်းထားတဲ့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တတိယအကြိမ် ပုံမှန်အစည်းအဝေးတုန်းက ကျွန်တော်တို့ ဒါကို ဆွေးနွေး ထားပြီးသား ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့တဲ့အခါမှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်(၈)ချက်နဲ့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ကို ပြန်လည်ပေးပို့လာပါတယ်။ ဒီပြင်ဆင်ချက် (၈)ချက်ထဲမှာ ပြင်ဆင်ချက်(၇)ချက်ကိုတော့ ကျွန်တော့်အနေနဲ့ သဘောတူလက်ခံပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဒီပြင်ဆင်ချက်(၇)ချက်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်က ပြန်လည် ပေးပို့တဲ့ အတည်ပြုချက်တွေဟာ အဓိပ္ပာယ်ကွဲလွဲမှု မရှိဘဲနဲ့ ဥပဒေရေးထုံးအနေနဲ့ ဥပဒေရဲ့ အရေး အသားတွေ ပိုမိုပြီးတော့ ပြေပြစ်ပြည့်စုံတဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုထားတဲ့(၇)ချက်ကို ကျွန်တော်က ထောက်ခံပြီးတော့ (၁)ချက်ကိုပဲ ကျွန်တော်ဆွေးနွေးမှာပါ။

ဒါက ခုနက ကိုယ်စားလှယ်တော်ကြီး ဦးကျော်နိုင် ဆွေးနွေးသွားတဲ့ ကျွန်တော်တို့ ၂ (င)ရဲ့ ပုဒ်မခွဲငယ်(၅) ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက နည်းပညာတစ်ခုခု၏ အထောက်အကူကို ရယူ၍ ဖြေဆိုခြင်းမပြုရဘူးလို့ ဆုံးဖြတ်ထားတဲ့နေရာမှာ ပြည်သူ့လွှတ်တော်က ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခုကို အထောက်အကူရယူ၍ ဖြေဆိုခြင်း မပြုရဘူးလို့ ပြန်လည် ပြင်ဆင်ပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ခွင့်ပြုချက်မရရှိဘဲဆိုတဲ့ စကားရပ်နဲ့ ကျွန်တော်တို့က အငြင်းပွားခြင်းဖြစ်ပါတယ်။ ဒါ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတာ ဖြစ်ပါတယ်။ တတိယအကြိမ်တုန်းက ကျွန်တော်တို့ ဒီပုဒ်မကို အကျေအလည် ဆွေးနွေးခဲ့ပါတယ်။ ဟုတ်ပြီ။ နည်းပညာတစ်ခုခုရဲ့ အထောက်အကူကို ရယူပြီး မဖြေဆိုရဘူးဆိုရင် ဘယ်လိုနည်းပညာ လဲဆိုတာကို တိတိကျကျ ပြဋ္ဌာန်းထားတာမရှိတဲ့အတွက် Electronic နည်းပညာတွေကို မသုံးရဘူးလို့ မှတ်ယူတယ်ဆိုရင် ကျွန်တော်တို့က ဒီဥပဒေမှာကိုက ဒီနည်းပညာဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့် ဆိုထားပြီး ဖြစ်ကိုဖြစ်ရပါမယ်။ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိဘဲနဲ့ ဒါကို အသစ်ဖြည့်စွက်ထားတဲ့ ဥပဒေ ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် ဒါဟာ အငြင်းပွားနေတာဖြစ်ပါတယ်။ ဒီအချိန်မှာ ပြည်သူ့လွှတ်တော်က

လည်း ခွင့်ပြုချက်မရရှိဘဲလို့ ဆိုတဲ့အတွက် ခွင့်ပြုချက်ရရှိထားတဲ့ နည်းပညာတွေက ဘာတွေလဲဆိုတာ ဒါ ဥပဒေမှာ အားနည်းချက်တစ်ခု ဖြစ်လာပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ ခွင့်ပြုချက် မရရှိဘဲဆိုတဲ့ စကားရပ်ကို ကျွန်တော်က နည်းနည်းကန့်ကွက်ပြီးတော့ အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေတစ်ခုခုရဲ့ အထောက်အကူကို ရယူ၍ ဖြေဆိုခြင်းဆိုတာ ပိုပြီးတော့ ကျွန်တော်တို့အနေနဲ့ မျှတအောင်ချုပ်ထားတဲ့အတွက် ဒါကို ကျွန်တော်က ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွင့်ပြုချက်မရရှိဘဲ ဆိုတဲ့စကားရပ် သုံးမယ်ဆိုရင် ဒီဥပဒေမှာ နည်းပညာဆိုတဲ့ စကားရပ်ကို ကြိုတင်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ရမှာ၊ ဒါမှသာလျှင် ခွင့်ပြုချက်မရလဲ၊ ဒါ ခွင့်မပြုပါဘူး။ ဘယ်ဟာကိုတော့ ခွင့်ပြုပါတယ်ဆိုပြီး တိတိကျကျပြဋ္ဌာန်းမှုရှိမှသာလျှင် ခွင့်ပြုချက်မရရှိဘဲဆိုတဲ့ စကားရပ်က သုံးခွင့်ရှိပါတယ်။ ဥပဒေမှာ ဒီစကားရပ်ဟာ နည်းပညာတစ်ခုခုကိုဆိုတဲ့ စကားရပ်က အသစ်ဖြည့်စွက်ထားတဲ့အတွက် Initial Law မှာကိုက အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိတဲ့အတွက် ဒါဟာ ခွင့်ပြုချက် မရရှိဘဲဆိုတဲ့ စကားရပ်ကို ဒီဥပဒေမှာ သုံးခြင်းအားဖြင့် ပိုမိုရှုပ်ထွေးလာနိုင်တဲ့၊ ပိုမိုအငြင်းပွားဖွယ်ဖြစ်လာနိုင်တဲ့အတွက် အကယ်၍ ခွင့်ပြုချက်မရရှိဘဲလို့ ရရှိမှသုံးရမယ်ဆိုရင် လက်ရှိစာစစ်အဖွဲ့က ထုတ်ပြန်ထားတဲ့ အမိန့်တွေ၊ ကြော်ငြာစာတွေ ရှိမှသာလျှင် ဒီခွင့်ပြုချက်မရရှိဘဲဆိုတဲ့ စကားရပ်က ဒီဥပဒေမှာ ထည့်သွင်းရမှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်းသာလျှင် ကျွန်တော်က ထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၂၀)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ နိုင်ငံတော်၏ သား၊ ငါး ကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည် ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့် မရရှိဘဲ ဆောင်ရွက် ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်း ထားသည့် နိုင်ငံတော်၏ သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့်ရည်ရွယ်ချက် များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ် လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ တရားဝင် ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်း များ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့်ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးဖို့ ဖြစ်ပါ တယ်။ တစ်ဦးကို (၁၀)မိနစ်စီ ဆွေးနွေးခွင့်ပြုပါမယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံးမင်္ဂလာပါ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်၏

သား၊ ငါးကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ်ခြယ်လှယ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင် ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်ကဲ့သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၏ အဆိုကို ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း မှ ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်သည် အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် အမိန့် ကြော်ငြာစာအမှတ် (၂၇/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အဲ့ဒီအချိန်မှာ ဥက္ကဋ္ဌ က ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူးက ဒေါက်တာဝင်းမြင့် (တိ/မွေး/ကု)ဆရာဝန်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီမှာ အဖွဲ့ဝင်တစ်ယောက် ဖြစ်သည့်အတွက် MICA ၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲမတိုင်မီ အချိန်ကာလကတည်းက MICA ၏ အကြောင်းဆက်နွယ်သော တိရစ္ဆာန်ဆေးကု ဆရာဝန်များထံမှလည်း ကြားသိရပြီးဖြစ်ပါတယ်။ ကော်မတီဝင်တစ်ယောက်မဖြစ်ခဲ့ရင် ဒီလောက် စောစော သိချင်မှ သိပါလိမ့်မယ်။ သိခဲ့သော်လည်း သတင်းအချက်အလက် အပြည့်အစုံ ကြားသိချင်မှ ကြားရပါလိမ့်မယ်။ ကြားရသော်လည်း နားလည်ချင်မှ နားလည်ပါလိမ့်မယ်။ ကျွန်တော်ကတော့ ပြည့်ပြည့်စုံစုံ သိရှိနားလည်ခဲ့တယ်။ စောစောစီးစီး သိရှိနားလည်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နေ့က လွှတ်တော်ကိုယ်စားလှယ်(၈)ယောက် ဆွေးနွေးမှုများဖြစ်စဥ်နှင့် ကွာခြားမှု မရှိလောက်ပါဘူး။ အတိုချုံးပြီးတင်ပြရလျှင် မွေးမြူရေးဦးစီးဌာနပိုင်၊ မွေးမြူရေးခြံ ၊ စက်ရုံ(၄၅)ခု၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ရေလုပ်ငန်းဆိုင်ရာ(၆)ခု၊ ငါးမွေးမြူရေးစခန်း(၃)ခု၊ ရေလုပ်ငန်းနှင့် ဆက်စပ်မှုရှိသော လုပ်ငန်း(၃)ခုတို့အား မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (MICA) နှင့် လုပ်ငန်းများ လွှဲပြောင်းဆောင်ရွက်ထားကြောင်း သိရှိခဲ့ရပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းနှင့် အင်းစိန် ဘူတာရုံလမ်းထောင့်မှာရှိတဲ့ နှစ်ထပ်အဆောက်အအုံ အနီရောင်ကို ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် တွင် အင်္ဂလိပ်အစိုးရဘုရင်ခံမှ အုတ်မြစ်ချပြီး အင်းစိန်တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်း (Insein Veterinary College) အဆောက်အဦအဖြစ် တည်ဆောက်ပေးခဲ့သော သမိုင်းဝင်တိရစ္ဆာန်ဆေးကု ဆရာဝန်များအားလုံး၏ သမိုင်းအစဥ်အဆက် တန်ဖိုးထားသည့် ဧက(၁၃၀)ကျော် မြေနေရာအား လက်လွတ်စပယ် စီမံဆောင်ရွက် လုပ်ကိုင်နေမှုများအတွက် ပို၍ စိတ်ခံစားမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ထဲထဲဝင်ဝင် သိရှိခဲ့ရပါသည်။

ကျွန်တော့်အနေဖြင့်လည်း ယခုအဆိုကို ဆွေးနွေးမည်ဆိုတော့ကား JICA, MICA, MECA တို့ရဲ့ ဆင်တူရိုးမှား ဖြစ်နေတဲ့အကြောင်း လေ့လာကြည့်မိတော့ MECA ဆိုတာ ပေါင်းသတ်ဆေးတံဆိပ် တစ်မျိုး MICA ကလည်း ပေါင်းသတ်ဆေးလိုပါပဲလားလို့ တွေးဆမိပါတယ်။ ဘာဖြစ်လို့ တွေးဆရ သလဲဆိုရင် MICA ကိုလည်း အပြင်လူနှင့် အတွင်းလူများပေါင်းစပ်ပြီး မွေးမြူရေးကဏ္ဍကြီးတစ်ခုလုံး ကို သတ်ပစ်လိုက်သလို ခံစားမိလို့ပါပဲ။ JICA အကြောင်း JICA ရဲ့ Website မှာ ကျွန်တော့်ညီနဲ့ ညီမကို ရှာကြည့်ခိုင်းပြီး ဘာသာပြန်ခိုင်းလေ့လာကြည့်တော့ J နှင့် M ဂျပန်နှင့် မြန်မာလောက် ကွာသ လားဆိုတာ မဟုတ်ပါဘူး။ သူ့နာမည် အတုအပခိုးရုံလောက်ပဲ တတ်ပါလိမ့်မယ်။ ဖွဲ့စည်းတည်ထောင်ပုံ လုပ်နည်း၊ ကိုင်နည်း၊ အကျိုးရှိပုံရှိနည်း တခြားစီပါပဲ။ JICA (Japan International Cooperation Agency) ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်တွင်ရှိပြီးတော့ အစိုးရ၏အစိတ်အပိုင်းအဖြစ် ထားရှိကာ ၁၉၇၄ ခုနှစ်မှာ စတင်ဖွဲ့စည်း ခဲ့ကြောင်း၊ JICA အသစ်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် ပြီးမြောက်ကတည်းက JICA အသစ်သည် နိုင်ငံရပ်ခြား ရုံးချုပ်ပေါင်း(၉၇)ခုရှိပြီးတော့ နိုင်ငံပေါင်း(၁၅၀)ကျော်တွင် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ နည်းပညာများဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးချမ်းသာကြွယ်ဝသော အသင်းကြီးတစ်သင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်များ MICA နှင့် JICA က ဘယ်လိုမှ နှိုင်းယှဉ်လို့ရနိုင်မှာလဲ။ ၂၀၁၂ ခုနှစ်က စတင်တယ်လို့လည်း ပြောပါတယ်။ ၂၀၁၄ ခုနှစ်လောက်ကျမှ ပြည်ထောင်စုအစိုးရထံ တင်ပြတယ်လို့ဆိုတာပါပဲ။ ဘယ်လိုတွေ ဆောင်ရွက်လို့ ဘာတွေအောင်မြင်ခဲ့ ပါသလဲ။ ယခင်အကြိမ်က ထားပါဦး။ ယခုလက်ရှိ သက်ဆိုင်သော ပြည်ထောင်စုအစိုးရကို ဝန်ကြီး ဌာနက (၁၀)လကျော်မှ ဘာတွေတင်ပြ အစစ်ဆေးခံနိုင်ပါသလဲ။ စစ်ဆေးခံတဲ့ စစ်ဆေးခဲ့ဖူးပါသလား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ရန်ကုန်ရောက်တော့ (တိ/မွေး/ကု)မှာလုပ်ခဲ့တဲ့ အသက်(၇၅)နှစ်အရွယ် ဆရာကြီးများရဲ့ ရင်ထဲဆို့နင့်စွာ ကြားရတဲ့အသံ၊ တောင်ကိုးရီးယား မွေးမြူရေးတက္ကသိုလ်က ပညာရှင်နှစ်ယောက်လာပြီးတော့ မြန်မာနိုင်ငံ ငါးကဏ္ဍ တိုးတက်စေရန် အဆောက်အဦ တည်ဆောက်ပြီးတော့ ပြီးစီးပါက ငါးကဏ္ဍပညာရပ်များ၊ ငါးတက္ကသိုလ် ဖွင့်လှစ်ပြီး လာရောက်သင်ကြား အကူအညီပေးကြမည့်အကြောင်းများ ပြောကြားတော့ ကျွန်တော်တို့ နိုင်ငံရဲ့ လုပ်ပုံကိုင်ပုံတွေကြောင့် အရှက်လည်း ရမိပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နေ့က ကိုယ်စားလှယ်ကြီးများကလည်း MICA အကြောင်း ပြည့်ပြည့်စုံစုံတင်ပြထားတာ စုံသလောက်နီးပါး သိရှိနေကြပါပြီ။ ကျွန်တော်တို့ အားလုံး လက်ခံနိုင်တဲ့ အယူအဆဖြစ်သော မဂ္ဂင်(၈)ပါး ပေတံအချက်(၈)ချက်ဖြင့် MICA ကိုတိုင်းတာ တင်ပြပါရစေ။ (၁) MICA ကို စီမံဆောင်ရွက်သော ပုဂ္ဂိုလ်များသည် မှန်ကန်သောအမြင်ဖြင့် ဆောင် ရွက်ခဲ့ကြပါသလား။ မှန်ကန်သော အမြင်ရှိစွာဖြင့် ဆောင်ရွက်လျှင် အောင်မြင်မှုတစ်ခုတော့ သက်သေ သာဓကပြနိုင်ရပါမယ်။ (၂) မှန်ကန်သော အတွေးဖြင့် MICA ကို အကောင်အထည်ဖော်ခဲ့ပါသလား။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ရဲ့ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်စေရန် အတွေးအခေါ်၊ အယူအဆများဖြင့် မိမိအတ္တ ကိုယ်ကျိုးမပါစေရန် ဆောင်ရွက်မယ်လို့ တွေးတောကြံဆခဲ့ဖူးပါသလား။ (၃) မှန်ကန်သော စကား၊ ဆွေးနွေးမှု၊ စာဖြင့်တင်ပြမှု ပြောဆိုဆွေးနွေးဆောင်ရွက်ခဲ့ပါသလား။ လွှတ်တော်ကလည်း ရှိနေရဲ့သားနဲ့ လွှတ်တော်မှာ ဘာကြောင့် မဆွေးနွေး မတင်ပြခဲ့တာလဲ။ ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြောဆိုပြီး တရားဝင်ထုတ်ပြန်အမိန့်မျိုး ရှိခဲ့ပါသလား။ ဥပဒေနဲ့အညီ ဖွဲ့ခဲ့ပါသလား။ အစိုးရ ပြောင်းလဲခါနီး ၂၂-၃-၂၀၁၆ ကျမှ သတင်းစာရှင်းလင်းပွဲ ပြောဆိုမှုများသည် မှန်ကန်သောစကားများ ဖြစ်နိုင်ပါရဲ့လား။ (၄) MICA အဖွဲ့က တည်ထောင်ပြီး မှန်ကန်သော အလုပ်ပြီးကြောင်း သက်သေ သာဓကေ ပြနိုင်ပါရဲ့လား။ JICA ကတော့ မှန်ကန်သော အလုပ်ဖြစ်ကြောင်း အကျိုးဖြစ်ထွန်းစေတဲ့ ကိစ္စများရှိကြောင်း သက်သေပြနိုင်ပါတယ်။ ဥပမာ မြန်မာနိုင်ငံအတွင်းမှာ ရေတွင်းများတူးပေးလို့ ရှမ်းပြည်၊ လားရှိုးမှာ ခုတင်(၅၀၀)ဆေးရုံ တည်ဆောက်ပြီးတာ မကြာသေးပါဘူး။ ကျွန်တော်တို့ မကွေး မြို့မှာလည်း ခုတင်(၅၀၀)ဆေးရုံတည်ဆောက်ဆဲ ပွင့်လင်းမြင်သာစွာ သက်သေပြထားပါတယ်။ (၅) MICA သည် သမ္မာအာဇီဝ၊ မှန်ကန်သောအသက်မွေးမှုအဖြစ် တည်ရှိနေရဲ့လား။ တရားဝင်ဖွဲ့စည်းခွင့် မကျဘဲ ပြည်သူပိုင်ပစ္စည်း၊ ခြံမြေနေရာ၊ အဆောက်အဦများဖြင့် မမှန်ကန်သော ဈေးနှုန်းဖျက်သိမ်း ယူဆောင်ရွက်ပြီး မှန်ကန်သောအသက်မွေးဝမ်းကျောင်းမှု ဖြစ်နိုင်ပါမလား။ ကျွန်တော်ကိုယ်တိုင်များ အများပိုင်ပစ္စည်း သိမ်းဆည်းခိုးယူမည်ဆိုလျှင် ၆(၁) အပခ-၃ တို့ဖြင့် တရားစွဲခံရမှာ အမှန်ပါ။

ဆိုရှယ်လစ်ခေတ်ဆိုရင်တော့ ၁၄(၁) ပုဒ်မနဲ့ တရားစွဲခံရမှာပါပဲ။ (၆) MICA သည် သမ္မာ အာဇီဝကျအလုပ်မဟုတ်ပဲ ဝီရိယစိုက်ထုတ်ရင်တော့ ပိုမှားသွားပါလိမ့်မယ်။ ၁၉၆၂ ခုနှစ်က ပုဂ္ဂလိကကို ပြည်သူပိုင်သိမ်းတယ်။ ၂၀၁၂ ခုနှစ်ကျတော့ ပြည်သူပိုင်ကို ပုဂ္ဂလိကအဖွဲ့အစည်းက သိမ်းတယ်။ ဆက်လက်သိမ်းပိုက်ဆောင်ရွက်နေမယ်ဆိုရင် ပိုမှားသွားမယ်လို့ ဆိုလိုချင်တာပါ။ (၇) သမ္မာသတိ၊ မှားနေလျှင် ဆက်မလုပ်ဖို့ ဆက်လုပ်ခွင့်မပြုဖို့ သတိနှင့် ဆင်ခြင်ရပါမယ်။ သက်ဆိုင်ရာ အဖွဲ့အစည်း တွေဖွဲ့ပြီး ဝင်ငွေ၊ ထွက်ငွေကို အောက်မေ့ မှတ်သား သတိနှင့် စစ်ဆေးစီမံဆောင်ရွက်ရပါမယ်။ (၈) သမ္မာသမာဓိ၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့များ အမှားနည်းနိုင်သမျှနည်းအောင် တည်တည်ငြိမ်ငြိမ်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းဖို့ လိုမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် ကျွန်တော်၏ ပုဂ္ဂိုလ်ရေး၊ အသင်း အဖွဲ့အစည်းများအရေးအတွက် အစွဲအလမ်းကြီးစွာ၊ အတ္တကြီးစွာဖြင့် တင်ပြဆွေးနွေးနေခြင်း မဟုတ်ပါ။ ယနေ့ တိုင်းပြည်ဆင်းရဲနေချိန်တွင် စိုက်ပျိုးရေးဆိုရင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးဆိုရင် မွေးမြူရေး ကဏ္ဍအလိုက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရင်း အကျိုးဖြစ်ထွန်းစေမည့် သက်ဆိုင်သည့် အလုပ် တွေကိုပဲ နည်းပညာများရှာဖွေရင်း ပူးပေါင်းဆောင်ရွက်ကြစေပြီး နိုင်ငံတော်စီးပွားရေး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေဖို့၊ ဧင်းတိုးတက်မှုမှတစ်ဆင့် နိုင်ငံသားများအပေါ် အကျိုးဖြစ်ထွန်းမှုစီးဆင်းစေဖို့ အလေးထားဆောင်ရွက်ရန် လိုအပ်သော အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအဖြစ် ရပ်တည်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း

(ခ) ဒေါက်တာအားကာမိုး ၏ အဆိုကို ထောက်ခံခြင်းဖြစ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ပြည့်စုံလျက် မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်ပါရစေခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြလိုပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး က ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် အမျိုးသားလွှတ်တော်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ အဆိုတင်သွားတဲ့ Myanmar International Cooperation Agency ရဲ့ (၄)နှစ်သက်တမ်း ဆောင်ရွက်ချက်များနဲ့ နိုင်ငံပိုင်ဘတ်ဂျက်ငွေ သုံးစွဲသောကိစ္စများကို ရှင်းလင်းတင်ပြရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်မှ ထောက်ခံဆွေးနွေး တင်ပြသွားပါမယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ MICA ကို စတင်ဖွဲ့စည်းသော ၂၀၁၂ ခုနှစ်၊ ရည်ရွယ်ချက်ကြီး(၉)ရပ်နဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ဦးတည်ရည်မှန်းချက်(၂)ချက်ကိုသာ (၅၀)ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်တဲ့ အချက်(၇)ချက်ကတော့ အနုတ်လက္ခဏာပါခင်ဗျား။ ၂၀၁၂ ခုနှစ်ကတည်းက ပေါင်းစပ်ညှိနှိုင်းမှုတွေ တစ်စစရှေ့တိုးလာပြီး ဝင်ငွေတွေ ရရှိခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေးမှတ်တမ်းပါ ဆုံးဖြတ်ချက်(၁၃/၂၀၁၄) ၏တွင် မူအရ သဘောတူခဲ့ပြီးတော့ အရာထမ်း(၃၄)ဦး၊ အမှုထမ်း(၇၀)ဦး၊ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့၊ အကြံပေးပညာရှင်အဖွဲ့ စသည်ဖြင့် အစိုးရဝန်ထမ်းများနဲ့ အစိုးရဝန်ထမ်းမဟုတ်သူတို့နဲ့ ရောထွေးဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော်ပြန်တမ်းလည်း ထုတ်ပြန်ခြင်းမရှိပါ။ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ ထည့်သွင်းရေးဆွဲတဲ့ ဝန်ကြီးဌာနများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာလည်း မပါရှိသကဲ့သို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ စာရင်းစစ် စစ်ဆေးချက် အစီရင်ခံစာမှာလည်း မပါရှိတာကို သိသာထူးခြားစွာ စိစစ်တွေ့ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပိုင် စက်ရုံ(၄၈)ရုံ၊ အင်းစိန်တည်းကုန်း အုတ်စက်ရုံပိုင်မြေဧက (၆၄.၅၄)ဧက၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်မြေနှင့် လုပ်ငန်းခွဲ(၁၇)ခု၊ အင်းစိန်မြို့ မွေးမြူရေးနှင့် ဆေးကုသရေးဌာနပိုင် မြေဧက(၁၃၄.၇၃)ဧကတို့ကို လွှဲပြောင်းယူခဲ့

ပါတယ်။ အဲ့ဒီအတွက် မြေငှားရမ်းခ တစ်မျိုးတည်းမှာတင် ကျပ်သန်းရာချီပြီး အကျိုးအမြတ်ရရှိတယ်လို့သိရှိရပါတယ်။ အဖွဲ့အစည်းစတင်ချိန် ရည်ရွယ်ချက်များ တရားဝင်ထုတ်ဖော်ကြေညာထားပြီး အမှန်တကယ်လုပ်ငန်းဆောင်ရွက်တဲ့အခါကျတော့ Shopping Centre တွေဆောက်၊ စက်သုံးဆီအရောင်းဆိုင်တွေဖွင့်၊ အိုးအိမ်တိုက်တာတွေဆောက် အဆမတန်မြတ်မယ့် ဆောက်လုပ်ရေးစီမံကိန်းစတာတွေကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပြီး မူလတာဝန်ယူထားတဲ့ နိုင်ငံတော် မွေးမြူရေးနှင့် သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို လုံးဝဥပေက္ခာပြုခဲ့ပါတယ်။ လွှဲပြောင်းယူလိုက်တဲ့ ဝန်ကြီးဌာနမှ ဝန်ထမ်းတွေ၊ ပညာရှင်တွေဟာ မွေးမြူရေးခြံတွေမှာ ငုတ်တုတ်ထိုင်၊ ခြံစောင့်ဖြစ်နေရပြီး လစဉ်လစာစရိတ်ငွေကျပ် သိန်း(၁၂၀) ကုန်ကျတာမို့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။

ကန်ထရိုက်ချပေးတဲ့စနစ်နဲ့ လုပ်ငန်းတင်ဒါ ခေါ်တဲ့အခါမှာလည်း အလုပ်သဘောအရပဲ ခေါ်ပြီး VIP ပုဂ္ဂိုလ်တွေနဲ့ ခွင်ညှိပြီးသားပုဂ္ဂိုလ်တွေပဲ တင်ဒါ ရကြပါတယ်။ နိုင်ငံပိုင်ပစ္စည်း၊ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်အဆောက်အဦတွေကို မိမိကိုယ်ပိုင်လို သဘောထားဆုံးဖြတ် လုပ်ကိုင်နေတာမို့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ဥပေက္ခာပြုထားတဲ့ ဒီလုပ်ငန်းအားလုံးရဲ့ အကျိုးအမြတ် ငွေစာရင်းများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းစေရေး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်မှ အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မွေးမြူရေးမရှိတော့၍ ဝင်ငွေမရတော့သော ဝန်ထမ်းအိမ်ရာ၊ အဆောက်အဦများ (ဃ)



ငါးမွေးမြူရေး ဆက်မလုပ်တော့၍ အလဟဿ ဖြစ်သွားသော ငါးကန်များ (ဃ-၁)



မွေးမြူရေးမရှိတော့၍ ဝင်ငွေမရတော့သော ဝန်ထမ်းအိမ်ရာ၊ အဆောက်အဦများ (ဃ-၂)



**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်ပြတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မအနေနဲ့ ပွင့်လင်း

မြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးနဲ့ သန့်ရှင်းသောအစိုးရ ဆိုတဲ့ ရှုထောင့်ကနေပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ခုနတုန်းက ပြောခဲ့သလိုပဲ ကောင်းမွန်သောအုပ်ချုပ်ရေးနဲ့ သန့်ရှင်းသော အစိုးရတစ်ရပ် ဖြစ်ဖို့အတွက် နိုင်ငံပိုင်အဖွဲ့အစည်းတွေရဲ့ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ဟာလည်း အရေးပါတဲ့ကဏ္ဍကနေ ပါဝင်နေပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခု ဖြစ်တယ်ဆိုပြီးတော့မှ ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) ရဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဘယ်လောက်ရှိသလဲ ဆိုတာကို ကျွန်မအနေနဲ့ မေးခွန်း ထုတ်ပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အရင်ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်ကြီးများ တင်ပြခဲ့ သလိုပါပဲ။ MICA အနေနဲ့ ဒီ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနပိုင် ခြံပေါင်း၊ စက်ရုံပေါင်း(၄၈)ခု၊ အုတ်စက်ရုံနဲ့ တညင်းကုန်းမြေဧရိယာ (၆၄.၅၄)ဧက၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် လုပ်ငန်း(၁၇)ခုအပြင် မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနပိုင်မြေ(၉၂.၀၀၇)ဧကကို MICA က လွှဲပြောင်းယူခဲ့တယ်လို့ ပြောပါတယ်။

ဒါဆိုလို့ရှိရင် ဒီလိုမျိုး နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖွဲ့ပြီး မြန်မာနိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီလို နိုင်ငံပိုင်အဖွဲ့အစည်းကို ဖွဲ့မယ်ဆိုရင် သူ့မှာ အုပ်ချုပ်ရေး၊ ခေါင်းဆောင်နဲ့ ဒီအုပ်ချုပ်ရေးကဏ္ဍဆိုတာ ရှိရမှာဖြစ်ပါတယ်။ နောက်တစ်ခုက လုပ်ငန်းစဉ်ဆိုတာ ရှိရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီလိုမျိုးလွှဲပြောင်းပြီးတော့ ဘယ်လိုပုံစံနဲ့ လွှဲပြောင်းယူခဲ့သလဲ။ ဘယ်သူတွေက တာဝန်ယူခဲ့သလဲ။ ဘယ်လိုလုပ်ငန်း အစီအစဉ်တွေ ချမှတ်ခဲ့သလဲ။ ဘယ်လိုငွေကြေးအရင်းအနှီးတွေနဲ့ လုပ်ခဲ့သလဲဆိုတာလည်း ကျွန်မတို့ မေးခွန်းထုတ်စရာရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ပွင့်လင်း မြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတာကို ကျွန်မတို့ ဒါ မေးချင်ပါတယ်။ နောက်တစ်ခုကကျတော့ ဒီလိုမျိုးလွှဲပြောင်းယူခဲ့တဲ့ ခြံလုပ်ငန်းတွေနဲ့ စက်ရုံလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့အခါမှာ အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ့်စနစ်နဲ့ လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဖို့ ဆိုပြီးတော့ ပြည်တွင်း ပြည်ပလုပ်ငန်းရှင် ကုမ္ပဏီတွေကို Expression of Interest (EOI) စိတ်ဝင်စားမှုဖော်ပြချက် တင်ပြီးတော့ အဆိုပြုလွှာတွေ လျှောက်ပါဆိုပြီးတော့ ၂၀၁၄ ခုနှစ်မှာ ခေါ်ခဲ့ပါတယ်။ အဲ့ဒီ အဆိုပြုလွှာတွေနဲ့ ပတ်သက်ပြီးတော့ MICA ရဲ့ ဒီဘုတ်အစည်းအဝေးတွေကိုလည်း ၂၀၁၅ ခုနှစ်မှာ (၁၀)ကြိမ်၊ ၂၀၁၆ ခုနှစ် မှာ (၇)ကြိမ် ကျင်းပခဲ့တယ်လို့ ကျွန်မတို့ သတင်းအချက်အလက်များအရ သိရပါတယ်။ ဒါဆိုရင် ကျွန်မမှာ ထပ်ပြီးတော့ မေးခွန်းထုတ်စရာ ရှိပါတယ်။

၂၀၁၄ ခုနှစ်မှာ EOI တွေ ခေါ်ခဲ့တယ်။ ဒါပေမဲ့ ၂၀၁၅ နဲ့ ၂၀၁၆ မှာ ဆောင်ရွက်ခဲ့တယ်။ ပြီးတော့မှ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ အဆိုပြုလွှာတွေအနက်မှ မွေးမြူရေးဌာနပိုင် ခြံ၊ စက်ရုံ(၁၄)ခု၊ အုတ်စက်ရုံ တညင်းကုန်းစက်ရုံတစ်ခုနဲ့ ငါးလုပ်ငန်းဦးစီးဌာနပိုင်(၉)ခုကိုပဲ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ စာချုပ်ချုပ်ဆိုဖို့ ခွင့်ပြုချက်ပေးခဲ့တယ်လို့ သိရပါတယ်။ ကျွန်မကို Power Point Presentation ဖြင့် အနည်းငယ်ပြသခွင့်ပြုရန် ခွင့်တောင်းပါတယ်ရှင်။ ကျွန်မကို Power Point ပြပေးပါ။ ဒါကတော့ စောစောတုန်းက ပြောခဲ့သလိုပဲ စက်ရုံပေါင်း(၄၈)ခု၊ အုတ်စက်ရုံ(၁)ခု၊ နောက်ငါးလုပ်ငန်းဦးစီးပိုင် (၁၇)ခုကို နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများကို အဆိုပြုလွှာ အောင်မြင်တဲ့ လုပ်ငန်းတွေရဲ့ အမည် စာရင်းပဲ ဖြစ်ပါတယ်။ ဒါတွေက EOI အောင်မြင်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒါ (၁၀)ခုရှိပါတယ်။

အဲဒီတော့ ဒါတွေအားလုံးပေါ့နော် ကျွန်မတို့ ဒါတွေက EOI အောင်မြင်တာ၊ သို့သော် ဒီလိုမျိုး အောင်မြင်ခဲ့တဲ့ကုမ္ပဏီတွေပေါ့နော်။ ဒီအဖွဲ့အစည်းတွေအားလုံးက ကျွန်မတို့ ခုနတုန်းကပြောခဲ့တဲ့ လွှဲပြောင်းယူခဲ့တဲ့ လုပ်ငန်းတွေနဲ့စာလို့ရှိရင် အများကြီး နည်းနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီမှာ ထပ်မံပြီးတော့မှ တင်ပြချင်တာကတော့ ခုနတုန်းက မအောင်မြင်ဘဲနဲ့ကျန်ခဲ့တဲ့ ခွင့်ပြုချက်မကျတဲ့ စက်ရုံမြေဧက(၃၄)ခု၊ ငါးလုပ်ငန်း(၆)ခုကို MICA အနေနဲ့သော်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမျိုး ဆောင်ရွက်ခဲ့သလဲ။ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်နေပါသလဲ။ ပြီးတော့ အဲဒီလုပ်ငန်းတွေကိုလည်း ဘယ်လို တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဆောင်ရွက်နေပါသလဲဆိုတာကိုလည်း ကျွန်မအနေနဲ့ သိချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီ စက်ရုံ၊ ခြံမြေတွေဟာ နိုင်ငံပိုင်အရင်းအမြစ်တွေ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ပြည်သူ့ဘဏ္ဍာတွေ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဒီ နိုင်ငံတော်စီးပွားရေး လုပ်ငန်းတွေ မှာလည်း ကျွန်မတို့ ဆုံးရှုံးတာတွေ အများကြီးရှိပါတယ်။ ပြီးလို့ရှိရင် ပြည်သူ့ဘဏ္ဍာ ဘတ်ဂျတ်လိုငွေ တွေလည်း အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေ ကျွန်မတို့ အကောင်အထည်မဖော်နိုင်လို့ရှိရင် ကျွန်မတို့အနေနဲ့ ဒါတွေဟာ ဆက်လက်ပြီးတော့ နစ်နာနေဦးမှာ ဖြစ်ပါတယ်။

ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာရှိတဲ့ ဒိုက်ဦးမှာဆိုလို့ရှိရင် ခုနတုန်းက မအောင်မြင်ခဲ့တဲ့ ဒီ ဝက်မွေးမြူရေးခြံနဲ့ အစာစပ်စက်ရုံပေါ့နော်၊ (၁၀၉.၂၂)ဧက၊ သဘာဝဇီဝမြေသြဇာစက်ရုံ (၇.၂၁)ဧက လည်း အခုအချိန်မှာ ပိတ်သိမ်းထားတာကို တွေ့ရပါတယ်။ ဒါနဲ့ ကျွန်မက တာဝန်ရှိတဲ့သူတွေကို မေးကြည့်တဲ့အခါမှာ ဒီဟာတွေက ဘာမှမလုပ်ဘဲနဲ့ ဒီအတိုင်းပဲ ပိတ်ထားတယ်ဆိုတော့ ကျွန်မတို့ ဒါဟာ နိုင်ငံပိုင်ပစ္စည်းတွေကို ကျွန်မတို့က အလဟဿ ဆုံးရှုံးမှုဖြစ်စေတာ ဖြစ်ပါတယ်။ ဒါ နိုင်ငံရဲ့ ဝင်ငွေရော၊ လုပ်ငန်းတွေရော အများကြီးပဲ ဆုံးရှုံးနစ်နာမှုရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ ရှင်းလင်းဖို့ လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ထပ်မံတင်ပြလိုတာကတော့ ခုနတုန်းက အထက်မှာဖော်ပြခဲ့တဲ့ ဒီ EOI အောင်မြင်ခဲ့တဲ့ လုပ်ငန်းတွေထဲမှာ အခုလက်ရှိအချိန်မှာဆိုလို့ရှိရင် ပေါ့နော်၊ ဒီ ခြံ၊ စက်ရုံ(၆)ခုနဲ့ ငါးလုပ်ငန်းပိုင်(၆)ခုကိုပဲ ကျွန်မတို့ စာချုပ်ချုပ် လုပ်ငန်းအကောင်အထည် ဖော်နေတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ ရှေ့ Slide လေးကို ပြန်သွားပေးပါရှင်။ ဒီဟာဆိုလို့ရှိရင် လေလံအောင်မြင်တဲ့အထဲမှာ ၂၂-၃-၂၀၁၆ မှာ ဒီ ဝန်ကြီးဌာနရဲ့ မီဒီယာသတင်းစာ ရှင်းလင်းပွဲမှာ ဆိုလို့ရှိရင် ဒီ ကြို့ကုန်းမှာရှိတဲ့ Jetty နဲ့ ငါးလုပ်ငန်း ငါးမွေးမြူရေး Market ကြီးဟာဆိုရင် MICA က ပိုင်တယ်လို့ပြောပါတယ်။ နောက် Slide တစ်ခုကို ပြပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ (၄)၊ (၅)ရက်တုန်းကတော့ ဒီဟာသည် APM၊ အောင်ဖြိုးမြတ်ကုမ္ပဏီ ဆိုပြီးတော့ ပြောင်းလဲသွားပါတယ်။ ဒါဟာလည်း ကျွန်မတို့ ဒီ မေးခွန်းမေးလိုက်မှ ဒီလိုမျိုးပြောင်းလဲ သွားတာလား။ အဲဒီ အောင်ဖြိုးမြတ် ကုမ္ပဏီဟာလည်း အခု ခြံ၊ စက်ရုံ(၆)ခုနဲ့ ငါးလုပ်ငန်း(၆)ခုကို စာချုပ်ချုပ်ပြီးတော့ လုပ်ငန်းအကောင် အထည်ဖော်နေတဲ့အထဲမှာမှ (၃)ခုကို ကန်ထရိုက် အောင်မြင်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာလည်း ပွင့်လင်းမြင်သာမှုဆိုတာ ဘယ်လိုလဲပေါ့နော်။ ဒီ ကုမ္ပဏီတစ်ခုတည်းကို လုပ်ငန်း(၃)ခု

ပေးထားတာဟာ ပွင့်လင်းမြင်သာမှု ရှိပါရဲ့လား။ ယခင်တုန်းက EOI အောင်မြင်ခဲ့တဲ့ ကုမ္ပဏီတွေမဟုတ်ဘဲနဲ့ ဒီကုမ္ပဏီက အသစ်ဖြစ်နေတာလားဆိုတာ မေးချင်ပါတယ်။

နောက်ထပ် ဆက်လက်ပြီးတော့ ဆွေးနွေးချင်တာကတော့ ကျွန်မ ဒီ နိုင်ငံပိုင်အဖွဲ့အစည်း ဆိုတာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးချင်ပါတယ်။ နောက်ထပ် ဆက်ပြပေးပါ။ ဒါဆိုလို့ရှိရင် အသစ် ဆောက်လုပ်နေတဲ့ ဒီဟာလည်း တော်တော်ကိုပဲ ကျွန်မတို့ အခုအချိန်ဆိုရင် စတော့ရှယ်ယာတွေ၊ အစုစပ်တွေ ခေါ်နေပြီးတော့မှ ဆောက်နေတဲ့လုပ်ငန်း ဖြစ်ပါတယ်။ လက်ကားဟင်းသီးဟင်းရွက် သစ်သီးဝလံဈေးကြီးပါ။ မူလကတော့ ဒါ သား၊ ငါးဈေးပါပဲ။ အဲဒီမှာလည်း ကျွန်မတို့က ဒီ စာချုပ် စာတမ်းတွေမှာ ပွင့်လင်းမြင်သာမှု မရှိဘဲနဲ့ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေတွေ ဘယ်လိုရနေသလဲဆိုတာ ကျွန်မတို့ရဲ့ ဒီလွှတ်တော်ကို တက်လာတဲ့ ဘတ်ဂျက်စာရင်းမှာရော၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းရဲ့ စာရင်းမှာရော စောစောက ပြောသလို ပြည်ထောင်စုလွှတ်တော် စာရင်းစစ်ချုပ်အဖွဲ့ရဲ့ အစီရင်ခံစာမှာ ရော ကျွန်မတို့ ပွင့်လင်းမြင်သာမှုရှိစွာ မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီငွေကြေးစီမံ ခန့်ခွဲမှုအပိုင်းမှာ MICA ဖွဲ့စည်းတုန်းက တင်ပြခဲ့တဲ့ Public Private Partnership နဲ့ Product Sharing, Profit Sharing စနစ်နဲ့ ဆောင်ရွက်ပြီးတော့ အကျိုးအမြတ်တွေကို ခွဲမယ်လို့ ပြောပြထား ပါတယ်။

ဒီဟာဆိုလို့ရှိရင် ကျွန်မတို့ လောလောဆယ်မှာ လက်ရှိ အကောင်အထည်ဖော်ပြီး စာချုပ် ချုပ်နေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေမှာဆိုလို့ရှိရင်လည်း ကျွန်မတို့ နိုင်ငံတော်ကို ပေးသွင်းရမယ့် MICA ကို ပေးသွင်းရမယ့် ငွေပမာဏတွေရှိပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့အနေနဲ့ အတိအကျကတော့ မရနိုင်သော်ငြားလည်း ကျွန်မတတ်နိုင်သလောက်တော့ သတင်း အချက်အလက်လေးတွေ စုစည်းထားတာရှိပါတယ်။ ဒါတွေဟာလည်း ဘယ်လောက်မှန်ကန်တယ်၊ ဘယ်လောက်အထိ ကျွန်မတို့ရဲ့ ငွေစာရင်းထဲကို သွားနေသလဲ၊ ဘယ်လိုပုံစံနဲ့ သွားနေသလဲဆိုတာ ကျွန်မတို့ ဒါ ပွင့်လင်းမြင်သာမှုရှိစွာ သိလိုပါတယ်။ ဒါကြောင့်မို့လို့ မူလဖွဲ့စည်းတုန်းက ဒီ MICA ဖွဲ့စည်းတုန်းက ပြောပြထားတဲ့ နှစ်စဉ်စာရင်းစစ်အဖွဲ့က နှစ်စဉ် ရငွေ၊ သုံးငွေတွေကိုစစ်မယ်။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖွဲ့ကလည်း Audit Firm တွေနဲ့ စစ်ဆေးမယ်။ နောက်တစ်ခုကျတော့ ကျွန်မတို့ ဒီ Other Account မှာလည်း ရတဲ့ဟာကို ထည့်ထားမယ်လို့ ပြောထားပါတယ်။ ဒါပေမဲ့ ဒါတွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှင်းရှင်းလင်းလင်းမသိရပါဘူး။ နောက်တစ်ခါ ကျွန်မတို့ ဒီ အုပ်ချုပ်ရေးပိုင်းနဲ့ ပတ်သက်ပြီးတော့ မူလတုန်းကတော့ ဒါရိုက်တာအဖွဲ့ (၁၅)ဦး၊ ပြင်ပပညာရှင်(၃)ဦးနဲ့ ဖွဲ့စည်းထားမယ်လို့ ပြောပါတယ်။ (၃၆)ဦးပေါ့နော်၊ ရုံးအဖွဲ့က (၃၆)ဦး၊ ဒါတွေကို စုံစမ်းတဲ့အခါမှာလည်း အခုအခါမှာ ဒါရိုက်တာ(၁)ဦး၊ အဖွဲ့ဝင်(၃)ဦးတို့နဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးတို့က တာဝန် ထမ်းဆောင်ခြင်းမရှိတော့ကြောင်း သိရပါတယ်။

နောက်အခါမှာ MICA ဟာ ကိုယ်ပိုင်ရုံးမရှိဘဲနဲ့ မွေးမြူရေးဦးစီးဌာနက ဝန်ထမ်းတချို့ နဲ့သာ တွဲလုပ်တယ်ဆိုတော့ ကျွန်မတို့ ဒီလောက်ပေါ့နော်၊ ဒီ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုထဲကို ဒီလိုမျိုး ပေါ့၊ ဒီအုပ်ချုပ်ရေးကောင်းကောင်း မရှိဘဲနဲ့ ဒီဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေတာလဲ ကျွန်မတို့ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကိုရော ကျွန်မတို့ ဘယ်လိုဆက်လက်

ပြီးတော့မှ ဆောင်ရွက်မှာလဲဆိုတာ မေးချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီ နောက်ဆုံး ပေါ့နော်။ ကျွန်မတင်ပြချင်တာကတော့ ဒီ MICA ဟာ နိုင်ငံပိုင်အဖွဲ့အစည်း ဖြစ်ရဲ့သားနဲ့ ဒီ ငွေကြေး စီမံခန့်ခွဲမှုရော၊ အုပ်ချုပ်ရေး (Governance) အပိုင်းမှာလည်း ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း မရှိတဲ့ အတွက်ကြောင့်မို့လို့ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေတွေ ဆုံးရှုံးတယ်။ နောက်တစ်ခါမှာ ကျွန်မတို့ မူလ ဖော်ပြထားတဲ့ လုပ်ငန်းစဉ်(၈)ရပ်မှာရှိတဲ့ နိုင်ငံရဲ့ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍတိုးတက်ဖို့ကလည်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်ဘူး။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ကျွန်မတို့ မဖန်တီးပေးနိုင်ဘူးပေါ့နော်။ နောက် ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့အတွက် ကြောင့်မို့လို့ ဒီ MICA အဖွဲ့ကို ဖျက်သိမ်းပေးပြီးတော့မှ လက်ရှိ ရှိနေတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ မြေယာ များနဲ့ နိုင်ငံပိုင်လုပ်ငန်းတွေအားလုံးကို ဘယ်လို ငွေကြေးစီမံခန့်ခွဲမှု ရှိနေတယ်ဆိုတာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာစွာနဲ့ ရှင်းလင်းဖော်ထုတ်ပေးပါလို့ ကျွန်မ အနေနဲ့ တောင်းဆိုပြီးတော့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

APM ကုမ္ပဏီ၏ မြင်ကွင်းပုံ (င)




**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီကနေ့မှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့် အင်္ဂလိပ်စာ အသုံးအနှုန်း အသုံးပြုခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်ကြီးများ သုံးသပ်ဆွေးနွေးသွားတာလည်း တူညီတဲ့အချက်တွေ တော်တော်များများ ပါ ပါတယ်။ MICA - Myanmar International Cooperation Agency မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ လို့ အမည်ယူထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံနဲ့ မကြာမကြာ ထိတွေ့နေရတဲ့ အခြားနိုင်ငံတွေရဲ့ အလားတူအဖွဲ့အစည်း အချို့အကြောင်းကို ယေဘုယျလေ့လာကြည့်မိပါတယ်။ အထင်ရှားဆုံးကတော့ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ပါ။ သူရဲ့ မြန်မာပြည်လုပ်ငန်းတွေထဲမှာ လူသိများခဲ့တာ တစ်ခုကတော့ ဂျပန်ဆေးရုံကြီးတို့၊ ဒီကနေ့ ပြည်လမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်က အများပြည်သူ အားကိုးနေရတဲ့ ဆေးရုံကြီးပါ။ လွန်ခဲ့တဲ့ (၅)နှစ်အတွင်းမှာလည်း JICA ရဲ့ အထောက်အပံ့ အကူအညီ လုပ်ငန်းတွေ ကျွန်တော်တို့နိုင်ငံမှာ အရှိန်အဟုန်နဲ့ တိုးတက်များပြားလာခဲ့ပါတယ်။ ဥပမာ သီလဝါ စီမံကိန်း၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုစီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း စီမံကိန်း၊ ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်းနဲ့ လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်း စသည်ဖြင့် JICA ရဲ့ စီမံကိန်းတွေဟာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဖြစ်ထွန်းပေါ်ပေါက်လာခဲ့တာဟာ အားလုံးအသိပါ။ JICA ရဲ့ နိုင်ငံတကာ ODA လို့ခေါ်တဲ့ ဖွံ့ဖြိုးရေးအထောက်အကူချေးငွေနဲ့ နိုင်ငံတကာအထောက်အပံ့ အကူအညီတွေအတွက် ၁၉၇၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီးတော့ ၂၀၀၃ ခုနှစ်မှာ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ အစိုးရ တစ်ပိုင်း၊ အစိုးရဌာန (CPE Government) ဖြစ်ပါတယ်။

အဲဒီမှာ JICA ကို လူသိများပေမယ့်လည်း KOICA - Korea International Cooperation Agency ကိုတော့ လူသိနည်းပါသေးတယ်။ KOICA ကလည်း အလားတူ ပြည်ပချေးငွေ အထောက်အပံ့တွေအတွက် ၁၉၉၁ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ တောင်ကိုရီးယား အစိုးရပိုင် အဖွဲ့အစည်း (State Own) တစ်ခု ဖြစ်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်သုတေသနလုပ်ငန်းတွေကစလို့ ဒလတံတားစီမံကိန်း၊ တွံတေးတူးမြောင်း အကြီးစားပြင်ဆင်ထိန်းသိမ်းရေး စတဲ့ ဖွံ့ဖြိုးရေးအကူအညီတွေကို ပေးအပ် ဆောင်ရွက်ရန် စီစဥ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ JICA ရော၊ KOICA ရောက ဆင်းရဲတဲ့ ကျွန်တော်တို့လို နိုင်ငံတွေကို အနိမ့်ဆုံးအတိုးနှုန်းနဲ့ရော အထောက်အပံ့သက်သက်နဲ့ပါ ကူညီကြတာပါ။ ဒါပေမဲ့ တစ်ဖက်မှာတော့ သူတို့နိုင်ငံတွေရဲ့ တည်ဆောက်ရေးကုမ္ပဏီတွေ၊ ပညာရှင်တွေ၊ အတိုင်ပင်ခံ ကုမ္ပဏီတွေ၊ စက်ပစ္စည်းတွေ၊ တခြားထုတ်ကုန်တွေကို မဖြစ်မနေ အသုံးပြုရလေ့ရှိပါတယ်။ တစ်နည်း အားဖြင့်ပြောရရင်တော့ Win Win Situation ပုံသဏ္ဌာန်နဲ့ နှစ်ဦးနှစ်ဘက်အကျိုးရှိတဲ့ စီမံကိန်းများကိုသာ လုပ်ဆောင်လေ့ရှိကြတာများပါတယ်။ ကျွန်တော်တို့လို ဆင်းရဲတဲ့တိုင်းပြည်တွေအတွက် နည်းပညာ အကူအညီ၊ ငွေကြေးအကူအညီတွေ ပေါပေါရသလို၊ တစ်ဖက်မှာလည်း သူတို့နိုင်ငံတွေရဲ့ကုမ္ပဏီတွေ၊ ပစ္စည်းတွေ၊ အတိုင်ပင်ခံတွေကို မသုံးရရင်မဖြစ်တဲ့ နှောင်ကြိုးမဲ့ဆိုသောကြိုးနဲ့ သီထားတဲ့ နှောင်ကြိုးတွေ ရှိတာမို့ သူတို့လည်း အကျိုးကျေးဇူးဖြစ်ထွန်းလေ့ရှိပါတယ်။ ဆိုလိုတာကတော့ JICA တို့၊ KOICA တို့ဟာ သူ့တစ်ပါးတိုင်းပြည်တွေကို ထိထိရောက်ရောက် လက်တွေ့ထောက်ပံ့အကူအညီပေးသော အဖွဲ့အစည်း

များဖြစ်သော်လည်း သူတို့မိခင်နိုင်ငံကို အကျိုးကျေးဇူး အင်မတန်များတဲ့ အဖွဲ့အစည်းလို့ ဆိုရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို အဖွဲ့အစည်းတွေနဲ့ နာမည်အသွင်ယူထားတဲ့ ကျွန်တော်တို့နိုင်ငံက MICA ကတော့ တစ်မျိုးတစ်ဘာသာ ထူးခြားနေပါတယ်။ နာမည်ကသာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီလို့ နာမည်ခံယူထားပေမယ့် ဘယ်နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မသိရတဲ့အပြင် မိမိမြန်မာနိုင်ငံတော်အတွက်လည်း ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိဖြစ်ထွန်းအောင် ဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ကွဲကွဲပြားပြား အခုထိ မသိရသေးပါဘူး။ ယုတ်စွအဆုံး MICA ဟာ နိုင်ငံပိုင်အဖွဲ့အစည်းလား၊ အစိုးရတစ်စိတ်တစ်ပိုင်း အဖွဲ့အစည်းလား၊ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းလား ဆိုတာတောင် ပြည်သူလူထုအကြားမှာ ဒီနေ့အထိ ထင်ယောင်ထင်မှား ဖြစ်နေရတုန်းပါ။ ဒါပေမဲ့ နိုင်ငံပိုင်စက်ရုံ၊ အဆောက်အဦတွေကို လွှဲပြောင်းရယူခဲ့တဲ့ သဘောတူစာချုပ်စာတမ်း အချို့အရ MICA ဟာ သမ္မတရုံးရဲ့ ၁၀-၆-၂၀၁၄ ရက်စွဲပါ ၁၄-၁/၇/သမ္မတရုံးအရ ဖွဲ့စည်းထားတဲ့ အစိုးရအဖွဲ့အစည်းတစ်ရပ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

အဲဒီလို ပွင့်လင်းမြင်သာမှု အင်မတန်အားနည်းလှတဲ့ အဖွဲ့အစည်းတစ်ခုဟာ အခု ကျွန်တော် Slide မှာ ပြထားတဲ့ နိုင်ငံပိုင် အဖိုးတန်စက်ရုံ၊ အဆောက်အဦ၊ မြေ၊ ခြံပေါင်း မြောက်မြားစွာကို လွှဲပြောင်းရယူပြီးတော့ ခေါင်းစဉ်အမျိုးမျိုးနဲ့ ပုဂ္ဂလိကလက်ဝယ်နည်းမျိုးစုံနဲ့ လွှဲပြောင်းခဲ့တာက ကျွန်တော်တို့ တိုင်းပြည်အတွက် မဖြစ်မနေ အရေးတကြီး ပြန်လည်ဆန်းစစ် သုံးသပ်သင့်တဲ့ကိစ္စတစ်ရပ်ပါ။ ဒါ ကျွန်တော် နမူနာ တင်ပြတာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ MICA ဟာ အစိုးရပိုင် သို့မဟုတ် တစ်စိတ်တစ်ပိုင်း အစိုးရပိုင် ဒါမှမဟုတ်လည်း သီးခြားလွတ်လပ်တဲ့အဖွဲ့အစည်း မည်သို့ပင်ဖြစ်စေကာမူ သူလွှဲပြောင်းရယူခဲ့တဲ့ နိုင်ငံတော်ပိုင်ပစ္စည်းတွေကို စီမံခန့်ခွဲရာမှာတော့ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးစီးပွားထိုက်ထိုက်တန်တန်ဖြစ်ထွန်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အခြေခံပစ္စည်းများ လွှဲပြောင်း ရောင်းချငှားရမ်းခြင်းဆိုင်ရာ အခွန်အခတွေ၊ ထိုက်သင့်တဲ့ အငှား၊ အရောင်း ဈေးနှုန်းတွေကို နိုင်ငံတော်အနေနဲ့ မှန်မှန်ကန်ကန် ရပါရဲ့လားဆိုတာ အရေးတကြီး မေးခွန်းထုတ်သင့်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် Budget Review ကိုကြည့်ရင် မည်သည့် အစိုးရအဖွဲ့အစည်းမဆို တည်ဆဲဥပဒေနဲ့ လျော်ညီစွာ (၅)ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန် ကျပ်သန်းပေါင်းများစွာကို နောက်ကြောင်းပြန် ပေးဆောင်ခဲ့တာ နမူနာ Slide တွေမှာကြည့်ရင် သိနိုင်တာမို့ MICA အနေနဲ့လည်း အခွင့်ထူးခံအဖြစ် အခွန်အခ ကင်းလွတ်နေစရာ ဘယ်လိုအကြောင်းမှ ရှိမနေတာ အသေအချာပါ။

ဒါ့အပြင် အစိုးရဌာန အဖွဲ့အစည်းအချင်းချင်းကြား နိုင်ငံပိုင်ပစ္စည်းများ လွှဲပြောင်းရယူရာမှာလည်း အခွန်အခလွတ် လက်လွတ်စပယ် လွှဲပြောင်းလို့မရပါဘူး။ မြေငှားရမ်းရင် အခု ကျွန်တော် နမူနာ Slide မှာ ပြထားတဲ့အတိုင်း မြေအသုံးချမှု ပရီမီယမ်ကြေးကို လွှဲပြောင်းရယူသူက ပေးချေရလေ့ရှိပြီး သင့်တင့်တဲ့မြေငှားရမ်းခကိုလည်း မူလပိုင်ရှင်ဌာနအဖွဲ့အစည်းကို ပေးချေရမှာဖြစ်ပါတယ်။

ဒါပေမဲ့ လက်တွေ့မှာ အဆိုရှင်တင်ပြခဲ့သလို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အနေနဲ့ နိုင်ငံပိုင်မြေဧရိယာပေါင်း မြောက်မြားစွာကို MICA ဆီက လွှဲပြောင်းရယူခြင်းအတွက် မည်ကဲ့သို့ သဘောတူညီမှုများဖြင့် နိုင်ငံတော်ဘဏ္ဍာ မည်ရွေ့မည်မျှရရှိခဲ့သည်ကို ရှင်းရှင်းလင်းလင်း မတွေ့ရသလို MICA မှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တစ်ဆင့် ပြန်လည်လွှဲပြောင်းရောင်းချခြင်းအတွက်လည်း နိုင်ငံတော်အတွက် မည်မျှအကျိုးကျေးဇူးဖြစ်ထွန်းခဲ့တယ်ဆိုတာ အခုထက်ထိ ကွဲကွဲပြားပြား မသိရသေးပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ကျွန်တော်တို့ အစိုးရသစ်ရဲ့ နိုင်ငံတော်စီးပွားရေးမူဝါဒ အပိုဒ်(၁၀)မှာ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်လို့ ပါရှိပါတယ်။ နောက်ထပ်ပြီးတော့ ၎င်းမူဝါဒကို ရည်မှန်းချက်ထား ဆောင်ရွက်ရာတွင် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝရရှိရေးနှင့် ထိရောက်သော ခွဲဝေမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်လို့ လုပ်ငန်းစဉ်မှာ ချမှတ်ထားသလို လိုက်နာမှုမရှိသော ကိစ္စရပ်များကို ဖော်ထုတ်ရန် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်မည်လို့ အတိအလင်း ဖော်ပြထားတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် ဘတ်ဂျက်လိုငွေ အကြီးအကျယ်ပြနေတဲ့ လက်တလော အခြေအနေမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အချိန်တန်ရင် အတိုးရော အရင်းပါ ပြန်လည်ပေးဆပ်ရပြီး ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်နေမှန်း သိပါလျက်နဲ့ ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်က အကူအညီတွေကို ကျွန်တော်တို့ မငြင်းနိုင်ခဲ့ပါဘူး။ ဒါကြောင့် နစ်နာဆုံးရှုံးနေတဲ့ ငွေယိုပေါက်တွေကို MICA ကဲ့သို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားကို ရှေးရှုလျက် အမြော်အမြင်ရှိရှိနဲ့ ထိထိရောက်ရောက် ဖော်ထုတ်ကိုင်တွယ်သင့်ပါကြောင်း အကြံပြုပြောကြားရင်း အဆိုရှင် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ရဲ့ အဆိုကို ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ဥပဒေအရ လုံခြုံချမ်းမြေ့ကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းထားတဲ့ Myanmar International Cooperation Agency (MICA) အဖွဲ့နဲ့ စပ်လျဉ်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ MICA အဖွဲ့ဟာ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နဲ့အညီ ဆောင်ရွက်ထားတယ်လို့ဆိုပါတယ်။ ဒီအဖွဲ့ရဲ့ လုပ်ငန်းများဖြစ်တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် မွေးမြူရေးခြံ၊ စက်ရုံ (၄၆)ခုနဲ့ ရေလုပ်ငန်း၊ စက်ရုံ၊ စခန်း(၉)ခု၊ ဆက်စပ်အလုပ်(၃)ခုတို့ကို မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် ထားရှိမယ်လို့လည်း ဆိုထားပြန်ပါတယ်။ ဆောင်ရွက်မယ့်စနစ်ကလည်း Product Sharing စနစ်နဲ့ Profit Sharing စနစ် ဆောင်ရွက်မှာဖြစ်ပြီးတော့ ရရှိလာတဲ့ အကျိုးအမြတ်များကို ဆုကြေးငွေ၊ ထောက်ပံ့ကြေးငွေပေးခြင်းနဲ့ လုပ်ကိုင်မယ်လို့ ဆိုပြန်ပါတယ်။ ဒီအဖွဲ့ရဲ့ ဖွဲ့စည်းပုံကလည်း အခြားဖွဲ့စည်းပုံများနဲ့မတူဘဲ စိတ်ဝင်စားစရာကောင်းပါတယ်။ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီကို အမှုဆောင်အရာရှိချုပ်၊ အရာထမ်း၊ အမှုထမ်း၊ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့၊ အကြံပေးပညာရှင်အဖွဲ့များ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ အငြိမ်းစားကျွမ်းကျင်သူများနဲ့ စီးပွားရေးပညာရှင်များ၊ စီးပွားရေးစီမံခန့်ခွဲမှု ပညာရှင်များလည်း ပါဝင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများဟာလည်း နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်မှာဖြစ်ပြီးတော့ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများလည်း ပါဝင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများကို ပုံသေလစာသတ်မှတ်၍ လစာနှင့်ညီမျှသော ထောက်ပံ့ကြေးပေးမည်ဖြစ်ကြောင်း၊ အမှုဆောင်အရာရှိချုပ်ကို နိုင်ငံတကာမှသတ်မှတ်ထားသော လစာနှင့်အညီ ဒါရိုက်တာအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ သီးခြားငှားရမ်းခန့်အပ်မည်ဖြစ်ကြောင်း၊ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက တာဝန်ပေးသူအဖြစ် သတ်မှတ်ပြီး အတွင်းရေးမှူးကို ဝန်ကြီးဌာနက တာဝန်ပေးသူအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း စသည်ဖြင့် ကျယ်ပြန့်စွာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဘယ်ဥပဒေနဲ့ စီမံထားတယ်ဆိုတာ မပါ ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဖွဲ့ဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နဲ့အညီ ဖွဲ့စည်းထားတယ်လို့ဆိုပေမယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်အပိုဒ်(၂၂)မှာ မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို စိတ်ပါဝင်စားသည့်အလျောက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်လို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ကို ပြည်ထောင်စုအဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်နှင့် ဦးစားပေး မြို့နယ်နဲ့ ခရိုင်အဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်ဆိုပြီးတဲ့အခါမှာ အဆင့်(၃)ဆင့် ခွဲပြီးတော့ ဖွဲ့စည်းပုံကို ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီ MICA အဖွဲ့ဟာ ဒီဖော်ပြချက်များနှင့် လုံးဝမကိုက်ညီဘဲနဲ့ အဲဒီအဖွဲ့ဟာ အဓိပ္ပာယ်ရော၊ ဖွဲ့စည်းပုံရော လွဲချော်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဖွဲ့ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၃-၇-၂၀၁၄ ရက်နေ့က ကျင်းပတဲ့ အစည်းအဝေးဆုံးဖြတ်ချက်(၁၃/၂၀၁၄) နဲ့ ၁၄-၈-၂၀၁၄ ရက်နေ့က ကျင်းပခဲ့တဲ့ အစည်းအဝေး(၁၆/၂၀၁၄) ဆုံးဖြတ်ချက်မှတ်တမ်းများအရ MICA ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့က မူအရ သဘောတူထားတာပဲ ဖြစ်ပါတယ်။ MICA အဖွဲ့ကို ဖွဲ့စည်းခွင့်ပြုသည်ဆိုတဲ့ အစိုးရရဲ့ အမိန့်တစ်စုံတရာ ထုတ်ပြန်ထားတာ မရှိပါဘူး။ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို တရားဝင်

သတ်မှတ်ပေးထားတဲ့ ခွင့်ပြုချက် တစ်စုံတရာလည်း မရှိပါဘူး။ ဒါ့အပြင် MICA ဟာ အဖွဲ့အစည်း တစ်ခုဖြစ်လို့ မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း လည်း မဟုတ်ပါဘူး။ ဒါကြောင့် ဥပဒေတွေ၊ ပြည်ထောင်စုအစိုးရရဲ့ အမိန့်တွေ၊ တရားဝင် ခွင့်ပြုချက် တွေ လုံးဝမရှိလို့ ဒီ MICA အဖွဲ့ဟာ ဥပဒေစိုးမိုးရေးဖြစ်အောင် ကြိုးစားနေကြတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူ့ခေတ်မှာ ဆက်လက်လုပ်ဆောင်ခွင့်၊ ရပ်တည်ခွင့် မပေးသင့်ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က MICA အဖွဲ့ဟာ နိုင်ငံသားများအတွက် အကျိုးမပြုဘူး။ လူတစ်စုက လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်နေတယ်။ တရားဝင် ဖျက်သိမ်း ရမယ်လို့ အဆိုတင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ လေးနက်စွာ ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်သူကိုယ်စားပြုတဲ့ အစိုးရဟာ ပြည်သူ့အတွက် ဖြစ်ရမယ်ဆိုတာ ဒီစနစ်ရဲ့ ခိုင်မာတဲ့ ပြည်သူ့ သဘောထားမို့ပါပဲ။ ဒါကြောင့် ပြည်သူ့အစိုးရဟာ ပြည်သူတွေ ပိုင်ဆိုင်ခွင့်ကို လူတစ်စုက လက်ဝါး ကြီးအုပ်ခံစားနေတာ ထင်ရှားနေလို့၊ MICA ဆိုတဲ့အဖွဲ့ဟာ ဥပဒေမဲ့ ရပ်တည်နေတာ ထင်ရှားနေလို့ ဆက်လက်ရပ်တည်နေရင် ဥပဒေအရ ပြတ်သားစွာ ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် တရားဝင် ဘယ်ဥပဒေမှ ဖွဲ့ထားတဲ့ အဖွဲ့မဟုတ်ဘူး။ သက်ဆိုင်ရာ အစိုးရရဲ့ ခွင့်ပြုထားတဲ့ တရားဝင်အမိန့် မရှိဘူး။ မိမိသဘောနဲ့ ဖွဲ့စည်းပုံ ဖော်ပြထားပြီးတော့ ဤဖွဲ့စည်းပုံတွေ၊ ဝန်ထမ်းတွေစတဲ့ လုပ်ငန်းပိုင်း ဆိုင်ရာတွေ၊ လစာအကျိုးအမြတ်တွေအတွက် ခွင့်ပြုချက် တစ်စုံတရာ၊ ထင်ရှားမှတ်သားနိုင်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ တရားဝင်ဆိုတာတွေဟာ ဘာတစ်ခုမှ မရှိတဲ့အပြင် အပိုဒ်(၂၂)မှာ မူဘောင်နဲ့ မကိုက်ညီလို့ MICA အဖွဲ့လို့တောင်မှ သတ်မှတ်လို့ မရပါဘူး။ ဒါကြောင့် ဒီအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖျက်သိမ်း ကြောင်း တရားဝင်ကြေညာရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ MICA နဲ့ စပ်လျဉ်းတဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်း မှန်သမျှ၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းမှန်သမျှ၊ ငွေကြေးများ အားလုံးအပါအဝင် ပြည်သူတစ်ရပ်လုံးနဲ့ ပတ်သက်တဲ့ ပစ္စည်းများဖြစ်လို့ ပြည်သူ့အစိုးရမှာ တာဝန်ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြည်သူများ ရှင်းလင်းမြင်သာအောင် ပြတ်သားတဲ့အထိ ရှင်းလင်းထုတ်ပြန်ပေးဖို့ အမျိုးသား လွှတ်တော်ကြီးမှတစ်ဆင့် အစိုးရကို အတိအလင်း တောင်းဆိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ အဓိကအင်္ဂါရပ်များဖြစ်တဲ့ တရားမျှတ ခြင်း၊ စာနာခြင်း၊ မှန်ကန်ခြင်းတို့ဟာ တန်ဖိုးကြီးမားလှတဲ့ ဂုဏ်ဒြပ်များဖြစ်ပါတယ်။ ဒီတန်ဖိုးများဟာ ပြည်သူ့အတွက် ကောင်းကျိုးဖြစ်ထွန်းစေရေး အကာအကွယ်ဖြစ်စေရပါမယ်။ ပြည်သူများရဲ့ လုပ်ပိုင် ခွင့်၊ ပြည်သူများပိုင်တဲ့ ပစ္စည်းအရပ်ရပ်များ၊ ငွေကြေးများတို့ကို အခွင့်ထူးခံ ရယူသုံးစွဲနေတဲ့ ဥပဒေ ဂုဏ်ဒြပ်နဲ့မညီတဲ့ MICA အဖွဲ့ ဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ အခွင့်ထူးခံ ရယူခံစားနေတဲ့ လုပ်ငန်းများ၊ ခြံ၊ မြေများ၊ ငွေကြေးအမြတ်အရပ်ရပ်များ၊ အကျိုးခံစားခွင့်များ၊ ပြည်သူများရဲ့ ရပိုင်ခွင့်မှန်သမျှ ပြည်သူ့ အစိုးရက တာဝန်ယူပြီး ပြန်လည်ဖော်ထုတ် ရှင်းလင်းရယူပေးဖို့နဲ့ မလိုက်နာပါက ဥပဒေနှင့်အညီ ဆောင်ရွက်ပေးဖို့ ပြည်သူလူထုကိုယ်စား တောင်းဆိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြလိုပါတယ်။ နိဂုံးမချုပ်ခင်မှာ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) အဖွဲ့ဟာ ဖျက်သိမ်းရန်ကိစ္စဆိုတဲ့ အကြောင်းအရာနဲ့ ၂၇-၁၂-၂၀၁၆ ရက်နေ့က ပေးပို့ထားတဲ့ စာတစ်စောင် တွေ့ရပါတယ်။ ဒီစာမှာ ဖျက်သိမ်းခွင့်ပြုပါကြောင်းသာ ပါ ပါတယ်။ ဖျက်သိမ်းပြီးကြောင်း မပါ ပါဘူး။ MICA အဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုထားသော ခြံ၊ စက်ရုံ၊ လုပ်ငန်း၊ စက်ခန်းများအား ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခွင့်ပြုကြောင်းလို့လည်း ဖော်ပြထားတာတွေ့ရပါတယ်။ လွှဲပြောင်း ပြီးကြောင်းလို့ မပါ ပါဘူး။ ဒါပေမဲ့ အဆိုရှင်က ယခုအဆိုကို ၈-၁၂-၂၀၁၆ ရက်နေ့မှာ လွှတ်တော် စီမံဌာနကို တင်ပြခဲ့ပြီးတော့ ၁၄-၁၂-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီလို တင်သွင်းပြီးတဲ့နောက်မှာ အထက်က ကျွန်တော်ပြောခဲ့တဲ့ ၂၇-၁၂-၂၀၁၆ ရက်စွဲပါ မြန်မာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ဖျက်သိမ်းရန်ကိစ္စဆိုပြီး စီမံဘဏ္ဍာဝန်ကြီးဌာနက စာထွက်လာတာဟာ MICA အဖွဲ့အပေါ်မှာ တာဝန်ရှိတဲ့ တာဝန်ရှိသူများရဲ့ သဘောထားဟာ ဘာလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်နေပါပြီ။

အဲဒါကြောင့် ဥပဒေအရရော၊ အကြောင်းအချင်းအရာအရပါ ထင်ရှားမြင်သာအောင် ဆောင်ရွက်မထားတဲ့ နိုင်ငံပိုင်အခွင့်အရေးတွေကို လူတစ်စုပိုင်အဖြစ် ဖွဲ့စည်းထားတဲ့ MICA အဖွဲ့ကို ဒီနေ့ဒီအချိန်ခါမှာ တစ်နိုင်ငံလုံး ပြည်သူများသိရှိအောင်၊ ကျေနပ်လက်ခံအောင် MICA အဖွဲ့အား အဆောတလျင် ဖျက်သိမ်းကြောင်းကြေညာပြီး သိမ်းဆည်းရယူထားတဲ့ စက်ရုံမြေများ၊ လုပ်ငန်းများ၊ မြေယာများ အားလုံးကိုလည်း ပြည်သူအများသိရှိဖို့၊ ပြန်လည်ခံစားနိုင်ဖို့ရာ စီမံပေးဖို့နဲ့ ငွေကြေးကိစ္စရပ်များကိုလည်း ကိုယ်ကျိုးသုံးစွဲထားသည့် ငွေများပါမကျန်၊ ခြွင်းချန်ခြင်း မရှိစေရဘဲ ဂဏသေချာစွာ စိစစ်ပြီး ပြည်သူအများ လက်ခံနိုင်လောက်တဲ့ ငွေစာရင်းရှင်းတမ်းကို တရားဝင်ဖော်ထုတ် ရှင်းလင်းပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကို တိုက်တွန်းကြောင်း အဆိုအား လေးနက်စွာ ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော့်ရဲ့ တင်ပြမှုကို Power Point အသုံးပြုခွင့်ပေးဖို့ ဥက္ကဋ္ဌကြီးထံ မေတ္တာရပ်ခံပါတယ်။ MICA နဲ့ပတ်သက်တဲ့ အချက်အလက်များစွာထဲက ယခင် အင်းစိန်(တိ/မွေး/ကု) ဆေးတက္ကသိုလ်ကို နောက်ပိုင်း မွေး/ကုဦးစီးဌာနရုံးချုပ် သိခဲ့ကြတဲ့ မွေးမြူရေးအတတ်ပညာရှင်များကို မွေးထုတ်ရာ၊ မွေးမြူရေးသုတေသနတို့ရဲ့ မူလဘူတ ရှေးဟောင်းအမွေအနှစ် အဖိုးမဖြတ်နိုင်တဲ့ မြေဧက(၁၃၀)ကျော်

ထဲက MICA သိမ်းယူခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရှိ မြေဧက(၉၀) ကျော်နဲ့ ပတ်သက်ပြီး ဆက်စပ်တင်ပြရင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာအားကာမိုး ရဲ့ MICA ကို ဖျက်သိမ်းစိစစ်ဖော်ထုတ်ပေးဖို့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာတွေဟာ တိုင်းပြည်တစ်ခုလုံးရဲ့ မွေးမြူရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းပြီး ပြည်သူတွေ သား၊ ငါး လိုအပ်ချက် သက်သာဖူလုံစွာ စားသုံးနိုင်ဖို့ အထောက်အကူပြုနိုင်တဲ့ အရင်းအမြစ်တွေ ဖြစ်တာမို့ လူတစ်စုရဲ့ အကျိုးစီးပွားကို ဦးစားမပေးဘဲ မူလရည်ရွယ်ချက်မပျောက်တဲ့ မွေးမြူရေးဆိုင်ရာ လုပ်ငန်းမျိုးကိုပဲ ဖော်ဆောင်သင့်ပါတယ်။

အဲဒီနေရာရဲ့ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၂၅ ခုနှစ်က တိရစ္ဆာန်ဆေးကုသအတတ် ပညာကျောင်းအဖြစ် သန္ဓေတည်ခဲ့ပြီး ၁၉၂၆ ခုနှစ်မှာ အစိုးရမင်းထံ သုတေသနအကောင်အထည် ဖော်ဖို့ တင်ပြခဲ့ပါတယ်။ နောက်တစ်နှစ် ဒီဇင်ဘာလမှာ တောင်အာဖရိက နာမည်ကျော် သုတေသနမှ ဒေါက်တာမစ်ရှဲ ကို အရာရှိလစာ ရူပီး(၁၀၀၀)ကာလမှာ ရူပီး(၂၀၀၀)ပေးပြီး ခန့်ခဲ့တာကိုကြည့်ရင် အစိုးရမှ အလေးအနက်ထားကြောင်း သိနိုင်ပါတယ်။ ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ အမိက ကျွဲ၊ နွား ကျောက်ရောဂါထိန်းချုပ်ဖို့ ဆိတ်တွေကို ဆင့်ကဲဆင့်ကဲ ဆေးထိုးပြီး သုတေသန စတင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်မှာကျတော့ ယိုးဒယားမှ ကျောင်းသား(၂)ဦး မြန်မာပြည်ကို တစ်လတိတိ ဒေါင့်သန်းရောဂါ အတွက် သုတေသနသင်ဖို့အတွက် လာခဲ့ပြီးမှ ၎င်းကာကွယ်ဆေးမျိုးကို ထိုင်းကို ပို့ခဲ့ပါတယ်။ ၁၉၄၀ ခုနှစ်မှာ အာဖရိက၊ အိန္ဒိယတို့လို မြန်မာနိုင်ငံမှာ အဆင့်မြင့်သုတေသန လုပ်ဆောင်နိုင်ခဲ့ပြီး ရောဂါဒဏ် (၄)နှစ်အထိ ခံနိုင်တယ်။ ဆိတ်မှာ (၄၀၇)ကြိမ်၊ နွားမှာ(၈၇)ကြိမ်အထိ သုတေသနပြုနိုင်ခဲ့ပါတယ်။ ၁၉၂၉ ခုနှစ်မှ ၁၉၄၀၊ ၁၉၅၁၊ ၁၉၅၂ မှ ၁၉၆၁ ခုနှစ်အထိ အစိုးရထံကို ပုံမှန်အစီရင်ခံစာ တင်သွင်း နိုင်ခဲ့ပြီး ၁၉၅၂-၁၉၅၃ ခုနှစ်မှာတော့ ကိုလံဘိုအစီအစဉ်နဲ့ ဒေါက်တာဗိန်းလ် ကနေပြီးတော့မှ ကျွဲ၊ နွား လည်ချောင်းကွဲ ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။

၁၉၆၂ ခုနှစ်နောက်ပိုင်းမှာတော့ အစိုးရထံ အစီရင်ခံခြင်းမတွေ့ရတော့ဘဲ ၁၉၆၃ ခုနှစ်မှာ ကျောင်းဟောင်းကြီးရဲ့အနောက်ကို သုတေသနဌာနများ ရွှေ့ပြောင်းသွားခဲ့ပါတယ်။ ၁၉၉၁-၁၉၉၂ ဝန်းကျင် ဖြစ်တဲ့ န.ဝ.တခေတ်မှာတောင် လာအိုနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံကို သုတေသနအတွက် ပညာတော်သင်လာခဲ့ဖူးပါတယ်။ အဲဒီလို အစဉ်အလာကြီးခဲ့တဲ့ မွေးမြူရေးဆိုင်ရာသုတေသနမျိုး စဉ်ဆက် မပြတ် ပြန်မလုပ်ဘဲနဲ့၊ အားမပေးဘဲနဲ့တော့ ဘယ်လိုထူးခြားကြီးကျယ်တဲ့ စီမံကိန်းမျိုးပဲ ဖြစ်ဖြစ် အောင်မြင်ဖို့အတွက် အလှမ်းဝေးနေပါလိမ့်မယ်။ သစ်တောဌာန၊ စိုက်ပျိုးရေးနဲ့ ဆေးလောကတို့လို သုတေသနအတွက် သီးသန့်ဘတ်ဂျက်တွေ ဖွဲ့စည်းပုံတွေ ထားရှိရပါမယ်။ ပညာရှင်တွေကို နည်းမှန်၊ လမ်းမှန် အသုံးချရပါမယ်။ ရုံးချုပ်ကိုခေါ်ပြီး ကွန်ပျူတာရိုက်ခိုင်းထားရုံလောက်နဲ့တော့ အလုပ်မဖြစ် ပါဘူး။ နိုင်ငံတော်က မွေးမြူသူတွေ ယုံကြည်အားထားနိုင်လောက်အောင် သုတေသနပြုပြီး ထိခိုက်ဆုံး ရှုံးနိုင်တဲ့သတင်း၊ ကာကွယ်နိုင်မယ့်နည်းလမ်းတွေ၊ ခေတ်မီဆေးဝါးတွေ၊ မွေးနည်းစနစ်တွေ ဘယ်လို သုံးပြီး အောင်မြင်အောင် ဘယ်လိုမွေးရမယ်ဆိုတာကို စဉ်ဆက်မပြတ် ပညာပေးရပါမယ်။ သုတေသန ဆိုတာ ဝင်ငွေမရှိဘူး။ ငွေဖြုန်းသက်သက်ဆိုပြီး ပစ်ပယ်ခဲ့ကြလို့ အခုတော့ ထိုင်းကိုပဲ အားကိုးနေရတဲ့ အဆင့် ဖြစ်နေပါတယ်။ မွေးမြူရေးလောကမှာ မလိုအပ်ဘဲနဲ့ ဆေးဝါးတွေကို မှန်းပြီးရမ်းပြီးတိုက်နေကြရ

တာလည်း ဘယ်ရောဂါ၊ ဘယ်လိုဖြစ်မှန်းမသိလို့၊ သုတေသနမရှိလို့ ဒီတော့ ဆေးကြွင်းပါတဲ့ အသား၊ ငါး တွေကို ဇီဝလုံခြုံမှုကင်းမဲ့စွာနဲ့ ပြည်သူတွေ စားသုံးနေကြရတာကြောင့် ရောဂါဖြစ်ရင် ဆေးမတိုးတော့ဘဲ နောက်ပိုင်း ကင်ဆာကိုတောင် ဖြစ်စေနိုင်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က ဝက်နားရွက်ပြာရောဂါ (PPRS) လို့ စစ်ဆေးတွေ့ရှိခဲ့ရင်တောင် ဝက်နားရွက်ပြာရောဂါပါလို့ အထက်လူကြီးက ရေးခွင့်မပြုလို့ အခြား ရောဂါ အမည်တပ်ခဲ့ရတာတွေလည်း ရှိခဲ့ဖူးတာကြောင့် သုတေသနနဲ့ ရောဂါထိန်းချုပ်ရေးအနေနဲ့ မွေးမြူရေးလောကမှာ ဘယ်လောက်ချည့်နဲ့အားနည်းနေတယ်ဆိုတာ မုံရွာမွေးမြူရေးဇုန်က သက်သေ ပြနေပါတယ်။ မွေးမြူရေး ဆေးကုအတတ်ပညာရှင်တွေနဲ့ ပတ်သက်ပြီး အိန္ဒိယနိုင်ငံမှာ မွေး/ကု တက္ကသိုလ် (၂၃)ခု၊ ထိုင်းနိုင်ငံမှာ မွေး/ကုတက္ကသိုလ်(၆)ခု၊ ရေလုပ်ငန်းဆိုင်ရာတက္ကသိုလ်(၁၀)ခုနဲ့ ရေလုပ်ငန်းဆိုင်ရာကောလိပ်(၃၀)ခုနဲ့ ရေလုပ်ငန်းဆိုင်ရာ သိပ္ပံကျောင်း(၁၅၀)လောက် ရှိနေပေမယ့် မြန်မာပြည်မှာတော့ မွေးမြူရေးတက္ကသိုလ်ဟာ(၁)ခုပဲရှိပြီး ရေလုပ်ငန်းဆိုင်ရာတက္ကသိုလ် မရှိခဲ့ပါဘူး။ ဒီထက်ပိုဆိုးတာက လွန်ခဲ့တဲ့ကာလတစ်ခုလုံးက မွေး/ဆေးတက္ကသိုလ်ဝင်အမှတ်တွေကို လျှော့ချ လိုက်ပြီး ဝင်ချင်သလို ဝင်ခွင့်ပြုပေးခဲ့တာကြောင့် မွေးမြူရေးလောကတစ်ခုလုံးကို ရိုက်ဖျက်ချိုး နေသလို ဖြစ်ခဲ့ရလို့ တာဝန်သိဆရာကြီးတွေရဲ့ ကြိုးစားတိုက်တွန်းမှုကြောင့် စံချိန်မီပြန်ဖြစ်ခဲ့ရပါတယ်။ ဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့တောင် တစ်ခုမကရှိသလို နောက်ထပ် မွေးမြူရေးတက္ကသိုလ်လည်း ဒီမြေနေရာတွေမှာ ထပ်ဖွင့်နိုင်ရန် အမှန်ပင်သင့်တော်ပါတယ်။

ခုဆိုရင် ကျောင်းဆင်းပြီးတဲ့ မွေးကုပညာရှင်ဟာ တစ်ပြည်လုံးမှာမှ (၅၀၀၀)ဝန်းကျင်သာ ရှိပြီး အားလုံးလည်း အလုပ်မဝင်နိုင်ခဲ့ကြပါဘူး။ MICA သိမ်းလိုက်တဲ့ အဲဒီနေရာတွေမှာ မွေးမြူရေး ဆေးပညာတွေ တိုးတက်ဖို့ ဘာတွေလုပ်သင့်တယ်ဆိုတာကို ဖော်ပြပါ ဆရာကြီးတွေအပြင် ပညာရှင် အများစုက သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးထံကို အကြံပြုချက်များ ပေးပို့ ခဲ့ဖူးပါတယ်။ အကြံပြုချက်များကတော့ New Generation Vet များအတွက် Training တွေ၊ Feild ဆင်းရန်နေရာတွေ၊ Small Animals Practice အတွက် Indoor Patient Hospital ၊ Large Animals Practice အတွက် ကျောင်းပိုင်ခြံများ၊ AI Center ၊ Live Stock and Nutrictional Research Center နဲ့ FARM တွေ၊ MVA, MVC Head Quater Building အပြင် နောက်ထပ် Veteniary Medical Institute, Library, Conference Hall နဲ့ တိရစ္ဆာန်ကူးစက်ရောဂါများအတွက် Central Disease Control (CDC) စတာတွေကို ဒီလိုနေရာတွေမှာ အကောင်အထည်ဖော်သင့် ပါတယ်။ သား၊ ငါး ဖူလုံဖို့၊ မွေးမြူရေး တိုးတက်ဖို့မလုပ်ဘဲ လူနည်းစုကောင်းစားမှုကိုပဲ ရှေးရှုပြီး Office Tower, Apartment, Resident, Hotel, Luxury, Condominium နဲ့ Shopping Mall စတာတွေကို မူလရည်ရွယ်ချက်နဲ့ သွေဖယ်ပြီး ဆောက်လုပ်ဖို့ ကြိုးစားခဲ့တဲ့ အထောက်အထားတွေကို အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှာ ရက်ပေါင်း (၂၅၆)ရက်တိတိ တာဝန်ထမ်းဆောင်ရစဥ် ၅-၁၂-၂၀၁၆ ရက်နေ့ နေ့စွဲနဲ့ တွေ့ရှိခဲ့ရတဲ့အပြင် အဲဒီလရဲ့ ၁၇ ရက်နေ့မှာပဲ ရန်ကုန်-အင်းစိန်-မင်းဓမ္မလမ်းတစ်ဝိုက်ရှိ ဌာနပိုင် Acid Lab အနီးက သိမ်း(၂၀၀၀)

ခန့်ကုန်ကျထားတဲ့ အဆောက်အဦကြီးကို လုပ်ငန်းရှင်တစ်ဦးက အသည်းအသန်ကြိုးစားနေကြောင်းကို ၂၂-၁၂-၂၀၁၆ ရက်နေ့မှာ ခိုင်လုံစွာ ကြားသိခဲ့ရပါတယ်။

MICA လုပ်ငန်းရည်ရွယ်ချက်ကတစ်မျိုး၊ အကောင်အထည်ဖော်တာက တခြားဖြစ်နေတဲ့ ဖော်ပြပါ ဆီဆိုင်တွေ၊ ဟိုတယ်တွေ၊ Shopping Center တွေလို စီမံမှုအမှားများကို ပုဂ္ဂိုလ်ရေး မပါဘဲ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုးသားစွာ ထောက်ပြလိုပါတယ်။ သက်ရှိထင်ရှားဖြစ်တဲ့ မွေး/ကု ပညာရှင်ကြီးတစ်ဦးက မြန်မာပြည်ရဲ့မွေးမြူရေးကဏ္ဍ အားနည်းနေတာဟာ အဓိကကျတဲ့နေရာတွေမှာ လူမှန်၊ နေရာမှန် မဖြစ်တဲ့အတွက် ထိုက်သင့်သလောက်မတိုးတက်ဘူးလို့ နေပြည်တော် မွေး/ကုဦးစီးဌာနရဲ့ DG ရုံးခန်းမှာ ပြောခဲ့ဖူးပါတယ်။ လုပ်ပိုင်ခွင့်ရှိသူက နီးစပ်ရာကို တာဝန်အကြီးတွေ ပေးခဲ့တဲ့ အမှားတွေကြောင့် မွေးမြူရေးကဏ္ဍတစ်ခုလုံး တော်တော်များများ နာလန်မထူ ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် ပညာရှင်များနဲ့သာ လုပ်ငန်းဆောင်ရွက်သင့်တဲ့ဌာနများ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အင်ဂျင်နီယာ စသည်တို့မှာ စီမံခန့်ခွဲရမယ့်သူများဟာ အတွေ့အကြုံနဲ့ လုပ်သက်ရင့်တဲ့ပညာရှင်များသာ ဖြစ်သင့်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အခွင့်ထူးခံ ဝန်ထမ်းအနည်းစုရဲ့ စီမံမှုအလွဲများအောက်မှာ အတွေ့အကြုံရင့်တဲ့ ပညာရှင်များအနေနဲ့ လုပ်ပိုင်ခွင့်မရှိခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ကြောင့် တက်ကြွစွာ လုပ်ဆောင်လိုစိတ်နဲ့ တီထွင်ကြံဆလိုစိတ်များဟာလည်း ရိုက်ချိုးခံရသလိုဖြစ်ပြီး ဌာနများရဲ့လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ ကျဆင်းလာကာ နိုင်ငံတော်အတွက် များစွာနစ်နာရပါတယ်။ တိုးတက်ချင်ရင်တော့ ပြောင်းလဲမှ ရပါမယ်။


ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ အမြင်နဲ့ပြောရရင် ရည်ရွယ်ချက် မှန်ကန်ရပါမယ်။ ပြည့်ဝတဲ့ ကျွမ်းကျင်မှုရှိပြီး အခွင့်အလမ်းတွေ၊ မက်လုံးတွေ ပေးထားရပါမယ်။ အရင်းအမြစ်လုံလောက်စွာနဲ့ အကောင်အထည်ဖော်မှု တည့်မတ်မယ် ဆိုရင်တော့ မှန်ကန်တဲ့၊ တိုးတက်တဲ့ပြောင်းလဲမှုကို ရပါမယ်။ အဲဒီလိုမှမဟုတ်ဘဲ ရည်ရွယ်ချက် မမှန်ကန်ဘူးဆိုရင်တော့ တွေဝေရောထွေးစွာ ပြောင်းလဲပါလိမ့်မယ်။ ပြည့်ဝတဲ့ကျွမ်းကျင်မှုမရှိရင် စိုးရိမ်ပူပန်စွာ ပြောင်းလဲပြီး အခွင့်အလမ်းမက်လုံးတွေ မရှိရင်လည်း နှေးကွေးစွာ ပြောင်းလဲပါလိမ့်မယ်။ အရင်းအမြစ်တွေ မလုံလောက်ရင်တော့ အဆင်မပြေစွာပြောင်းလဲပြီး အကောင်အထည်ဖော်မှု ချွတ်ချော်မယ်ဆိုရင် မှားယွင်းစွာ ပြောင်းလဲပါလိမ့်မယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး MICA အကြောင်း အခုပြောနေတာ။ MICA အကြောင်း တစ်ခုမှပါတာ သိပ်မတွေ့ရဘူး။ အခုဆွေးနွေးတာက MICA အကြောင်းဆွေးနွေးနေတာ။

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရကို မေတ္တာရပ်ခံလိုပါတယ်။ ပြောင်းလဲမှုကိုလိုလားတဲ့ ပြည်သူတွေ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ပြောင်းလဲသင့်တဲ့အကြောင်းအရာကို တင်ပြလို့ပြီးပါပြီ။ MICA နဲ့ပတ်သက်တဲ့ကိစ္စအဝဝကို ပွင့်လင်းမြင်သာစွာ စစ်ဆေးနိုင်ဖို့ ပိုင်ဆိုင်မှု ငွေကြေး၊ ရရန်/ပေးရန်များ၊ မြေ၊ စက်ရုံ၊ အဆောက်အအုံ၊ Ownership အရပ်ရပ်တို့ကို ဘယ်လောက်ဆောင်ရွက်ထားတယ်ဆိုတဲ့ ဖြေရှင်းချက် ကြိုတင်ပွင့်ရိုက်ထားတာတွေ အလုံးစုံ ဂဃနဏ သိနိုင်ဖို့ ကာလပေါက်ဈေးနဲ့ ညီ/မညီ တိုင်းပြည်ရဲ့ ဘဏ္ဍာနဲ့ ပတ်သက်ပြီး


လက်ခံ နိုင်ဖွယ်မရှိတဲ့ စုစုပေါင်း MICA ရဲ့ အကျိုးအမြတ် သိန်း(၂၀၀၀)ကျော်ပဲ ပြထားတာတွေကို ယုတ္တိရှိ/မရှိ စစ်ဆေးဖို့ကို MICA ကို ရပ်ဆိုင်းလုပ်လို့မပြီးသေးဘဲ ဆက်လက်စစ်ဆေးဖော်ထုတ်သင့်ပါကြောင်းနဲ့ ဖျားလို့ပဲသေသေ၊ အစားမှားလို့ပဲသေသေ၊ လူနာကို ဆေးရုံမှာဗိုက်ခွဲပြီး အဖြေမှန် စစ်ဆေးရသလို MICA ရဲ့ လွဲချော်မှုတွေကို စာရင်းစစ်ချုပ်အဖွဲ့အပြင် ဥပဒေပညာရှင်များ၊ ပြင်ပအကြံပေးနိုင်တဲ့ မွေးမြူရေးဆိုင်ရာပုဂ္ဂိုလ်များနဲ့ လွှတ်တော်နှစ်ရပ်ဆိုင်ရာ ကိုယ်စားလှယ်များ အစရှိတဲ့ သင့်တော်တဲ့ ဘုတ်အဖွဲ့ ဖွဲ့၍ စစ်ဆေးပေးပါရန်နဲ့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ စားနပ်ရိက္ခာ သား၊ ငါးကဏ္ဍ အစဥ်တစိုက် ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာအားကာမိုး ရဲ့ MICA ကို ဖျက်သိမ်း စစ်ဆေးဖော်ထုတ်ရေး အစီအစဥ်ကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် ဒေါက်တာခွန်ဝင်းသောင်းက နောက်ဆုံး ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မူလကျောင်းပိုင်မြေမှ ဌာနဆိုင်ရာနှင့် အခြားများသို့ ခွဲဝေမည်ဟု ယူဆရသော ဧရိယာများပြပုံ (စ)



| အရောင် | ဧကအကျယ် | အကြောင်းအရာ |
|---|---|---|
| ဝါ | ၃၂.၃၂၁ | ယခင်ကျောင်း/တက္ကသိုလ်ရုံးချုပ်၊ ရောဂါရှာဖွေရေးနှင့် အခြားမရွှေ့ပြောင်းနိုင်ပဲ ချန်လှပ်ဧရိယာ |
| ပြာ | ၈.၄ | အနုပညာဗဟိုဌာနသို့ လွှဲပြောင်းပေးလိုက်သည့် နေရာ၊ ယခုအဆောက်အဦး ဆောက်နေဆဲ |
| စိမ်း | ၉၄.၀၀၇ | MICA သို့လွှဲပြောင်းပေးလိုက်မည့် ဧရိယာ။ (၇၀% ခန့်) 4 |

လုပ်ဆောင်ရန်သင့်သော လုပ်ငန်းများနှင့် လုပ်ဆောင်ရန်မသင့်သော လုပ်ငန်းများနှိုင်းယှက်ချက်ပြပုံ (စ-၁)



1. New Generation Vet များအတွက် trainny /field ဆင်းစရာနေရာ
2. Small animal practice အတွက် indoor patient hospital
3. Large animal practice အတွက် ကျောင်းပိုင်ခြံများ
4. AI Centre (Artificial Insemination Centre)
5. Live stock & Nutritional research Centre and Farms
6. MVA-MVC Head Quarters Building
7. Veteninary Medical Institute for producine Doctor of Medicine lecture theaters, library, Conference Hall

စတာတွေကို အကောင်အထည်ဖော်သင့်ပါတယ်။

သား၊ ငါးဖူလုံဖို့ မွေးမြူရေးတိုးတက်ဖို့ကိုမလုပ်ပဲ လူနည်းစုကောင်းစားမှုကိုပဲ ရှေ့ရှုပြီး Office Tower, Apartment Residence, Hotel, Luxury, Condominium နဲ့ Shoping Mall စတာတွေကို မူလရည်ရွယ်ချက်တို့နဲ့

ရည်ရွယ်ချက်လွဲနေသော MICA အား အဖြေဖော်ထုတ်စစ်ဆေးသင့်သော အခြေအနေပြပုံ (စ-၂)



**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ နိုင်ငံတော်အကျိုးစီးပွားရှေးရှုပြီး တင်သွင်းတဲ့အဆိုနဲ့ ယင်းအဆိုအပေါ်မှာ အပြုသဘောဆောင် ဝိုင်းဝန်းဆွေးနွေးပေးတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ မိမိအနေနဲ့ ဝန်ကြီးဌာနရဲ့ လက်ရှိ MICA အပေါ်မှာ စီမံဆောင်ရွက်ထားမှုအခြေအနေလေးကို တင်ပြပါမယ်။ မည်သို့သောလုပ်ငန်းကိုမဆို ကောင်းမွန်သော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ လုပ်နည်းစနစ် (System)နဲ့ ယင်းကို အကောင်အထည်ဖော်ရမယ့် လုပ်ငန်းအစီအမံ (Mechanism) တွေ မှန်ကန်ဖို့လိုအပ်ပါတယ်။ MICA အဖွဲ့ရဲ့ အခြေအနေကိုပြန်ပြီးတော့ လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း အားလုံး ထောက်ပြဆွေးနွေးပြီး ဖြစ်ပါတယ်။ Japan International Cooperation Agency(JICA) Korea International Cooperation Agency (KOICA) ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံမှာရှိတဲ့ Thai Internation Cooperation Agency (TICA) ဆိုတဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့တွေရဲ့ ကျောထောက်နောက်ခံပြု ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပုံသဏ္ဍာန်မျိုး MICA ကို စိတ်ကူးပုံဖော်မှုအဖြစ် သုံးသပ်ရရှိပါတယ်။

လက်ရှိ ယင်းအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ လုပ်နည်းစနစ်ပေါ်မှာ မိမိတို့အစိုးရလက်ထက်မှာ ပြန်လည်သုံးသပ်ပြီးတော့ ဒီလုပ်ငန်းရဲ့ စွမ်းဆောင်ရည်အနေအထားနဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအပိုင်း အားနည်းချက်များ ရှိခဲ့တဲ့အတွက်ကြောင့်လည်းပဲ နိုင်ငံတော်သမ္မတရုံးကို ယင်းအဖွဲ့ကို ဖျက်သိမ်းပေးဖို့အတွက် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ဖျက်သိမ်းဖို့ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားဖို့ သဘောတူခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းရဲ့ ဖျက်သိမ်းမှုအတွက် Process အရ ဖျက်သိမ်းရာမှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်ဖို့အတွက်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေရေးရာရှုထောင့်မှ Legal Affair သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီးဖြစ်ပါတယ်။

ယင်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုသုံးသပ်ချက်များ(၆)ချက်ကို ဒီနေရာမှာ ကျွန်တော် တင်ပြပါမယ်။ (က) MICA ဟာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ ခုနှစ် အရ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မှတ်ပုံတင်ထားပါက ယင်းဥပဒေနဲ့အညီ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ (ခ) MICA အား မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ဖွဲ့စည်း တည်ထောင်ခဲ့သော်လည်းပဲ မှတ်ပုံတင်ထားခြင်းမရှိလို့ရှိရင် တရားဝင်အဖွဲ့အစည်းဖြစ်တယ်လို့ ယူဆနိုင်မည် မဟုတ်ပါ

သောကြောင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ ခုနှစ်နှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်မည် မဟုတ်ပါကြောင်း၊ (ဂ) သို့သော် MICA ဖွဲ့စည်းခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ ဖွဲ့စည်းခြင်း၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်သတ်မှတ်ခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့တဲ့အတွက်ကြောင့် MICA ဖျက်သိမ်းခြင်းနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက် ရရှိရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ (ဃ) MICA အား ဖျက်သိမ်းခြင်းမပြုမီ MICA မှ ချုပ်ဆိုဆောင်ရွက်ထားတဲ့စာချုပ်များနဲ့ စပ်လျဉ်းပြီး MICA နဲ့ ယင်းစာချုပ်များ ချုပ်ဆိုခဲ့တဲ့ကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အကြား ပေးရန်၊ ရရန်ကိစ္စများ ရှင်းလင်းပြီးဖြစ်ဖို့ လိုအပ်ပါကြောင်း၊ (င) ထို့အပြင် MICA အား ပြည်ထောင်စုအစိုးရအဖွဲ့က ဖျက်သိမ်းရန် သဘောတူခွင့်ပြုခဲ့ပါက MICA အား ဖျက်သိမ်းခြင်းမပြုမီ MICA က ချုပ်ဆိုခဲ့တဲ့စာချုပ်ပါ ယင်း၏တာဝန်နဲ့ ဝတ္တရားအားလုံးကို လွှဲပြောင်းလက်ခံမည့်ဌာနများသို့ လုပ်ငန်းတာဝန်နဲ့ဝတ္တရားများ လွှဲပြောင်းသည့်သဘောတူစာချုပ် Leave of Assignment များချုပ်ဆိုပြီး လွှဲပြောင်းရန်လိုအပ်မည်ဖြစ်ပါကြောင်းနဲ့ (စ) သက်ဆိုင်ရာဝန်ကြီးဌာနမှ MICA အား ဖွဲ့စည်းတည်ထောင်ပြီးတဲ့နောက်စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရေး၊ လုပ်ပိုင်ခွင့်အခွင့်အာဏာများ အပ်နှင်းခဲ့သည့်ကိစ္စများ ရှိခဲ့လျှင်လည်းအဆိုပါကိစ္စအား ရှင်းလင်းဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောထား ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ယင်းသဘောထားနဲ့အညီ MICA ကို ဖျက်သိမ်းနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် အဖွဲ့ဖျက်သိမ်းခြင်း၊ ခြံ၊ စက်ရုံ၊ မြေယာများကို သက်ဆိုင်ရာ ဦးစီးဌာနသို့ပြန်လည်လွှဲပြောင်းခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလို ဖျက်သိမ်းတဲ့ကိစ္စမှာလည်း ငွေကြေးစီမံခန့်ခွဲမှုအပိုင်း ရှင်းလင်းရန်အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အကြံဉာဏ်များရယူ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်၏ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၂း၁၀။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးမှ ပြန်လည်ပြီးတော့ ကျွန်မရဲ့အဆိုကို ရှင်းလင်းဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ထို့အတူပဲ ကျွန်မရဲ့အဆိုကို ထောက်ခံဆွေးနွေးပေးသွားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး (၁၄)ဦးကို အထူးပင် ကျေးဇူးတင်ကြောင်း ပြေကြားလိုပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်(၁၄)ဦးက ခက်ခက်ခဲခဲရယူထားတဲ့ စုံစမ်းရယူထားတဲ့ အချက်အလက်တွေနဲ့ MICA နဲ့ ပတ်သက်ပြီးတော့ ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားခဲ့ပေမယ့်လည်း ထပ်ဆင့်ပြီး ကျွန်မ အနည်းငယ် ရှင်းလင်း တင်ပြပေးချင်ပါတယ်။ ရှင်းလင်းတင်ပြခွင့်ပြုပါ။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွေကို MICA က လွှဲပြောင်းယူသွားပြီးတဲ့နောက်မှာ မှေးမှိန်ခဲ့ရတဲ့အတွက်ကြောင့်မို့လို့ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကို ကျွန်မအနေနဲ့ ပြန်လည်ပြီး တော့ မြှင့်တင်ပေးစေချင်ပါတယ်။ တစ်ဖက်ကလည်း ပြည်သူ့ဘဏ္ဍာ ပျောက်ဆုံးနေတာကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် ပြန်လည်ဖော်ထုတ်ပြီး ပြည်သူ့အကျိုး ပြန်လည်ရရှိစေချင်ပါတယ်။ အခု ဆိုရင် ပြောင်းလဲပြီးတော့ လုပ်ကိုင်သွားတဲ့ လုပ်ငန်းတွေကလည်း အခုအချိန်ထိ ပိုင်ဆိုင်မှုရှုပ်ထွေး နေပြီးတော့ အကျိုးအမြတ်တွေကိုလည်း မမျှော်မှန်းနိုင်လောက်အောင် ဆက်လက်လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ငါးလုပ်ငန်းဦးစီးဌာနပိုင် ကြို့ကုန်းမြေနေရာမှာ ဆီဆိုင် ဖြစ်နေတာတွေ၊ တညင်းကုန်း အစာစပ်စက်ရုံနားမှာ ဆီဆိုင်ဖြစ်နေတာတွေ၊ အဲဒီအပြင် ကြို့ကုန်း MICA Fish Market ကနေပြီးတော့ APM Fish Market ပြောင်းလဲသွားတာတွေ ဒီလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင် နေတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအပြင် ရွာသာကြီး ကြက်သားစက်ရုံနေရာမှာဆိုရင် ဆောက်လုပ်ဆဲ အိုးအိမ်၊ တိုက်တာအဆောက်အဦတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ တညင်းကုန်း အစာစပ်စက်ရုံမှာဆိုရင် Whole Sale Market က အခုအချိန်မှာ ရန်ကုန်တိုင်းစည်ပင်အဖွဲ့နဲ့ ပူးပေါင်းပြီး ရှယ်ယာရောင်းချမှုတွေ ရှိနေပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ယူမှာလား။ ဒါကိုပဲ ကျွန်တော်တို့ သဘောထားတောင်းဖို့ပြောတာ။

**နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ အဓိကအနေနဲ့ ကျွန်မပြောချင်တာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေ နဲ့ MICA ကို ရှင်းလင်း ဖျက်သိမ်း ဖော်ထုတ်ပေးဖို့နဲ့ နိုင်ငံတော်ရဲ့ မွေးမြူရေး၊ သား၊ ငါးကဏ္ဍတွေ ပြန်လည်ဦးဆောင်မြှင့်တင်ပေးဖို့ လိုအပ်တဲ့အတွက် အဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ကနေ ဆုံးဖြတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းတဲ့ နိုင်ငံတော်၏ သား၊ ငါး ကဏ္ဍ တိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ်ခြယ်လှယ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထား ကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၄၀)မဲ၊ ကန့်ကွက်မဲ(၅၀)မဲ၊ ကြားနေမဲ မရှိပါဘူး။

ထောက်ခံမဲများတဲ့အတွက် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၁၈ နာရီအချိန်တွင် ရပ်နားပါသည်။]